The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .18, NO . 29 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 23, 2018

# ဈေးကွက်ဝင်အမယ်အဖြစ် တိုက်တွန်းအားပေးသင့်သော ကော်ဖီစိုက်ပျိုးရေး

စာမျက်နှာ - ၈




## ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဒူးရင်းသီးများ စတင် တင်ပို့

စာမျက်နှာ - ၁၆



## 'တာငါးတာ'ဖြင့် တင်ပို့ကြပါစို့


စာမျက်နှာ - ၂၅

## ကုန်သွယ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သော လွယ်ဂျယ် နယ်စပ်ဒေသ ကုန်သွယ်မှု

စာမျက်နှာ - ၂၀

## ယခုတစ်ပတ် ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေ

စာမျက်နှာ - ၂၀





Coca-Cola နဲ့ MPT တို့ရဲ့တက်ကြွလန်းဆန်းမှုအပြည့်နဲ့
ငွေဖြည့်လက်ဆောင်
အဝါရောင်အဖုံးအောက်မှာ ကုတ်နံပါတ်ကိုရှာပြီး
MPT နံပါတ်
2626
ကို SMS ပို့လိုက်ပါ။
Coca-Cola | MPT
REFRESH & TOP UP PROMOTION YEAR 3
MPT မှချီးမြှင့်သော
ကျပ်သိန်းပေါင်း ၃သောင်း
နှင့်ညီမျှသောဆုမဲများ ရရှိနိုင်မည့်အခွင့်အရေး
ကျပ် ၂၀၀ မှ ကျပ်၁၀သိန်းအထိ
၂၀၁၈ မေလ ( ၁ ) ရက်နေ့မှ | ၂၀၁၈ ဩဂုတ် ( ၃၁ ) ရက်နေ့အထိ

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုကိစ္စများ အဆင်ပြေချောမွေ့စေရေး တွေ့ဆုံဆွေးနွေး




ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်သည် ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ရောက်ရှိပြီး ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ပြုလုပ်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် ကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ ဆန်စပါးကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် ကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ စားသုံးဆီကုန်စည်ဒိုင်မှ တာဝန်ရှိသူများက ရောင်းဝယ်မှုပုံစံ၊ အရောင်းအဝယ်ပြုလုပ်နေမှုစနစ်နှင့် အရောင်းအဝယ်ဖြစ်မှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကုန်စည်ဒိုင် အစည်းအဝေးခန်းမတွင် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရာ ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌက ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ရောင်းဝယ်မှုပြုလုပ်နေသည့် အခြေအနေများ၊ မော်တော်ယာဉ်နှင့် လူနေ့စဉ်အဝင်အထွက် ပြုလုပ်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ပတင်ပို့မှု တစ်ခုတည်းကိုသာ အဓိကထားပြီး ပြည်တွင်းစိုက်ပျိုးထွက်ရှိမှု၊ ရောင်းဝယ်တင်ပို့မှုများအပေါ် အလေးမထားပါက ဘောင်ကျဉ်းတဲ့သဘော သက်ရောက်မည်ဖြစ်ကြောင်း၊ ဒါကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းကုန်သွယ်မှုကိစ္စရပ်များကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအလိုက် အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ သီးနှံဇုန်များ၊ သီးနှံ အစုအဖွဲ့များ၊ ကျွဲ၊ နွား၊ ဆိတ်မွေးမြူရေးအသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ ဖွဲ့စည်းပေးခြင်း၊ ဖွဲ့စည်းပြီးသည်များကို ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ပါက ကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ရေးကို တစ်ဆက်တည်း ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင်လည်း ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ပေးရန် ဆိုသည့်အချက်ကိုထည့်သွင်းထားပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် မပြတ်ထိတွေ့ပြီး အခက်အခဲရှိသည်များကို ဖြေရှင်းပေးလျက်ရှိကြောင်း ဆွေးနွေးမှာကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ဘုရင့်နောင်ကုန်စည်ဒိုင်သည် နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသည့်အခြေအနေရှိကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ငွေကြေးလည်ပတ်မှုပမာဏသည် တစ်နိုင်ငံလုံး ငွေကြေးလည်ပတ်မှုပမာဏတွင် အချိုးအစားများစွာ ပါဝင်နေသည့် အခြေအနေရှိနေပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်သွင်းကုန်ကိုသာ အလေးထား၍ မရကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ် အစ၊ အဆုံးတစ်ခုလုံးကို အလေးဂရုပြုကြရန် လိုအပ်ကြောင်း၊ တောင်သူချမ်းသာမှ နိုင်ငံချမ်းသာမှာဖြစ်သလို ကုန်သည်ချမ်းသာမှ နိုင်ငံချမ်းသာမှာဖြစ်ပြီး စားသုံးသူတွေ အဆင်ပြေပြေ စားသောက်နေထိုင်နိုင်မှသာ နိုင်ငံစိတ်ချမ်းသာမှာ ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ စနစ်တကျစုစည်းဖွဲ့စည်းပြီး အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်မှသာ ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာနိုင်ပြီး၊ ကုန်သွယ်ရောင်းဝယ်မှုများ တိုးတက်လာမှာဖြစ်ကြောင်း၊ အရောင်းအဝယ်လုပ်ငန်းများ မှန်ကန်စေရေးကို ဂရုပြုဆောင်ရွက်သွားရန်လည်းလိုအပ်ကြောင်း ဆွေးနွေးမှာကြားပါသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် ဝန်ကြီးဌာနက ကူညီဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ၁၄း၃၀ နာရီတွင် တွေ့ဆုံဆွေးနွေးပွဲပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့

## Singapore Biennial Urban Sustainability Week ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

စင်ကာပူသမ္မတနိုင်ငံတွင် ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်မည့် Singapore Biennial Urban Sustainability Week သို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အတူ ဇူလိုင် ၇ ရက် နံနက် ၀၇:၃၀ နာရီတွင် ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်း UB-001 ဖြင့် စင်ကာပူနိုင်ငံသို့ထွက်ခွာခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်း ၁၂:၃၀ နာရီတွင် World Cities Summit ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ စင်ကာပူနိုင်ငံတွင် ၂၀၁၇ ခုနှစ်၌ ဖွင့်လှစ်ခဲ့သော Tampines Hub သို့သွားရောက်လေ့လာခဲ့သည်။ အဆိုပါ Tampines Hub ကို ၅ ဒသမ ၇ ဟက်တာ မြေနေရာတွင် ဆောက်လုပ်ရေးကုမ္ပဏီကြီး ၁၂ ခုက အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော် အကုန်အကျခံကာ အဆင့်မြင့်အိမ်ရာ အဆောက်အဦအဖြစ် ဆောက်လုပ်ထားပြီး လက်ရှိတွင် လူဦးရေ ၂၂၀၀၀၀ ဦးခန့်နေထိုင်လျက်ရှိကြသည်။ ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ရက် နံနက် ၀၉:၀၀ နာရီတွင် Sands Expo & Convention Center, Marina Bay Sands Hotel ၌ ကျင်းပသော Singapore Biennial Urban Sustainability Week (World Cities Summit, Singapore International Water Week, Clean Environment Summit) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Tharman Shanmugaratnam၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Ambassador-at-large Prof. Tommy Koh၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Ranil Wickremesinghe တို့က အဖွင့်အမှာစကား အသီးသီး ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတကာမှ မြို့တော်ဝန်များနှင့် ဒေသဆိုင်ရာဝန်ကြီးချုပ်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဆောက်လုပ်ရေး၊ မြို့ပြနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ စုစုပေါင်း ၃၀၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောဈေးတက်သော်လည်း ဆန်ကြမ်းဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ချောအချို့ဈေးတက်ပြီး ဆန်ကြမ်းအချို့ ဈေးအနည်းငယ်ကျကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်လျှင် ကျပ် ၄၃၀၀၀နဲ့ လတ်စတစ်အိတ်လျှင်ကျပ် ၄၀၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စတစ် အိတ်လျှင် ကျပ် ၄၆၀၀၀ နဲ့ လတ်စ တစ် အိတ်လျှင် ကျပ် ၄၄၀၀၀၊ ကျိုက်လတ် ပေါ်ဆန်း ထိပ်စတစ်အိတ်လျှင်ကျပ် ၄၂၀၀၀နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၄၁၀၀၀ ရှိပါတယ်။

ယခင်တစ်ပတ်ဈေးအတိုင်းငြိမ်နေပြီး ဈေးဆက်မတက်ကြောင်း သိရပါတယ်။ လူကြိုက်များတဲ့ ရွှေဘိုပေါ်ဆန်းကတော့ တစ်အိတ်ကို ကျပ် ၅၄၀၀၀ မှ ကျပ် ၅၆၀၀၀၊ ပေါ်ဆန်း(ရှယ်) တစ်အိတ်လျှင်ကျပ် ၄၁၅၀၀မှကျပ် ၄၃၀၀၀၊ ကျားပျံ(ရှယ်) တစ်အိတ်လျှင်ကျပ် ၄၄၀၀၀မှကျပ် ၄၆၀၀၀ ရှိကြောင်းနဲ့ တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။ ဆန်ချောက အဝယ်ပုံမှန်ရှိသော်လည်း အဝင်နည်းတဲ့အတွက် ဈေးတက်တာဖြစ်ကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။

ဆန်ကြမ်းအနေနဲ့ ဧည့်မထနဲ့ သီးထပ်ရှယ်အနည်းငယ်ဈေးကျကြောင်းနဲ့ကျန်အမျိုးအစားများ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ဧည့်မထ ၂၅ မှတ် တစ်အိတ်လျှင်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၀၈၀၀ ရှိပြီး သီးထပ်(ရှယ်)တစ်အိတ်လျှင် ကျပ် ၂၂၅၀၀ မှ ၂၂၇၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၃၀၀ ခန့် ဈေးကျကြောင်း သိရပါတယ်။ အခြားဆန်ကြမ်းများဖြစ်တဲ့ မိုးသုခ တစ်အိတ်လျှင် ကျပ် ၂၄၅၀၀ မှကျပ် ၂၆၀၀၀၊ အကြမ်း(ရှယ်) တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၃၀၀၀၊ ရက် ၉၀ ဆန် တစ်အိတ်လျှင်ကျပ် ၂၃၅၀၀ မှကျပ် ၂၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဆန်ကြမ်းက အရောင်းအဝယ်အေးတဲ့အတွက် ဈေးပြန်ကျသွားတာဖြစ်တယ်လို့ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်တွင် ဇူလိုင်လအတွင်း ဧည့်မထစပါး/ဆန်ဈေး အနည်းငယ်မြင့်တက်

ပုသိမ်မြို့နယ် ဆန်/စပါးဈေးကွက်တွင် ဇူလိုင်လအတွင်း ဧည့်မထစပါး/ဆန်ဈေးအနည်းငယ်မြင့်တက်၍ ပေါ်ဆန်းစပါး/ဆန်ဈေးနှုန်း ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင် တင်း ၁၀၀ ကို တစ်ဆယ့်သုံးသိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၄၅၀၀၀ မှ ၄၆၀၀၀၊ ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင်တင်း ၁၀၀ ကို တစ်ဆယ့်တစ်သိန်း၊ တစ်ဆယ့်နှစ်သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၄၃၀၀၀ မှ ၄၄၀၀၀ ဈေးဖြင့် ဈေးကွက်တွင် ပုံမှန်ရောင်းဝယ်လျက်ရှိပြီး နွေသီးထပ်ရင်နှင့်စပါးပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ် ၆၀၀၀၀၀ ဝန်းကျင်မှ ယခုကျပ် ၆၅၀၀၀၀ ခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၂၃၀၀၀ မှ ကျပ် ၂၃၅၀၀၊ မိုးဧည့်မထ မနောသုခ၊ မျိုးပွားပေါင် ၁၀၀ တင်း ၁၀၀ကိုကျပ်၇၀၀၀၀၀ ဝန်းကျင်မှ ကျပ် ၇၂၀၀၀၀ ခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၂၆၀၀၀ မှ ကျပ် ၂၆၅၀၀ ခန့်ဈေးနှုန်းမြင့်တက်မှုရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။



စပါးဈေးကွက်မှာ စပါးအကောင်း၊ အသင့်ပေါ်မူတည်ကာ ဈေးနှုန်းပြောင်းလဲမှုရှိ၍ ယခုနှစ်စပါးပေါ်ချိန်မှာ တောင်သူများဈေးကောင်းရသည့်အတွက် တွက်ချေကိုက်မှုရှိပြီး ဒေသတွင်းစပါးလက်ကျန်မှာ ယခင်ထက်လျော့နည်းလျက်ရှိကာ ကုန်သည်၊ စက်ပိုင်၊ လက်ကြီးသမားများထံတွင်သာ စပါးများရှိပြီး ဝယ်လိုအားပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲတတ်ကြောင်း ယခုအချိန် လက်ကားဈေးကွက်ထက် လက်လီရောင်းချမှု ပို၍များကြောင်း စက်ပိုင်၊ စပါးကုန်သည်များထံမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# မိုးစပါးနှင့်ဆန်ဈေး ဒေသတွင်းဝယ်လက်နည်းနေ၍ ဈေးအေး

မိုးစပါးနှင့်ဆန်ဈေးမှာ ဝယ်လက်နည်းနေ၍ ဒေသတွင်း၌ ဈေးအေးလျက်ရှိပါသည်။ မတ်ပဲနှင့် ပဲတီစိမ်းမှာလည်း ပြည်ပသို့အနည်းငယ်သာ တင်ပို့နိုင်သဖြင့် ကုန်စည်ဒိုင် ဈေးကွက်အနေအထားအရ ဝယ်ယူမှုအားနည်း၍ ဒေသတွင်း၌ ဈေးနှုန်းအတက်အကျ မညီတာကိုလည်း တွေ့ရှိရပါသည်။ ဒေသထွက်သီးနှံများဖြစ်သော ပြောင်းဖူးဈေးကွက် အနေအထားအရ ယခင်တစ်ပတ်က ပြောင်းဖူး ၁၀၀ လျှင် ကျပ် ၁၀၀၀၀ ဖြစ်ပြီး ယခုတစ်ပတ်တွင်ကျပ် ၇၀၀၀ သို့ ကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ပြောင်းဈေးကျရခြင်းမှာ ပြောင်းသီးနှံများဒေသအများမှ ထွက်ပေါ်လာသည့်အတွက် ပြောင်းဈေးကျဆင်းသွားသည်ဟု လေ့လာစုံစမ်းသိရှိရပါသည်။

**ကျော်ကျော်(တောင်ငူ)**

# နယ်စပ်မှဆန်တင်ပို့မှုလျော့ကျပြီး ရေလမ်းမှပိုမိုတင်ပို့

မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၂ သန်းတန်ဖိုးရှိ ဆန် ၂၂၄၄၃ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မြန်မာ-တရုတ် နယ်စပ်မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန်တန်ချိန် ၂၂၀၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၇ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၇၅ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၂၁တန်တင်ပို့ခဲ့ပါတယ်။ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်က ဆန် ၂၅၂၅၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၈၁၁ တန်တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် မူဆယ်နဲ့လွယ်ဂျယ်မှအမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၉၂ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၆၆၉ တန်နဲ့လွယ်ဂျယ်မှ ၂၃တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၄၀၄ သန်းတန်ဖိုးရှိဆန် ၃၄၂၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ အီးယူနိုင်ငံများသို့ အများဆုံး တင်ပို့ခဲ့ပြီး ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၂၉၇၄ တန် တင်ပို့ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်နဲ့ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၆ တန်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်ရေကြောင်းမှ ဆန်တင်ပို့မှုစုစုပေါင်းသည် ယခင်တစ်ပတ် ဆန်တင်ပို့မှုထက် ၇၆၂ တန်ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ယခုတစ်ပတ်မှာ ဆန်ပိုမိုတင်ပို့နိုင်သော်လည်း ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့တာတွေ့ရပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၇ သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၄၂၅ တန်ကို တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၅၃၀၀ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု တန်ချိန် ၁၂၀၀ လျော့ကျခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၀-၇-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၄ | ၃၇၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၄ | ၃၇၅ | △ | ၄၀၂ | ၃၇၅ | ▽ | ၄၁၀ | ၄၁၅ | △ | ၄၀၃ | ၃၉၈ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၂ | ၃၇၃ | △ | ၃၉၇ | ၃၇၀ | ▽ | - | - | - | ၃၉၈ | ၃၉၃ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၀ | ၃၆၉ | ▽ | ၃၉၅ | ၃၇၅ | ▽ | - | - | - | ၃၉၃ | ၃၈၈ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၃ | ၃၅၉ | ▽ | ၃၈၀ | ၃၆၅ | ▽ | ၃၉၀ | ၃၉၀ | □ | ၃၆၃ | ၃၅၉ | ▽ |
| ပေါင်းဆန် | ၃၉၈ | ၃၉၇ | ▽ | - | - | - | ၃၈၃ | ၃၈၈ | △ | ၄၈၈ | ၄၈၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၀-၇-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၂၅၀၀ | □ | ၉၂၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၆၅၀၀ | □ | ၁၀၅၀၀ | □ | ၄၄၀၀၀ | □ |
| ပဲခူး | ၆၆၀၀ | □ | ၂၇၀၀၀ | □ | ၉၀၀၀ | □ | ၃၉၀၀၀ | □ |
| ရွှေဘို | ၅၂၀၀ | □ | ၂၂၀၀၀ | □ | ၁၄၀၀၀ | □ | ၄၇၀၀၀ | □ |
| စစ်တွေ | ၅၆၅၀ | △ | ၂၄၀၀၀ | □ | ၈၅၀၀ | ▽ | ၃၈၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၃၀၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၁၀၀ | □ | ၂၂၈၀၀ | □ | - | - | ၃၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| မကွေး | ၈၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၉၈၀၀ | □ | ၄၄၀၀၀ | □ |
| လှိုင်ကော် | ၇၆၇၀ | ▽ | ၃၆၀၀၀ | △ | - | - | ၅၈၀၀၀ | □ |
| မြိတ် | ၆၅၀၀ | △ | ၂၆၅၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ဘားအံ | ၆၄၀၀ | △ | ၂၇၀၀၀ | △ | - | - | ၄၇၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၆-၇-၂၀၁၈ မှ ၂၀-၇-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 934 | 52,794,072.784 |
| 2 | Form D | 130 | 2,989,270.850 |
| 3 | Form E | 66 | 1,409,691.032 |
| 4 | Korea GSP | 6 | 250,760.130 |
| 5 | Form AK | 107 | 4,938,081.170 |
| 6 | Form AJ | 7 | 401,467.180 |
| 7 | Form AI | 125 | 4,430,809.617 |
| 8 | Form AANZ | 9 | 88,800.790 |
| 9 | Form DFTP | 1 | 155,232,000 |
| 10 | Form CHINA | 1 | 46,594.000 |
| **Grand Total** | | **1386** | **67,504,779.55** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၇-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၃/၇ | ၂၀/၇ | ပြောင်းလဲမှု | ၁၃/၇ | ၂၀/၇ | ပြောင်းလဲမှု | ၁၃/၇ | ၂၀/၇ | ပြောင်းလဲမှု | ၁၃/၇ | ၂၀/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၀၅ | ၇၁၂ | ▲ | ၇၀၀ | ၆၉၂ | ▼ | ၆၅၀ | ၆၅၀ | ■ | ၇၁၀ | ၇၁၀ | ■ |
| ပဲစင်းငုံ | ၇၆၇ | ၈၀၅ | ▲ | ၆၄၂ | ၆၈၃ | ▲ | ၆၃၅ | ၆၅၀ | ▲ | ၆၆၅ | ၆၆၅ | ■ |
| ပဲတီစိမ်း | ၁၃၃၀ | ၁၅၆၅ | ▲ | ၁၇၉၆ | ၁၈၁၃ | ▲ | ၁၄၂၁ | ၁၄၂၁ | ■ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၃၅၀ | ၁၃၅၀ | ■ | ၁၀၄၈ | ၁၁၇၀ | ▲ | ၁၀၁၁ | ၁၁၀၄ | ▲ | ၁၀၆၀ | ၁၀၆၀ | ■ |
| ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၅၀ | ▲ | ၁၂၅၀ | ၁၂၅၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၀၀၀ | ၁၀၀၀ | ■ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၃၆၄ | ၂၅၇၈ | ▲ | ၁၉၄၇ | ၁၉၄၇ | ■ | ၂၀၂၅ | ၂၀၂၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၇.၇.၁၈)ထိ | ယခုတစ်ပတ် (၁၄.၇.၁၈)ထိ | (၁.၁.၁၈) မှ (၁၄.၇.၁၈) ထိ |
| မတ်ပဲ | ၁၆၆၄၀၃ | ၁၉၄၀၉ | ၁၈၅၈၁၂ |
| ပဲတီစိမ်း | ၇၁၉၉၈ | ၁၇၈၂ | ၇၃၇၈၀ |
| ပဲစင်းငုံ | ၆၈၄၁၆ | ၇၆၁၁ | ၇၆၀၂၇ |
| ကုလားပဲ | ၂၄၈၈၆ | ၁၂၁ | ၂၅၀၀၇ |
| ပဲလွန်းဖြူ | ၁၉၁၀၆ | ၂၃၀ | ၁၉၃၃၆ |
| မြေထောက်ပဲ | ၈၂၂၇ | ၁၄၄ | ၈၃၇၁ |

## ပြည်ပဲကြီးသီးနှံဈေးကောင်းရပြီး ပုံမှန်ရောင်းဝယ်မှုဖြစ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဈေးကောင်းရနေတဲ့ ပဲသီးနှံထဲမှာ ပဲကြီးသီးနှံပါဝင်နေပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိနေပါတယ်။ ပဲဝင်ရောက်မှုရှိခဲ့သလို ပဲလက်ကျန်များလည်းရှိခဲ့တဲ့အတွက် ဝယ်လိုအားရှိ သလောက် ရောင်းချနိုင်မှုရှိခဲ့တဲ့သီးနှံဖြစ်ခဲ့ပါတယ်။ ပဲကြော်ဖို လုပ်ငန်းသမားများ အဓိကထားဝယ်ယူကြပြီး တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ကျော်အထိ အရောင်းအဝယ် ဖြစ်ခဲ့ကြကာ ပဲဈေးအနေဖြင့်(ရွှေကျွန်း) တစ်တင်း ကျပ် ၃၆၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၂၀၀၀ တို့ဖြင့် လဆန်းရက်က ဈေးအတိုင်း ဈေးငြိမ်ရောင်းဝယ်နေခဲ့ကြတာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲကြီးသီးနှံဈေးဟာ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့တဲ့သီးနှံဖြစ်ခဲ့ပြီး ယခုနှစ်မှာတော့ ပဲနီပြား၊ ထောပတ်ပဲသီးနှံများကလည်း ဈေးကောင်းလာပြီး ပဲကြီးသီးနှံနှင့်ဈေးပြိုင်လိုလိုရရှိခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ကုလားပဲသီးနှံဈေးအနည်းငယ်ပိုလာပြီး အရောင်းအဝယ်သွက်

ဇူလိုင်လလယ် ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံဝင်ရောက်မှုအနေဖြင့် နေ့စဉ်အဝင်မရှိဘဲ တစ်ခါတစ်ရံအိတ် ၁၅၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ လက်ကျန်ပဲများလည်းရှိခဲ့တာကြောင့် ခွဲစက်သမားပုံမှန်ဝယ်ယူမှုအပေါ် တစ်ရက်အိတ် ၃၀၀ မှ ၄၀၀ ကျော်အထိ ရောင်းချမှုရှိခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုရတာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံဈေးမှာ ယခုနှစ်အတွင်း မတ်ပဲ၊ ပဲစင်းငုံသီးနှံများနှင့် ယှဉ်လျှင် ဈေးပိုရနေသော်လည်း ကျန်ပဲများနှင့်ယှဉ်လျှင်တော့ ဈေးလျော့နည်းနေခဲ့ပေမယ့် ဈေးကွက်မှာအရောင်းအဝယ်သွက်နေတဲ့ ပဲသီးနှံဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ် စတင်ဝင်ရောက်လာ

ဇူလိုင်လလယ် ယခုတစ်ပတ်မှာ ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ်အနည်းငယ်စတင်ဝင်ရောက်လာခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း တစ်အိတ်စ၊ နှစ်အိတ်စ အိတ်အနည်းငယ်သာဝင်ရောက်နေတဲ့အတွက် အရောင်းအဝယ်မဖြစ်ကြသေးဘဲ ပဲတီစိမ်းသစ်တစ်တင်းကျပ် ၂၈၀၀၀ ဖြင့်ဈေးစဖွင့်ခဲ့တယ်လို့ သိရတာကြောင့် ပဲတီစိမ်းသီးနှံကတော့ ပဲသစ်ဈေးမှာကတည်းက မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရနေခဲ့ကြောင်း သိရပါတယ်။

ယခင်နှစ်က ပဲတီစိမ်းသစ်မှာ ဩဂုတ် လမှစတင်ဝင်ရောက်ခဲ့ပြီး ပဲသစ်ပေါ်စအချိန် ပဲတစ်တင်းကျပ်သုံးသောင်းအထက် ဈေးဖွင့်ဝယ်ယူခဲ့ကြလို့ ယခုနှစ်မှာ ပဲသစ်အဝင်စောလာပေမယ့် ယခင်နှစ်ဈေးနှုန်းကိုတော့မမီဘူးလို့သိရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်၌ ဈေးတက်လျက်ရှိသည့် ပဲစင်းငုံနီနှင့် ကုလားပဲ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီ(အဟောင်း) ဈေးအနည်းငယ် တက်လျက်ရှိပြီး တစ်တင်းလျှင် ကျပ်၁၅၁၀၀ ဖြင့် အိတ် ၁၅၀ ခန့်၊ ကုလာပဲဈေးနှုန်းများမှာလည်း တရိပ်ရိပ် တက်လျက်ရှိပြီး ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ V6 တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဖြင့် အိတ် ၅၀ ခန့်ဝင်ရောက်ခဲ့ပြီး ကျပ် ၂၀၀၀ ခန့်ဈေးတက်လျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်သို့ ပဲတီစိမ်း(သေး)စတင် ဝင်ရောက်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၃၀၅၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပဲတီစိမ်းကြီးမှာ တဖြည်းဖြည်း ဈေးကျဆင်းလျက်ရှိပြီး ပြည်ပမှဝယ်လိုအား နည်းလာကာ အရည် အသွေးကိုလိုက်၍ ကျပ် ၃၅၀၀၀ ထိရှိခဲ့ရာမှ ယခု တစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၂၀၀၀၀ မှ ၂၈၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

စွန်တာနီ (ကျွန်း) တစ်တင်းလျှင် ကျပ် ၂၀၂၀၀ ဖြင့် အိတ် ၅၀ ခန့် ၊ဒေသထွက် ဖြစ်သောပဲလွန်းပြာ (ကြယ်ပြာ) တစ်တင်းလျှင် ကျပ် ၁၄၇၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့ (CP)မှာ ပြည်ပအဆွဲရှိပြီး ဒေသ တွင်းမှလည်း တိရစ္ဆာန်စာအဖြစ် သုံးစွဲမှုရှိ၍ တစ်တင်းလျှင် ကျပ် ၉၉၀၀ ဖြင့် အိတ် ၅၀ ခန့် ၊နှမ်းနက်(ဂွ)မှာလည်းဈေး ကောင်းရရှိနေပြီး တစ်တင်းလျှင် ကျပ် ၄၁၃၀၀ ဖြင့် အိတ် ၃၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ဈေးနှုန်းအတက်အကျမရှိဘဲ ဈေးအေးနေတဲ့မတ်ပဲ

သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် အဓိကအရောင်းအဝယ်ဖြစ်တဲ့ မတ်ပဲသီးနှံသည် ယခင်နှစ်အတွင်း ဈေးနှုန်းများမှာကျပ် ၂၁၀၀၀ ခန့်မှ ကျပ် ၂၄၀၀၀ ထိ ဈေးရရှိခဲ့ပါတယ်။ ယခုနှစ်အတွင်းမှာတော့ ဇွန်လမှစတင်၍ မတ်ပဲဈေးနှုန်းများ ကျဆင်းလာပြီး ယခုလ ဇူလိုင်လဒုတိယပတ်အတွင်းမှာလည်း ဈေးနှုန်းမှာအေးလျက်ရှိကာ ကျပ် ၁၄၀၀၀ ခန့်မှ အမြင့်ဆုံးကျပ် ၁၄၂၀၀ထိသာရှိပြီး ပြည်ပဝယ်လိုအားနည်းနေခြင်းကြောင့် ဈေးအေးနေသည်ဟု လေ့လာသိရှိရပါသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

## ပြည်မတ်ပဲဈေးအေးသလို အရောင်းအဝယ်လည်းအေး

ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇူလိုင်လလယ်အတွင်း ပဲလက်ကျန်အဟောင်းများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ မတ်ပဲသီးနှံမှာလည်း တစ်ရက်အိတ် ၁၅၀ မှ ၂၀၀ ကျော်ဝင် ရောက်ခဲ့တာကို တွေ့ရပါတယ်။ လှောင်ပဲလက်ကျန်များရှိခဲ့ပေမယ့် ပဲဈေးနှုန်း အေးနေတဲ့အတွက် အရောင်းအဝယ်ဖြစ်မှုအေးတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ခန့်သာ ရန်ကုန်ဝယ်လက်ဝယ်ယူမှုအပေါ် ရောင်းချနေကြရပြီး တချို့လှောင်သမားများကလည်း ပဲဈေး မကောင်းသည့်အတွက် ထုတ်ရောင်းချမှုမရှိကြဘဲ ဆက်လက်သိုလှောင်ထားရှိနေတာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံ၏ ဇူလိုင်လအတွင်းပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၁၄၄၀၀ ခန့်သာရရှိလို့ ပြည်တွင်းဝယ်လက်ပဲများကဈေး အနိမ့်သာဆက်ရနေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူ လက်လီရောင်းဝယ်မှုသာဖြစ်ပြီး ဈေးငြိမ်နေခဲ့

ယခုတစ်ပတ် ပြည်ပဲဈေးကွက်အတွင်း လက်လီရောင်းဝယ်မှုရှိတဲ့ပဲများထဲမှာ ပဲလွန်းဖြူသီးနှံပါဝင်နေပြီး တစ်ရက် အိတ် ၂၀ မှ ၃၀ ကျော် ရောင်းဝယ်မှုဖြစ်နေခဲ့တာတွေ့ရပါတယ်။ ပဲဝင်ရောက်မှုမရှိတော့ပေမယ့် လက်ကျန်ပဲအချို့ ရှိခဲ့ကြတဲ့အတွက် လက်လီသမားများဖြင့် နေ့စဉ်ရောင်းဝယ်နေခဲ့ကြရကာ တစ်တင်းကျပ် ၂၀၀၀၀ မှ ကျပ် ၂၂၀၀၀ အတွင်း ယခင်တစ်ပတ်က ဈေးအတိုင်း ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်ရောင်းဝယ်မှုဖြစ်နေခဲ့ကြပါတယ်။ လက်လီ ပဲသီးနှံများ ယခုနှစ်အတွင်း ဈေးကောင်းရခဲ့ကြသော်လည်း ပဲလွန်းဖြူသီးနှံအနေဖြင့် ဈေးကောင်းရတဲ့အထဲမပါဝင်ဘဲ ယခုနှစ်တွင် ဈေးအေးခဲ့ကာ ဘိုကိတ်ပဲသီးနှံထက်တော့ ဈေးပိုရခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

## မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တွင် ပန်းနှမ်းဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တွင် ပန်းနှမ်းဈေးမြင့်တက်ခဲ့ကြောင်းသိရသည်။

"ဒီတစ်ပတ်တော့ ပန်းနှမ်းဈေးကွက်မှာ ပွဲစားတွေ ဆိုင်ကယ်နှင့်ဝယ်နေရာက ယခုကားတွေနှင့်ရွာထဲဆင်း ဝယ်နေတာတွေ့ရတယ်။ ပန်းနှမ်းတွေက ကိုင်းမြေစိုက်တဲ့ နှမ်းတွေ၊ ဧပြီလက အသစ်ပေါ်ပြီး တစ်ပိဿာ ကျပ် ၂၀၀၀ ရှိတော့ရှုံးတယ်။ မရောင်းဘူးလှောင်ထားကြရင်းနှင့် ဇူလိုင် ၁၃ ရက်မှာပန်းနှမ်းတစ်ပိဿာကျပ် ၂၇၀၀ ရောင်းနေရာ က ယနေ့မှာ ကျပ် ၃၇၀၀ ရောင်းရတယ်။ ဈေးအရမ်းတက်တယ်"ဟုရေနံချောင်းမြို့နယ်ပေတောကျေးရွာက တောင်သူ အမျိုးသားတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်ရှိသံကိုင်းရွာ၊ ကျောင်းစုရွာ၊ ပေါက်ကုန်းရွာ၊ ကံလှရွာ၊ ဇီးကျွန်းရွာ၊ လေးအိမ်ရွာ၊ ငါးခြောက်ကျွန်းရွာ၊ နန်းတော်ကျွန်းရွာအပြင် ရေနံချောင်းမြို့နယ်ရှိ ကျေးရွာ၃၅ ရွာတွင် ဆောင်းသီးနှံအဖြစ်ပန်းနှမ်းကို စိုက်ပျိုးကြကြောင်းသိရသည်။

"အဓိကကတော့ တရုတ်ကလည်း ဝယ်တယ်။ ပြည်တွင်းက ပရဆေးကုန်ကြမ်းအဖြစ်ဝယ်တယ်။ ဆီစက်ကတော့ ပန်းနှမ်းကိုဈေးမြင့်တော့မဝယ်ဘူး။ ဘာလို့လဲဆိုတော့ နှမ်းဆီတစ်ပိဿာကျပ် ၄၀၀၀ ပဲရှိတယ်။ နှမ်းတစ်ပိဿာကျပ် ၃၇၀၀ နှင့်ဝယ်ကြိတ်ရင် ရှုံးတာပေါ့။ မဝယ်ဘူး။ အိပ်စပို့အတွက် ဝယ်ကြတာပါ။ လက်ရှိကတော့ ပန်းနှမ်းဈေးမြင့်နေတယ်"ဟု ရေနံချောင်းမြို့နယ်က ပွဲစားတစ်ဦးက ပြောသည်။

ပန်းနှမ်းဆီကိုတိုင်းရင်းဆေးများတွင် လိမ်းဆေးလူးဆေးအဖြစ်လည်း သုံးပြီး အခြားဆေးဘက်ဝင်အဖြစ် စားသုံးကြသည့်အပြင် တရုတ်နိုင်ငံကလည်း ဝယ်ယူနေကြောင်း သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

# ထာဝရကုသိုလ်နှင့်အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း

**ထွန်းမြင့်ထွန်း**

မိုးကလေးတစ်ပြိုက်နှစ်ပြိုက်ရွာသွန်းလိုက်သည်နှင့် မြူမှုန်ကင်း၍ သန့်ရှင်းလတ်ဆတ်သော မြေသင်းရနံ့သင်းပျံ့ပျံ့က နှာခေါင်းဝသို့ တိုးဝှေ့ဝင်ရောက်လာခဲ့သည်။ သစ်ပင်သစ်ရွက်တို့သည်လည်း မိုးရေမိုးစက်တို့၏ ပွတ်တိုက်ကြည်စယ်မှုကြောင့် စိမ်းစိုလန်းဆန်းလာသည်။ နွေအပူ၏ ဒဏ်မှ သက်သာလာပြီး ပိတောက်၊ စိန်ပန်းနှင့် ပန်းမျိုးစုံတို့က ဝါတစ်ချို့၊ နီတစ်ထွေ၊ ပြာတလဲ့ အမျိုးမျိုးအဖုံဖုံဖြင့် နည်းမျိုးစုံနှင့် ပတ်ဝန်းကျင်လောကကို အလှဆင်နေသည်မှာ သာယာကြည်နူးဖွယ်ကောင်းသော မိုးဦးကာလ၏အလှကို ပန်းချီကားတစ်ချပ်သဖွယ် အစွမ်းကုန်ခြယ်သ၍ လှပနေတော့သည်။

မိုးဦး၊လေဦး လှိုင်းလေမြူးတော့ အဟိ တိရစ္ဆာန်တွေတောင်မှ ချည်တိုင်ဟောင်းကို လွမ်းတတ်သတဲ့။ ကျွန်တော်လည်း ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ထင်းကုန်းရွာလေးကို မိုးဦးကာလ ဟိုးတုန်းက မြင်ကွင်းလေးကို လွမ်းဆွတ်သတိရနေမိပါတယ်။ သစ်ပင်၊ ဥယျာဉ်ပန်းမန်ပျိုးခြင်းကို မိဘ၊ ဘိုးဘွားအစဉ်အဆက်က စိုက်ပျိုးလုပ်ကိုင်လာခဲ့၍လားမသိ ဘမျိုးဘိုးတူဆိုသလို သစ်ပင်ပန်းပင်စိုက်ခြင်းဝါသနာ အထုံပါခဲ့သည် ထင်၏။

ကျွန်တော်တို့ ဝန်ထမ်းတိုက်များ ပတ်လည်ရှိ မြေလွတ်များ၌ အားလပ်ချိန်များတွင် တစ်ပိုင်တစ်နိုင် တတ်နိုင်သလောက် သီးပင်စားပင်များ စိုက်ပျိုးခဲ့ပါသည်။ တစ်နေ့ ကျွန်တော့်စိုက်ခင်း၏ ခြံစည်းရိုးနံဘေးတွင် သစ်ပင်လေးများ စိုက်ပျိုးနေစဉ်ခပ်ရွယ်ရွယ် မိန်းကလေးတစ်ဦး ရောက်လာပြီး "ဦးလေးကြီး သစ်ပင်တွေဒီလောက် စိုက်ပျိုးနေတာ စားကောစားရအုံးမှာလား သစ်ပင်တွေအများကြီးပဲနော်"တဲ့ ကျွန်တော့်ခေါင်းပေါ်က ဆံပင်ဖြူလေးတွေကိုပွတ်သပ်ရင်း ကြားလိုက်ရတဲ့ ချီးကျူးစကားအတွက် စိတ်မကောင်းဖြစ်မိသည်။ လူတွေသည် ကိုယ့်အတွက်ခံစားခွင့် အကျိုးမရှိသော မည်သည့်အလုပ်ကိုမျှ စိတ်မဝင်စား၊ အကျိုးကိုမျှော်၍ လုပ်ကြလေသည်။ ဝန်ထမ်းဆိုလျှင် အများပြည်သူအကျိုးသယ်ပိုးရသည်ဖြစ်၍ အရာရာကို စေတနာတရားနှင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အရာအားလုံးအတွက် မည်သည့်အရာကို လုပ်သည်ဖြစ်စေ စေတနာ မေတ္တာတရား ကို ရှေ့ထားဆောင်ရွက်ပါက ငြိမ်းချမ်းသာယာ၍ ကောင်းမှုပြုချေမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ကျွန်တော့်အတွက် အကျိုးမျှော်လင့်ချက်မရှိတော့သော်လည်း ကျွန်တော်ဘဝနှင့် အများကောင်းကျိုးအတွက် တစ်ထောင့် တစ်နေရာမှ အကျိုးရှိနေမည်ဆိုသည်ကို ယုံကြည်နေပါသည်။

သူ့ကို ပြောပြလိုက်ချင်တာကတော့ သစ်ပင်စိုက်ခြင်းအကျိုးကျေးဇူးတွေပဲဖြစ်ပါသည်။ ယနေ့ ဌာနတိုင်းက မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးကို တွန်းအားပေးကြပ်မတ်ဆောင်ရွက်နေသလို လိုအပ်သည့် မျိုးစေ့၊ မျိုးပင်၊ မြေသြဇာနှင့် အခြား လိုအပ်ချက်တွေကို ဖြည့်ဆည်းထောက်ပံ့ ပေးခဲ့ကြပါသည်။ အထက်လူကြီးတို့၏စေတနာမေတ္တာတရားတို့သည် မိမိတို့အတွက် လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာကို တွန်းထိုး ပို့ဆောင်နေကြခြင်းပင်ဖြစ်ပါသည်။ တကယ်တော့ ကျွန်တော်တို့ဝန်ထမ်းတွေသည်ရုံးဖွင့်သည့်နေ့များတွင် နံနက်မှ ညနေပိုင်းချိန်ထိ နိစ္စဓူဝ အအေးခန်းများတွင် ရုံးကိစ္စဝိစ္စများကို တစ်ထိုင်တည်းထိုင် ၍ ချွေးမထွက်ဘဲ တစ်ကုတ်ကုတ်လုပ်ခဲ့ကြသည်။ ဒီအတွက် သစ်ပင်စိုက်ပျိုးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုက ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါသည်။ သစ်ပင်စိုက်ပျိုး ရာတွင် ရာသီပင် များသာမက သားစဉ်မြေးဆက်ထိ စားသုံးနိုင်ရန် နှစ်လတ်၊ နှစ်ရှည်သစ်ပင်များ စိုက်ပျိုးသွားကြရန်ဖြစ်ပါသည်။ ယနေ့ နည်းပညာတိုးတက်လာသော ခေတ်ကြီးတွင် သီးနှံပိုထွက် ရေး၊ အလုံး အရောင်အဆင်း လှပရေး၊ သီးနှံများ ကြီးထွားရေးအတွက်အားတိုးဆေး၊ ပိုးသတ်ဆေးနှင့် အရောင်တင်ခြင်းများပြုလုပ်လာ၍ ကျန်းမာရေးနှင့်မညီညွတ်သော အသီးအနှံများက လူကိုဥပဒ်ပေးလာသလို ဟင်းသီးဟင်းရွက် အသီးအနှံများကို ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့်ဈေးဖိုးလည်း သက်သာ၊ လတ်ဆတ်သန့်ရှင်းသော အသီးအရွက်တို့ကိုရရှိ၍ ကျန်းမာရေး သုခပြည့်ဝစွာ ခံစားနိုင်မည်ဖြစ်ပါသည်။ ဒါ့ကြောင့်မို့ ရှေးမြန်မာကြီးတို့က "အိမ်နောက်ဖေး ဈေးဆိုင်တည် "လို့ ဆိုစမှတ် ပြုခဲ့ကြခြင်းဖြစ်ပါသည်။ ဒါ့ပြင် သစ်တောသစ်ပင်တို့သည် လူသားတို့အသက်ရှင်ရပ်တည်ရေးအတွက် အဓိကနေရာမှ ပါဝင်လျက်ရှိပါသည်။ သစ်ပင်သစ်တောတို့သည် ကမ္ဘာကြီးကို ရာသီဥတု ညီညွတ်မျှတမှု၊ ရေချိုအရင်းအမြစ်များ လုံလောက်စွာရရှိမှု၊ ရေကြီး၊ မြေပြို၊ သဲကန္တာရဖြစ်ထွန်းမှု၊ မုန်တိုင်းဒဏ်စသည့် သဘာဝ

ဘေးဒဏ်များကို ကာကွယ်ပေးသည်။

ကမ္ဘာ့ကြီး ပူနွေးလာမှုသည် ဖန်လုံအိမ်အာနိသင်ကြောင့်ဖြစ်ပြီး ထိုသို့ဖြစ်ရခြင်း၏ ၂၀ ရာခိုင်နှုန်းသည် သစ်တော ပျက်စီးခြင်းနှင့် သစ်တောအတန်းအစား ပျက်စီးခြင်းတို့ကြောင့်ဖြစ်သည်ဟုဆိုသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုပြီး ဂေဟစနစ် တည်ငြိမ်ရေးကို အကျိုးပြုသည့်အပြင် ကျောင်း၊ ကန်၊ ဇရပ်ဆောက်လုပ်သည့် လှူဒါန်းခြင်းကဲ့သို့ ထာဝရကုသိုလ်ကိုလည်း ရစေပါသည်။ လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာလည်း ဖြစ်ထွန်းစေပါသည်။ မြတ်စွာဘုရားကလည်း ထာဝရကုသိုလ် ၆ပါးကို ဟောကြားခဲ့လေသည်။ ထိုကုသိုလ် ၆ ပါးမှာ-

(၁) ပန်းဥယျာဉ် သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း

(၂) အရိပ်ရပင်၊ စားသုံးပင်စသော သစ်ပင်ကြီး ငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း

(၃) တံတားခင်း လမ်းဖောက်၍လှူဒါန်းခြင်း

(၄) ရေချမ်းစင်တည်၍လှူဒါန်းခြင်း

(၅) ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်းများတူး၍ လှူဒါန်းခြင်း

(၆) ဇရပ်တန်ဆောင်း၊ ဂူကျောင်းပြသာဒ်၊ နားနေရိပ်သာ၊ ဆေးရုံးဆေးခန်း စသော အဆောက်အဦများဆောက်လုပ်လှူဒါန်းခြင်းတို့ ဖြစ်သည်။

ဤခြောက်ပါးသော ထာဝရကုသိုလ်တို့အနက် အလှူတစ်မျိုးမျိုးကို လှူဒါန်းသော အလှူရှင်သည် နေ့ရောညပါ အခါခပ်သိမ်း အမြဲထာဝရ ကုသိုလ်ပွားနေ၍ ကွယ်လွန်သည့်နောက်နတ်ပြည် (သို့မဟုတ်) နိဗ္ဗာန်သို့ရောက်၏ ဟူသည်။ အထက်ပါ ထာဝရကုသိုလ် ၆ ပါးတွင်သစ်ပင်ပန်းမန်စိုက်ပျိုးခြင်းဖြင့်လည်း ထာဝရကုသိုလ်ရနိုင်ကြောင်း ဟောကြားတော်မူခဲ့သည်။

ဝန်ကြီးဌာနများမှလည်း ဟင်းသီးဟင်းရွက် ငါးမျိုးငါးဘောင်၊ ပတ်ဝန်းကျင်လည်း သာယာလှပ၊ အရိပ်လည်းရ၊ အသီးလည်း စားရစေရန် ရည်ရွယ်၍ မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးကို တွန်းအားပေး ဆောင်ရွက်နေပါသည်။ မြန်မာလူမျိုးတို့သည် ရှေးယခင်ထဲက သစ်တောသစ်ပင်တို့ကိုချစ်ခင်သည့်လူမျိုးများဖြစ်သည်ကို ရှေးမြန်မာဘုရင်တို့၏ သည်ချိန်သည်ကာလ လယ်ထွန်မင်္ဂလာဆင်းခြင်းက သက်သေပြလျက်ရှိပါသည်။

ကမ္ဘာပေါ်ရှိ သက်ရှိလောကတည်မြဲဖို့ သစ်ပင်သစ်တောတို့သည် များစွာအကျိုးပြုသဖြင့် "သက်ရှိလောကတည်မြဲဖို့၊ သစ်ပင် စိုက်ပျိုးထိန်းသိမ်းစို့ "ဟူ၍ ကမ္ဘာတစ်ဝန်းတပ်လှန့် နှိုးဆော်၍ ဆော်သြဆောင်ရွက်နေကြပါသည်။ ကမ္ဘာ့သစ်ပင် စိုက်ပျိုးခြင်းကို လူသားတိုင်း အလေးထား စိတ်ဝင်စားပြီး ပါဝင်ဆောင်ရွက်လာစေရန် နှစ်စဉ် ဇူလိုင် ၇ ရက်နေ့ကို ကမ္ဘာ့သစ်ပင်များနေ့ (World Festival of Tree Day) ဟု သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံး ပြည်နယ်၊ မြို့၊ ရွာ၊ တိုင်းအလိုက် နေရာဒေသ အနှံ့အပြား ပွဲတော်ကြီးသဖွယ် သစ်ပင်များကို စိုက်ပျိုးခဲ့ကြပါသည်။

ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာနက တိုက်တွန်းအားပေးဆောင်ရွက်စေသည့် တစ်ပိုင်တစ်နိုင်ငါးမျိုး၊ ငါးဘောင် စိုက်ပျိုးခြင်း၊ အသီးများလည်း ဝေငှစား၍ ပတ်ဝန်းကျင်လည်း သာယာလှပ၊ အရိပ်လည်းရ၊ ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုလည်းရ၊ စားဖို့ဆောင်ကုန်ကျစရိတ်လည်း သက်သာ၊ အာဟာရလည်းပြည့်ဝ၊ ကျန်းမာရေးအတွက်လည်း အန္တရာယ်ကင်းသည့်အတွက် သီးပင်စားပင်စိုက်ပျိုးရေးကို တွန်းအားပေး စေတနာထား၍ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

မြေဆီစိုခိုက်သစ်ပင်စိုက်၊ရွှေပင်ရွှေခက်တောမှ ထွက်၏ဆိုသလို တောတောင် ပျက်ပြုန်း မြေဆီသုဉ်းခြင်း မရှိစေရေး မိုးဦးကျအခါသမယသည် သစ်ပင်ပန်းပင် စိုက်ပျိုးရန် မြေ၊ ရေ၊ နေ၊ လေ အနေ အထားတို့ အကောင်းဆုံးအချိန်ဖြစ်ပါသည်။ မိုးမလွန်ခင် ထွန်ချဆိုသလို သစ်ပင်စိုက်ပျိုးလိုကြသူအပေါင်းတို့အတွက် စေတနာကောင်းထား၍ ကြိုတင်ပြင်ဆင်နိုင်ကြစေရန် အသိပေးနှိုးဆော်၍ရေးသားတင်ပြလိုက်ရပါသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၁၈.၇.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ငံရဆိပ်ကမ်း | - MT AU GEMINI | P'Oil(In Bulk) ၄၂၅၀တင်ရန် |
| ထီးတန်းဆီဆိပ်ကမ်း | - MT PEN YUAN | P'Oil(In Bulk) ၅၀၀၀တင်ရန် |
| ထီးတန်းဆိပ်ကမ်း(၁) | - HIJAU SAMUDRA | ကုန်သေတ္တာ၆၇၅ကုန်တင်ရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | ကုန်သေတ္တာ၅၅၂ကုန်တင်၅၅၇ကုန်ချရန် |
| အလုံဆိပ်ကမ်း(၃) | - BANG SAKAO | သကြား ၇၄၂၃ တန်ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၂) | - FORMOSA CONTAINER NO (5) | ကုန်သေတ္တာ၅၃၀ကုန်တင်၃၉၇ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၃) | - MCC MERGUI | ကုန်သေတ္တာ၅၇၂ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၁) | - STOVE TIDE | ဆန် ၂၅၅၀၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၃) | - BANG SAOTONG | သကြား ၈၀၀၀တန်ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၅) | - MJ BULKER | ဆန် ၂၂၄၀၀ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၇) | - NMC GALAXY | ဆန်၆၀၀၀ကုန်တင်ရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - KYAUK PHYU | ဓာတ်မြေသြဇာအိတ်၇၀၆၂ကုန်ချရန် |
| MIPL ဆိပ်ကမ်း | - VIKING OCEAN | Unit Vehicle (RO/RO)၁၀၁ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၁) | - AREZOO | ကုန်သေတ္တာ ၇၀၀ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၄) | - AGONISTIS | Steel Product ၃၂၅၂၆ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - TOXOTIS | Steel ၂၅၂၈၂ တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THAWDAR DAEWE | သကြား (၂၂၈၈)တန်ကုန်ချရန် | THAI | ၁၉.၇.၂၀၁၈ |
| VICTORIA-82 | Coal (In Bulk) ၅၀၅၅ကုန်ချရန် | VIETNAN | ၁၉.၇.၂၀၁၈ |
| KEREM | ဆန် ၂၂၀၀၀တန်ကုန်ချရန် | SINGAPORE | ၁၉.၇.၂၀၁၈ |
| RUYISONG | G/CSTEEL ၈၅၉ ကုန်တင်၉၇၂၂ကုန်ချရန် | CHINA | ၂၀.၇.၂၀၁၈ |
| HAN THAR | သကြား ၉၀၀၀ တန်ကုန်ချရန် | THAI | ၂၀.၇.၂၀၁၈ |
| MUTSU | IRON PIPE ၄၃၆၂ကုန်ချရန် | JAPAN | ၂၆.၇.၂၀၁၈ |
| LE MANS EXPRESS | Unit Vehicle (RO/RO) ၁၁၂ ကုန်ချရန် | JAPAN | ၃၁.၇.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BINTAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၇.၂၀၁၈ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၇.၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၇.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၇.၂၀၁၈ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၇.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၇.၂၀၁၈ |
| OCEAN PROBE | SINGAPORE | အလုံဆိပ်ကမ်း | ၂၀.၇.၂၀၁၈ |
| EVERABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၇.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၇.၂၀၁၈ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၂.၇.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၂.၇.၂၀၁၈ |
| BOX EXPRESS | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၅.၇.၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၇.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.PROMROSE | P'Oil(In Bulk) | HOB | ၁၉.၇.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | OEA | ၁၉.၇.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | OEA | ၁၉.၇.၂၀၁၈ |
| MT.BULUGA PACIFIC | MOGAS (92 Ron) | SINGAPORE | ၂၀.၇.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၀.၇.၂၀၁၈ |
| MT.GLORY OCEAN | MOGAS (92 Ron) | SINGAPORE | ၂၀.၇.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၀.၇.၂၀၁၈ |
| MT.SENNA-3 | LPG Gas (92 Ron) | SINGAPORE | ၂၉.၇.၂၀၁၈ |

## ကြက်သွန်

# ပြည်ကြက်သွန်နီ ဝင်ရောက်မှုများပေမယ့် အရောင်းအဝယ်အေးလျက်ရှိ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်သို့ ယခင်ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူဘက်မှ ကြက်သွန်နီအစများအပြင် ယခု အောင်လံ၊ သရက်ဘက်မှကြက်သွန်နီအစများပါ ဝင်ရောက်မှုရှိလာတဲ့အတွက် အဝင်များနေကြောင်း သိရပါတယ်။

ဝင်ရောက်လာတဲ့ကြက်သွန်နီများမှာ အရည်အသွေး သိပ်မကောင်းသည့်အတွက် အရောင်းအဝယ်မှာအေးနေတယ်လို့သိရပါတယ်။ အဝင်များပြီး ပုံမှန်ဈေးကွက်ဖြင့်သာ အရောင်းအဝယ်အေးနေသောကြောင့် ဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်များနေကြောင်း သိရပါတယ်။ ဈေးနှုန်း အနေနဲ့ သင်္ကြန်ပြီးကာလအချိန်မှစ၍ ဈေးနှုန်းများ ကျဆင်းကာ ယခုအချိန်ထိဈေးငြိမ်နေတာတွေ့ရပါတယ်။ ပြည်ပွဲရုံများ၌ လက်ကားတစ်ပိဿာကို အရည်အသွေးပေါ်မူတည်၍ ကျပ် ၅၅၀ - ၆၀၀- ၆၅၀- ၇၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၇၅၀ မှ ၈၀၀၊ (လတ်) ကျပ် ၈၀၀ မှ ၉၀၀၊ (သေး) ကျပ် ၆၅၀ မှ ၇၀၀ စသည်ဖြင့်ရောင်းချနေတာတွေ့ရပါတယ်။

စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းပေါများပြီး ဈေးချိုနေသည့်အတွက် အကြိုက်တွေ့ကာ အဆင်ပြေစွာဝယ်ယူစားသုံးလျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# ပခုက္ကူခရိုင်အတွင်းဖြစ်ပေါ်နေသော ကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာဒေသများဖြစ်ကြသော ပေါက်၊ ရေစကြို၊ ဆိပ်ဖြူဒေသများမှာ ဆောင်းစိုက်(ပင်)စိုက် ကြက်သွန်များကုန်ဆုံး၍ မိုးစိုက် (ဉ)စိုက်ကြက်သွန်နီများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်နေပြီး ဥပုသ်နေ့မှလွဲ၍ နေ့စဉ် ပိဿာချိန် ၃၀၀၀၀ မှ ၅၀၀၀၀ ကျော် အတွင်း ကြက်သွန်နီကုန်ဝယ်ဒိုင်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်တွင် ပခုက္ကူ ခရိုင်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရာ ဆိပ်ဖြူဒေသမှ ထွက်ရှိသော ကြက်သွန်နီများကို မြဝတီမြို့နှင့် ရန်ကုန်မြို့သို့ပုံမှန်တင်ပို့လျက်ရှိသည်ဟုဆိပ်ဖြူကြက်သွန်နီကုန်ဝယ်ဒိုင်မှသိရှိ ရပါသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၁၅၀ တင်ပို့

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၁၅၀ ကို ရေလမ်းမှ ပြည်ပနိုင်ငံများသို့တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်ထိုင်းနိုင်ငံသို့ တန်ချိန် ၅၀နဲ့ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၂၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀ ကျော်တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၃၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



# ပြည်မန်ကျည်းမှည့် နယ်ဝယ်လက်ရှိလာ

ဇူလိုင်တတိယပတ်အတွင်း မန်ကျည်းလှော်(ပွဲရုံ) အရောင်းဝယ်သမားများ ရခိုင်နှင့်ရန်ကုန်ဝယ်လက်များ အဝယ်ရှိတာကြောင့် မန်ကျည်းမှည့်အရောင်းအဝယ်ပြန်ဖြစ်ကြောင်း သိရပါတယ်။ ဓားလှီး(အသား) သက်သက်သာဝင်ရောက်ပြီး မန်ကျည်းမှည့်ဈေးမတက်ဘဲ အရောင်းအဝယ်ပြန်ဖြစ်နေပါတယ်။ ပွဲရုံ (လက်ကားဈေး)တစ်ပိဿာ ကျပ် ၁၆၀၀ မှ ၁၈၀၀ ဈေးဖြစ်ပြီး ဒေသတွင်း လက်လီဈေးကွက်မှာတော့ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၂၂၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေပါတယ်။ မန်ကျည်းမှည့်အရည်အသွေးသန့်ပြီး ဈေးနှုန်းသင့်လျက်ရှိနေတာကြောင့် နယ်ဝယ်လက်တွေကြိုက်ပြီး ရခိုင်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ထိ တင်ပို့ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်း မန်ကျည်းမှည့် ၂၅ ပိဿာဝင်အိတ် ၉၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မန်ကျည်းသီးစိမ်းများလည်း စပေါ်နေပြီး လက်လီတစ်ပိဿာ ကျပ် ၅၀၀၀ ဖြင့်ရောင်းချလျက်ရှိနေတာ တွေ့ရပါတယ်။

**နီနီဝင်း**

## လက်ဖက်ခြောက်

# တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၇ ရက် မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၄၇၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၈၄ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၅၈ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၂၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၈၄၅ တန်ဖိုးရှိလက်ဖက်ခြောက် ၃၅ တန်ခွဲကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တန် ၃၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၅ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှ လက်ဖက်သည် အင်အားကြီး တရုတ်နဲ့အိန္ဒိယနိုင်ငံကြားတွင်ရှိသဖြင့် စပ်မျိုးများဖြစ်ကြောင်း၊ သဘာဝအတိုင်းဖြစ်နေသော စပ်မျိုးဖြစ်တာကြောင့် အနံ့အရသာ ထူးခြားချက်မှာ အားသာချက်တစ်ခုဖြစ်နေ၍ ဂျာမနီနိုင်ငံမှ ကမ်းလှမ်းကြောင်း မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## နှမ်း

# ဒီတစ်ပတ် နှမ်းတင်ပို့မှု တော်တော်လေးလျော့

ဇူလိုင်လ ၈ ရက်မှ ၁၄ ရက် အထိ သီတင်းပတ်အတွင်း နှမ်း ၁၆ ဒသမ ၅၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံမှာ ရီမင်နိုင်ငံဖြစ်ပါတယ်။ ဒီတစ်ပတ်နှမ်းတစ်တန်ကို အမေရိကန် ဒေါ်လာ၃၅၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နှမ်း တန်ချိန် ၃၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၃၀ ကျော်တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၇၈၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# ချင်းတန်ချိန် ၄၀၀ကျော်တင်ပို့

ဇူလိုင်လ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်းချင်း ၁၈၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၂၄၃ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၆၀၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်း ၄၂၆ တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၄၂၁ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀-၂၀၄ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၆၉၁၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## ပြောင်း

# မူဆယ်နဲ့လွယ်ဂျယ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့လွယ်ဂျယ်မှ ဇူလိုင် ၇ ရက် မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၈၆ သန်းတန်ဖိုးရှိ ပြောင်း ၁၁၄၇၈ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၈၄၃၁ တန်နဲ့လွယ်ဂျယ်မှ ၃၀၄၇ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ တန် ၁၁၈၀၀၊ လွယ်ဂျယ်မှ ၃၄၅၁ တန်စုစုပေါင်းတန်ချိန် ၁၅၂၅၁ တန် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ ပြောင်း ၃၇၇၂ တန်ကျော်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၁၀၉၂၄ ကျပ်ရှိရာမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၁၀၅၃၃ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး မူဆယ်သို့ ယခုတစ်ပတ်မှာပြောင်းကား ၄၂၇ စီးဝင်ရောက်ခဲ့ပါတယ်။

**မော်မော်အောင်**

## သကြား

# တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့

ဇူလိုင် ၇ ရက် မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ် ရေးဇုန်မှတစ်ဆင့်တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၇၂ သန်းတန်ဖိုးရှိ သကြား ၃၈၃၈၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့မှုအနေနဲ့ Re-Export သကြား ၃၅၅၄၃ တန်ကျော်နဲ့ (ရိုးရိုး) သကြားတန် ၂၈၄၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၂၂၃၃၄ တန်ကျော်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၆၀၄၉ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်လျှင် ကျပ် ၉၀၄၈၀၀ ဈေးရှိရာမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း ယွမ် ၉၁၁၉၅၀ ဈေးသို့လည်းကောင်း၊ တစ်ဖက်နိုင်ငံဈေးအနေဖြင့် ၄၃၂၅ ယွမ်မှ ၄၃၃၇ ယွမ်သို့လည်းကောင်း ဈေးမြင့်တက်ခဲ့ပါတယ်။

**မော်မော်အောင်**



# ဈေးကွက်ဝင် အမယ်အဖြစ် တိုက်တွန်းအားပေးသင့်သော ကော်ဖီစိုက်ပျိုးရေး

ခင်လေးယု

ကော်ဖီသည် အနံ့မွှေးကြိုင်ပြီး နှစ်သက်ဖွယ်ရာ အရသာရှိသည့်အတွက် ယနေ့ခေတ်ကာလတွင် အသက်အရွယ်မရွေး သောက်သုံးမှုများပြားလာသော အဖျော်ရည်တစ်ခုပင်ဖြစ်ပါတယ်။ တစ်နေ့တာအစကို ကော်ဖီမွှေးမွှေးတစ်ခွက်ဖြင့် စတင်တတ်သည့် အကျင့်သည်လည်း မြန်မာနိုင်ငံသား တော်တော်များများတွင် အလေ့အကျင့်တစ်ခုဖြစ်လာခဲ့တာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး အချိန်အခါမရွေးလည်း သောက်သုံးနေကြတာဖြစ်ပါတယ်။ တကယ်တော့ ကော်ဖီယဉ်ကျေးမှုသည် မြန်မာတွင်သာမက ကမ္ဘာအနှံ့တွင်ပါ တွင်ကျယ်စွာ ပျံ့နှံ့နေသော ယဉ်ကျေးမှုတစ်ခုဖြစ်ပြီး မြန်မာ့ကျေးလက်ဒေသများတွင်ပါမကျန် ကော်ဖီကို နှစ်သက်စွာ သောက်သုံးနေကြပြီလည်း ဖြစ်ပါတယ်။ ကမ္ဘာ့မြို့တော်ကြီးများမှ ခမ်းနားကြီးကျယ်တဲ့ ကော်ဖီဆိုင်များဟာ မြို့တော်အင်္ဂါရပ်တစ်ခုအဖြစ်ပင် တင်စားနိုင်ပြီး ခေတ်သစ်ယဉ်ကျေးမှုရဲ့ ပြယုဒ်တစ်ခုလို့တောင် ညွှန်းဆိုကြပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၇၅ နိုင်ငံခန့်ဟာ ကော်ဖီ စိုက်ပျိုးတင်ပို့မှုကို ဆောင်ရွက်နေကြပါတယ်။ အဆိုပါနိုင်ငံများထဲတွင်မှ မြန်မာနိုင်ငံသည်လည်း ကော်ဖီစိုက်ပျိုးတင်ပို့တဲ့ နိုင်ငံတစ်ခုအဖြစ်ပါဝင်နေပါတယ်။

## ကော်ဖီ၏အစ နှင့် စိုက်ပျိုးမှုအများဆုံးနိုင်ငံများ၊ ထုတ်လုပ်တင်ပို့မှု အခြေအနေနှင့်ဈေးကွက်များ

ထိုသို့လူအများ စွဲလန်းနှစ်သက်သော ကော်ဖီရဲ့သမိုင်းကို လေ့လာကြည့်တဲ့အခါ အချို့စာများမှာတော့ ကော်ဖီဟာ အီသီယိုးပီးယားနိုင်ငံမှာ ၉ ရာစုလောက်ကတည်းကထွက်ရှိခဲ့ပြီး အာရပ်လူမျိုးများရဲ့ ကုန်သွယ်မှုပြုရာမှတစ်ဆင့် နေရာအနှံ့သို့ ပျံ့နှံ့လာတယ်လို့ ယူဆကြပါတယ်။ ကော်ဖီဟာ ကမ္ဘာ့အဖျော်ရည် သောက်သုံးမှုမှာ တတိယအများဆုံး ကုန်ပစ္စည်းဖြစ်ပြီး ရေနှင့် ရေနွေးကြမ်းသောက်သုံးမှုကတော့ နံပါတ်(၁)နဲ့ (၂) နေရာမှာရှိကြောင်း စစ်တမ်းများအရ သိရပါတယ်။ ဒ့ါအပြင် ရေနံနဲ့ ကော်ဖီစေ့ဟာ ကမ္ဘာ့ဒုတိယကုန်သွယ်မှုအများဆုံး ကုန်ပစ္စည်းလည်းဖြစ်ပါတယ်။ ကော်ဖီကို သောက်သုံးဖို့အတွက်သာမကဘဲ ဆေးဖက်ဝင်ပစ္စည်းနဲ့ အလှကုန်ပစ္စည်းများတွင်ပါ ထည့်သွင်းသုံးစွဲနေကြတာကြောင့် ဘက်စုံသုံး စွယ်စုံရကုန်စည်လို့တောင် ဆိုနိုင်ပါတယ်။ ကော်ဖီစေ့ကို ကုန်သွယ်မှုပြုကြတဲ့အခါအဓိကအားဖြင့် နှစ်မျိုးသတ်မှတ်ထားပြီး Aribica အမျိုးအစားနဲ့ Robusta အမျိုးအစားတို့ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ Aribica ကော်ဖီအမျိုးအစားဟာ ကမ္ဘာ့ကော်ဖီဈေးကွက်ရဲ့ ၇၀ ရာခိုင်နှုန်းကျော်ကို လွှမ်းမိုးထားပြီး Robusta ကော်ဖီအမျိုးအစားကတော့ ပိုမိုဈေးချိုကာ စိုက်ပျိုးဖြစ်ထွန်းလွယ်တယ်လို့ ကော်ဖီစစ်တမ်းများမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။

ကော်ဖီဟာ ကမ္ဘာတစ်ဝန်းနေ့စဉ်သောက်သုံးနေကြတာ ဖြစ်တာကြောင့် ကော်ဖီထုတ်လုပ်မှု ထိပ်တန်းနိုင်ငံတွေဟာလည်း ဈေးကွက်ပြိုင်ဆိုင်မှုပြင်းထန်ကြပါတယ်။ The Daily Records ရဲ့ဖော်ပြချက်အရ ၂၀၁၈ ခုနှစ် ကော်ဖီထုတ်လုပ်မှု အများဆုံးနိုင်ငံများမှာ ဘရာဇီး၊ ဗီယက်နမ်၊ကိုလမ်ဘီယာ၊ အိန္ဒိယ၊ မက်ဆီကိုနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့ဖြစ်တာကို တွေ့ရပါတယ်။

ဘရာဇီးနိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ ကျော်မှစပြီး ယခုအချိန်ထိ ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ ယင်း နိုင်ငံဟာ နှစ်စဉ် ကော်ဖီစေ့တန်ချိန် ၂၂ သိန်းခန့်ကို ထုတ်လုပ်နေပြီး ထုတ်လုပ်မှုကို လေ့လာကြည့်တဲ့အခါမှာ Aribica အမျိုးအစား ကော်ဖီစေ့ ၇၆ ရာခိုင်နှုန်းနဲ့ Robusta အမျိုးအစား ကော်ဖီစေ့ ၂၆ ရာခိုင်နှုန်းခန့်ကို စတင်ကာ ထုတ်လုပ်နေတယ်လို့ သိရပါတယ်။

ဘရာဇီးနိုင်ငံဟာ ကမ္ဘာ့ကော်ဖီစိုက်ပျိုးမှု အများဆုံးနိုင်ငံတစ်ခုလည်းဖြစ်တဲ့အပြင် Green Coffee ထုတ်လုပ်မှုနဲ့လည်း ကျော်ကြားလှပါတယ်။ ကော်ဖီထုတ်လုပ်တင်ပို့မှုဟာ နိုင်ငံစီးပွားရေးမောင်းနှင်မှုရဲ့ အဓိကအားတစ်ခုဖြစ်ပြီး ၁၈၄၀ ခုနှစ်ခန့်မှ ကော်ဖီစိုက်ပျိုးမှုကို ပိုမိုအားပေးခဲ့သောကြောင့် ကော်ဖီဟာ နိုင်ငံကိုယ်စားပြုထုတ်ကုန်တစ်ခုဖြစ်လာပါတယ်။


ဒုတိယ စိုက်ပျိုးထုတ်လုပ်မှုအများဆုံးနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ပါတယ်။ နှစ်စဉ် ပျမ်းမျှ ၆၀ ကီလိုဝင် အိတ်ပေါင်း ၂၉ ဒသမ ၈ မီလီယံခန့်တင်ပို့နေပြီး တစ်နိုင်ငံလုံးမှာ ကော်ဖီစိုက်လုပ်ငန်းပေါင်း နှစ်သိန်းခန့်ရှိကာ ကော်ဖီစိုက်ပျိုးမှုစုစုပေါင်းဟာ ၂၇၀၀၀ ကီလိုမီတာ စကွဲယားခန့်ရှိကြောင်းကိုလည်း စစ်တမ်းများမှာ ဖော်ပြထားကြပါတယ်။ ကော်ဖီမှရတဲ့ နိုင်ငံခြားဝင်ငွေရရှိမှုကို ဗီယက်နမ်နိုင်ငံဟာ အဓိကထားနေပြီး၊ ကော်ဖီစိုက်ပျိုးခူးဆွတ်မှုအပိုင်းကို အလေးထားဆောင်ရွက်တယ်လို့ဆိုပါတယ်။ ကော်ဖီဟာ ဗီယက်နမ်နိုင်ငံအတွက် ဆန်ပြီးလျှင် ဒုတိယတင်ပို့မှုအများဆုံး အမယ်ဖြစ်ပြီး တောင်သူများအတွက် ဝင်ငွေတိုးတက်စေတဲ့ သီးနှံအမယ်တစ်ခုလည်းဖြစ်ပါတယ်။ USDA မှ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ် ကြားကာလ တစ်နှစ်အတွင်း ကော်ဖီအိတ်ပေါင်း ၂၉ ဒသမ ၃ မီလီယံကျော်ကို ထုတ်လုပ်ရန် ရည်ရွယ်ထားပြီး အဆိုပါကိန်းဂဏန်းသည် USDA မှ ခန့်မှန်းထားသော ၂၉ ဒသမ ၉ မီလီယံထက်လျော့နည်းနေကြောင်း၊ မိုးနှောင်းပိုင်းကာလတွင် မိုးရွာသွန်းမှုများပြားသဖြင့် ခန့်မှန်းပမာဏထက် လျော့နည်းဖွယ်ရာရှိကြောင်း၊ ၂၀၁၈-၂၀၁၉ တစ်နှစ်တာကာလထုတ်လုပ်မှုမှာမူ ရာသီဥတုကောင်းမွန်ပါက အထွက်နှုန်း ၂ ရာခိုင်နှုန်းခန့်တိုးကာ USDA ၏ခန့်မှန်းမှုကို ပြည့်မီနိုင်ကြောင်း သိရပါတယ်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ခုနှစ်မှ ၂၀၁၈ တစ်နှစ်တာကာလအတွင်း ကော်ဖီအိတ်ပေါင်း ၂၅ မီလီယံကို တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ တစ်နှစ်တာကာလတွင်မူ အထွက်နှုန်းကောင်းလာပါက ကော်ဖီအိတ်ပေါင်း ၂၅ ဒသမ ၂ မီလီယံတင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်းကိုလည်း သိရပါတယ်။

ကိုလမ်ဘီယာနိုင်ငံဟာလည်း ကော်ဖီ အများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပြီး အရသာကောင်းမွန်မှုနဲ့ အရည်အသွေး ထိန်းသိမ်းနိုင်မှုအပိုင်းမှာ နာမည်ကြီးလှပါတယ်။ Aribica ကော်ဖီအမျိုးအစားထုတ်လုပ်တင်ပို့မှုမှာ ထင်ရှားလှပြီး ယင်းအမျိုးအစားကြောင့်ပင် ထိပ်တန်း စာရင်းဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်။

ကော်ဖီထုတ်လုပ်မှု အများဆုံးနိုင်ငံထဲတွင် မိမိတို့၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လယ်ယာထွက်သီးနှံများ စိုက်ပျိုးတင်ပို့မှုမှာ ထိပ်တန်းစာရင်းဝင်နိုင်ငံလည်းဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုးမှုကို နိုင်ငံရဲ့ တောင်ပိုင်းဒေသမှာ အဓိကပြုလုပ်ပါတယ်။ လက်ရှိမှာတော့ တစ်နှစ်တွင် စုစုပေါင်း တန်သုံးသိန်းကျော်ကို အသေးစားစိုက်ပျိုးသူများနှင့် ကော်ဖီစိုက်ခင်းမြေရှင်များမှ စိုက်ပျိုးထုတ်လုပ်နေကြတာဖြစ်ပြီး အဓိကဈေးကွက်ဖြစ်တဲ့ ဥရောပနဲ့ ရုရှားကို တင်ပို့မှုများပြားပါတယ်။မက်ဆီကိုနိုင်ငံကတော့ တစ်နှစ်လျှင် ကော်ဖီတန်ချိန် နှစ်သိန်းခွဲခန့်ကို စိုက်ပျိုးထုတ်လုပ်နေပါတယ်။ မက်ဆီကိုရဲ့ အဓိကဈေးကွက်မှာ အမေရိကန်နိုင်ငံဖြစ်ပါတယ်။

မက်ဆီကိုနိုင်ငံ၏နောက်တွင် ထုတ်လုပ်မှုအများဆုံးနိုင်ငံမှာ ဟွန်ဒူးရပ်နိုင်ငံဖြစ်ပါတယ်။ အဆိုပါနိုင်ငံဟာလည်း ၂၀၁၁ ခုနှစ်ခန့်မှစ၍ ကျော်ကြားလာခဲ့သော်လည်း သောက်သုံးသူများမှ ကိုလမ်ဘီယာနှင့် အီသီယိုးပီးယားကော်ဖီဟု လွဲမှားယူဆမှုခံနေရပြီး နိုင်ငံသတ်မှတ်ချက်ဖော်ထုတ်မှု အားနည်းချက်ကို ရင်ဆိုင်နေရတဲ့နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ကော်ဖီကိုနိုင်ငံစီးပွားရေးအနေနဲ့ အဓိကစိုက်ပျိုးထုတ်လုပ်နေပြီး အလုပ်လက်မဲ့လျော့ချဖို့နဲ့ တစ်ဦးချင်းဝင်ငွေရရှိမှုအတွက် အထောက်အပံ့ဖြစ်နေစေပါတယ်။ Central America ဟာ ယင်းနိုင်ငံရဲ့ အဓိကဈေးကွက်ဖြစ်ပါတယ်။

ICO ရဲ့ ထုတ်ပြန် ချက်အရ ၂၀၁၇ ခုနှစ် ကော်ဖီတင်ပို့မှုအများဆုံးနိုင်ငံများကို အောက်ပါဇယားအတိုင်း တွေ့ရှိနိုင်ပါတယ်။




အထက်ဖော်ပြပါ အချက်အလက်အရ ၂၀၁၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံဟာ ကော်ဖီအများဆုံးတင်ပို့ခဲ့တာကို တွေ့နိုင်ပြီး ဗီယက်နမ်နိုင်ငံဟာလည်း ဘရာဇီးနိုင်ငံနီးပါး တင်ပို့နေတာကို ထူးခြားစွာတွေ့ရတာကြောင့် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုဟာ အလားအလာကောင်းနေတာကို တွေ့နိုင်ပါတယ်။ ဗီယက်နမ်အစိုးရဟာ ကော်ဖီစိုက်တောင်သူများကို အထူးအလေးထားပံ့ပိုးမှုများ လုပ်ဆောင်နေပြီး Robusta ထုတ်လုပ်တင်ပို့မှုမှာ ကမ္ဘာ့ဈေးကွက်ရဲ့ ၄၀ ရာခိုင်နှုန်းကိုပင် ကျော်လွန်လာတာကြောင့် ဘရာဇီးနိုင်ငံထက်ပင် သာလွန်နေပြီဖြစ်ကြောင်း အချို့သတင်းများမှာ ရေးသားဖော်ပြနေကြပြီဖြစ်ပါတယ်။

## မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်တင်ပို့မှုနှင့် ဈေးကွက်အခြေအနေများ

ယခုအခါ မြန်မာနိုင်ငံတွင်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို ကြိုးပမ်းဆောင်ရွက်နေပြီး တင်ပို့မှုတိုးတက်ရေးနှင့် ဈေးကွက်သစ်များရရှိရေးအတွက် ကြိုးစားနေကြပြီဖြစ်ပါတယ်။ ပို့ကုန်တိုးတက်တင်ပို့နိုင်ရေးကို ဦးတည်ကြိုးပမ်းကြရာမှ ဈေးကွက်ဝင်အမယ်များကို အမြောက်အမြားတင်ပို့နိုင်ရေးကို ဦးစားပေးရမှာလည်းဖြစ်ပြီး ထိုမှတစ်ဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးဆိုတဲ့ ရလဒ်များကိုပါ တစ်ပါတည်း ခံစားကြရမှာလည်းဖြစ်ပါတယ်။ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံဟာဆိုရင် လက်ရှိမှာ စိုက်ပျိုးရေးကိုအခြေခံပြီး ကော်ဖီဈေးကွက်ကို အုပ်စိုးနေတာကို ဖော်ပြပြီး အချက်အလက်များမှာ ထင်ရှားစွာတွေ့နိုင်ပါတယ်။

စာမျက်နှာ ၂၇ သို့

## ဒီတစ်ပတ်ဓာတ်ဆီ/ဒီဇယ်ရေလမ်းမှအဝင်မရှိဘဲ နယ်စပ်လမ်းမှသာဝင်

ဇူလိုင်လ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဒီဇယ်ရော ဓာတ်ဆီပါ တင်သွင်းမှုမရှိခဲ့ဘူးလို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၉၄ သန်းတန်ဖိုးရှိ အဆင့်မြင့်**Re-export**ဒီဇယ်တန်ချိန် ၄၀၅၂ ဒသမ ၂၅ တန်တင်ပို့ခဲ့ပြီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ၁၈၂၇၂၆ တန်ဖိုးရှိ ဓာတ်ဆီ ၂၉၅ ဒသမ ၃၃ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၅၈၈၀၀ တန်ဖိုးရှိဓာတ်ဆီ ၆၁၁ ဒသမ ၈၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၃၉၉၄၅ တန်ဖိုးရှိ ဒီဇယ်၅၁၆ ဒသမ ၁၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ပိုမို

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန် သွယ်ရေးစခန်းများမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်ထိ သတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၀၂ သန်း တန် ဖိုးရှိ ကွမ်းသီး ၂၂၄၆ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၉၈၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၇ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါ တယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၄၈ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၀၄၀ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၅၄ သန်းတန်ဖိုးရှိကွမ်းသီး ၂၀၅ တန်ကို တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၃ သန်း တန်ဖိုးရှိ စားတော်ပဲ၊ ငရုတ်ကောင်း၊ ငါးခေါင်းပွ၊ စီးကရက်၊ နန့်ဖာလုံ အမယ်စုံတို့ကို ၃၈၆ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်း တန်ဖိုးရှိ တီရှပ်၊ မခြေညှပ်၊ Food Stuff တို့ကို၅၅တန် တင်ပို့ ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**



## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းမှု ကျဆင်း

ကုန်သွယ်ရေး စခန်းများမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၀၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၆၁၀ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၇၅၂ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၁၄၂ စီးလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဆိုင် ကယ်ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များ လျော့နည်းခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၆၃၈၇စီး၊ ကန် ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၄သန်းတန်ဖိုးရှိဆိုင်ကယ် အစီး ၆၀၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၁၆၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၅၁၆၃ စီးတို့ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **ခင်မိုးသူ**

## Energy NYMEX 20-7-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 69.74 | 0.28 | 0.40 |
| Brent Crude Futr (USD/bbl) | 73.16 | 0.58 | 0.80 |
| Gasoline Rbob Fut (Cent/gal) | 206.35 | 2.00 | 0.98 |
| Natural Gas Futr (USD/MMBtu) | 2.77 | 0.00 | 0.04 |
| Heating Oil Futr (Cent/gal) | 210.66 | 1.65 | 0.79 |

## အမေရိကန်ဒေါ်လာဈေး မြင့်တက်ဆဲဖြစ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဇူလိုင်လပထမပတ်တွင် ဈေးမြင့်နေခဲ့ရာမှ ဇူလိုင်လဒုတိယပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင်ကျပ်၁၄၀၀ ကျော်ဖြင့် စံချိန်တင်ဈေးမြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင်၁၄၀၈ကျပ်မှ တစ်ဒေါ်လာလျှင် ၁၄၂၀ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

“ဒေါ်လာကတော့ ကျပ် ၁၄၀၀ ကျော်သွားတယ်။ ဇူလိုင် ၁၈ရက်ကဆိုရင် တစ်ဒေါ်လာကိုဝယ်ဈေး ၁၄၁၅ ကျပ်ကနေ၁၄၂၂ကျပ်အထိအတက်အကျရှိခဲ့သလို ရောင်းဈေးမှာလည်း ၁၄၂၀ကျပ်ကနေ ၁၄၂၆ကျပ်အထိ ပြေးနေခဲ့တယ်။ ကမ္ဘာ့ရေနံဈေးက တော့ကျနေတာ တစ်ပတ်လောက်ရှိပြီ။ အမေရိကန်ဒေါ်လာဈေးက တက်နေပြန်တော့ ပြည်ပသွင်းကုန်ကိုတည်မှီနေတဲ့ မြန်မာ့လောင်စာစက်သုံးဆီဈေးကျသင့်သလောက်ကျမယ်လို့မမြင်ဘူး။ လောင်စာဆီဈေးမြင့်တက်လာတော့ သယ်ယူပို့ဆောင်ခအပေါ် ရိုက်ခတ်မှု ရှိသလို အကျိုးဆက်အနေနဲ့ ပြည်တွင်းကုန်စည်ဈေးနှုန်းမြင့်တက်မှုတွေရှိလာပါတယ်”ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇူလိုင် ၁၆ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၀၉ကျပ်၊ဝယ်ဈေး ၁၄၀၆ကျပ်မှ ဇူလိုင် ၁၈ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၂၃ ကျပ်၊ ဝယ်ဈေး ၁၄၁၉ကျပ်သို့ ရောက်ရှိခဲ့ပြီး ဇူလိုင် ၂၀ရက်တွင် အမေရိကန် တစ်ဒေါ်လာ ရောင်းဈေး ၁၄၂၆ကျပ်၊ ဝယ်ဈေး၁၄၂၃ ကျပ်ဖြင့် ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးနှုန်း တည်ငြိမ်နေခဲ့သော ရက်သတ္တပတ်

ဇူလိုင်လဆန်းမှစတင်ကာ ဈေး မြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်း သည် ဇူလိုင်တတိယပတ်တွင်လည်း ဈေးအမြင့်ဖြင့် တည်ငြိမ်နေခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှစုံစမ်းသိရှိရသည်။ဇူလိုင်လဒုတိယပတ်က ကျပ် ၉၄၄၀၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ဇူလိုင်တတိယပတ်အတွင်း ကျပ်၉၄၅၀၀၀ သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ရှိပြည်တွင်းရွှေဈေးမှာ ဈေးအမြင့်ပိုင်းတွင် အားကောင်းနေကြောင်း၊ ပြည်တွင်းငွေကြေးအရောင်းအဝယ်ဈေးကွက် အခြေအနေပေါ် မူတည်ပြီး ရွှေဈေးမှာ အတက်အကျဖြစ်ပေါ် လေ့ရှိကြောင်း၊ မိုးလွန်ကာလရောက်လျှင် ရွှေအရောင်းအဝယ်ကောင်းလေ့ရှိကြောင်း၊ နိုင်ငံတကာရွှေဈေးမှာမူ အမေရိကန်ဒေါ်လာ အားကောင်းလာခြင်း၊ ကမ္ဘာ့ရေနံဈေး အနည်းငယ်ကျဆင်းလာခြင်းတို့ကြောင့် ရွှေဈေးအပေါ် သက်ရောက်မှုရှိခဲ့သော် လည်း လက်ရှိအခြေအနေတိုင်းဆက်လက်ဖြစ်ပေါ်နေပါက ကမ္ဘာ့ရွှေဈေးမှာဆက်လက်ကျဆင်းနေမည်ဖြစ်ကြောင်း ပြည်တွင်းရွှေအရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင်၁၆ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၉၄၆၀၀၀ရှိခဲ့ရာမှ ဇူလိုင် ၁၈ရက်တွင် ကျပ်၉၄၄၅၀၀သို့အနည်းငယ်ကျဆင်းခဲ့ပြီး ဇူလိုင် ၂၀ရက်တွင် ကျပ် ၉၄၅၀၀၀ဖြင့်ဈေးပိတ်သိမ်းခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် ဇူလိုင် ၁၆ရက်ကရွှေတစ်အောင်စလျှင် ၁၂၄၄ အမေရိကန်ဒေါ်လာရှိခဲ့ရာ မှ ဇူလိုင်၁၈ရက်တွင် တစ်အောင်စလျှင် ၁၂၂၃ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့ပြီး ဇူလိုင် ၂၀ရက်တွင် ၁၂၂၀ အမေရိကန်ဒေါ်လာ ဈေးရှိခဲ့ရာ ယခုနှစ်အတွင်း အနိမ့်ဆုံးဈေးဖြစ်လာခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

## MCBအစုရှယ်ယာများ၏ အမြတ်ဝေစု ခံစားခွင့်ရရှိမည့်ရက်ကို ကြေညာ

မြန်မာနိုင်ငံသားများဘဏ် (MCB)၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရရှိမည့်ရက်(Record Date)အဖြစ် ဩဂုတ်လ၃၀ရက်အဖြစ် သတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံသားများဘဏ်၏ဒါရိုက်တာအဖွဲ့မှ သတင်းရရှိသည်။

ဇွန်လအတွင်းက ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ သားများဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုအား မူလအစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ်၂၀၀ ခံစားပိုင်ခွင့်ရှိမည်ဖြစ်ပြီး ဩဂုတ်လ ၃၀ရက် အရောင်းအဝယ်ပိတ်သိမ်းချိန်တွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အစုရှယ်ယာပိုင်ဆိုင်သူများကိုသာ အမြတ်ဝေစုခွဲဝေပေးမည်ဖြစ်ပြီး အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာဝယ်ယူရမည့်နောက်ဆုံးရက်မှာ ဩဂုတ်လ၂၇ ရက်ဖြစ်ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အဖြစ် အကျုံးဝင်မည့် ဩဂုတ်လ ၂၈နေ့မှ စတင်ဝယ်ယူမည့် မြန်မာနိုင်ငံသားများဘဏ်အစုရှယ်ယာများမှာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုကို ခံစားခွင့်မရှိကြောင်း၊ အမြတ်ဝေစုထုတ်ဝေပေးမည့် အစီအစဉ်ကို ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို စက်တင်ဘာ ၂၂ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16-July | 15.82 | 2588.82 | 2086.31 | 6201.84 | 828.00 |
| 17-July | 15.77 | 2526.89 | 2127.30 | 6227.84 | 825.00 |
| 18-July | 15.44 | 2566.99 | 2081.89 | 6081.72 | 810.00 |
| 19-July | - | - | - | - | - |
| 20-July | 15.90 | 2594.55 | 2045.75 | 6058.14 | 809.00 |

## Currency Exchange Rate

July 20, 2018

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.36 |
| BDT Bangladesh Taka | 84.04 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 6.77 |
| EUR Euro | 0.86 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 68.87 |
| I DR Indonesia Rupiahs | 14520.49 |
| JPY Japan Yen | 112.38 |
| MYR Malaysia | 4.06 |
| PKR Pakistan Rupees | 128.65 |
| PHP Philippines Pesos | 53.49 |
| RUB Russia Rubles | 63.62 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1133.65 |
| LKR Sri Lanka Rupe | 160.34 |
| THB Thailand Baht | 33.40 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23111.29 |

*Source:xe.com*

## World Gold Price

July-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1248 | 1247 | 1245 |
| 17 | 1245 | 1244 | 1243 |
| 18 | 1229 | 1229 | 1229 |
| 19 | - | - | - |
| 20 | 1227 | 1226 | 1226 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-7- 2018 | 944.50 | 944.00 |
| 17-7- 2018 | 946.00 | 945.00 |
| 18-7- 2018 | 945.00 | 944.20 |
| 19-7- 2018 | - | - |
| 20-7- 2018 | 945.50 | 945.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6.69 | 33.30 | 83.59 | 68.60 |
| 17 | 6.68 | 33.24 | 84.17 | 68.42 |
| 18 | 6.71 | 33.31 | 84.33 | 68.39 |
| 19 | 6.77 | 33.46 | 84.46 | 69.04 |
| 20 | 6.77 | 33.40 | 84.04 | 68.87 |

# ဘိလပ်မြေ

## ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၉၀၀၀ကျော်ဝင်

ဇူလိုင်လ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၀၉၂၅၀ တန်ဖိုးရှိ ဘိလပ်မြေ ၉၂၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၂၂၅ တန်နဲ့ မလေးရှားနိုင်ငံမှ တန်ချိန် ၉၀၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၀ ကျော်သာရှိတာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၈၀၀၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

ဇူလိုင်လ ၇ ရက်မှ ဇူလိုင်လ ၁၃ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၇၆၃၅ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၄၇၅၅ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၈၈၀ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

## ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ် မိုးများနေတာကြောင့် အရောင်းအဝယ်ကအေးသလိုဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၅၀၅၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်ထဲမိုးရွာလိုက် တိတ်လိုက်ဖြစ်တာကြောင့် အရောင်းအဝယ်က ပုံမှန်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့်ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီနှစ်တွေမှာဘိလပ်မြေဈေးကမတက်သလို ကျလည်းမကျဘူး။ ပုံမှန်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တာများတယ်။ အရင်လို ထိုင်းဘိလပ်မြေတွေ အသုံးမများတာကြောင့်လည်းဖြစ်နိုင်တယ်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေက ပြည်တွင်းဘိလပ်မြေကို ပိုသုံးလာကြတယ်။ ပြည်တွင်းဘိလပ်မြေက ကွာလတီလည်း မညံ့ဘူး။ ဈေးလည်းသက်သာတော့ ဒါကိုသုံးလာကြတယ်။ပြည်တွင်းဘိလပ်မြေက ပစ္စည်းမပြတ်တော့ ဈေးလည်းကစားလို့မရကြဘူး။ဒါကြောင့်လည်း ဈေးငြိမ်တာ ဖြစ်နိုင်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ခရောင်းကျပ်၅၁၀၀၊ အပါချီကျပ်၄၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ မိုးများနေတာကြောင့်ဒီတစ်ပတ်မှာလည်း အရောင်းပါးပြီး ဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူ တစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၈၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၉၀၀၊ စိန်(ထိုင်း)ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးကာလဖြစ်တာကြောင့် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ထိုင်းဆင်နဲ့အပါချီဘိလပ်မြေက ပစ္စည်းပြတ်နေဆဲဖြစ်သလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

# ဓာတ်မြေသြဇာ

## ဒီတစ်ပတ် မြေသြဇာအဝင်လျော့

ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈၇၅၄၆၃ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၈၂၉၃ ဒသမ ၆၆၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၃၉၃၉ ဒသမ ၂ တန်၊ အီရန်နိုင်ငံမှ ၃၉၇ ဒသမ ၄၆ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၅၄၀ ဒသမ ၄၁၃ တန်၊ မလေးရှားနိုင်ငံမှ ၂၇၇ ဒသမ ၉၂၆ တန်၊ နော်ဝေနိုင်ငံမှ ၁၉၆ ဒသမ ၂၀တန်၊ တိုင်ဝမ်နိုင်ငံမှ တန်ချိန် ၂၀၊ ထိုင်းနိုင်ငံမှ ၅၀၆ ဒသမ ၉၆၉ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ ပိုတက်ဆီယမ်ဆာလဖိတ်၊ ကွန်ပေါင်း၊ အမိုးနီးယမ်းကလိုရိုဒ်၊ ယူရီးယား၊ အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၂၂၆၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၄၃၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

## မြေသြဇာဈေးကွက် အရောင်းပုံမှန်ဖြစ်

ဇူလိုင်လ ၇ ရက်မှ ဇူလိုင်လ ၁၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ၁၉၇၃၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာတန်ချိန် ၂၁၆၉၀တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး၊ တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်းအရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၂း၁၃(မြားကမ္ဘာ-တရုတ်)ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ကမ္ဘာလုံး၊ ရွှေတောင်၊ ပန်းဖူး-တရုတ်) မြေသြဇာများက ကျပ် ၅၀၀ ၊ပိုတက်က ကျပ် ၄၀၀ ၊ ပိုးသတ်ဆေးက ကျပ် ၈၀၀၊ ယူအေအီးနဲ့ ဓာတ်ဆားက ကျပ် ၁၇၀၀ ဈေးမြင့်ပြီး တီစူပါ (၁၀း၁၀း၅)က ကျပ် ၅၀၀ ဈေးကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၇၂၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၇၂၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၃၀၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၇၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၆၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၂၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီးယခင်တစ်ပတ်ဈေး နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၄၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၆၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၆၄၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၀၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ (၄၆%တရုတ်) ကျပ် ၂၁၇၀၀၊ မြားသီးစုံ ကျပ် ၁၅၇၀၀၊ ပန်းသီးစုံ ကျပ် ၁၆၄၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၇၀၀၊ ပိုတက် ကျပ် ၂၃၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

# နို့ဆီ/နို့မှုန့်

## ဒီတစ်ပတ် နို့ဆီ/နို့မှုန့်အဝင်ပို

ဇူလိုင်လ ၈ ရက်မှ ၁၄ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၂၂၆၄ တန်ဖိုးရှိနို့ဆီ ၅၁၄ ဒသမ ၃၆၈ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံမှ ၁၀ ဒသမ ၉၄၄ တန်နဲ့ စင်ကာပူနိုင်ငံမှ ၅၀၃ ဒသမ ၄၂၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ ကောင်းဘဲလ်နဲ့ ဒွန်းနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ၁၇၄၁၆၀ ကျော်တန်ဖိုးရှိ နို့မှုန့် ၃၇၇ ဒသမ ၃၆၅ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် တန်ချိန် ၄၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၃၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၇ မှ ၁၃/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၆ မှ ၆/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၄.၅ | - | (+) | ၃၄.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၆၁၀.၀၀ | ၂၃၀.၀၀ | (+) | ၃၈၀.၀၀ |
| ၅။ | တာချီလိတ် | ၃၅၀၀.၀၀ | ၄၅၀၀.၀၀ | (-) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၂၅.၀၀ | (-) | ၂၅.၀၀ |
| ၈။ | မြိတ် | ၃၅၂၅.၀၀ | - | (+) | ၃၅၂၅.၀၀ |
| | စုစုပေါင်း | ၇၆၆၉.၅၀ | ၄၇၅၅.၀၀ | (+) | ၂၉၁၄.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၇ မှ ၁၃/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၆ မှ ၆/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၇၇၀.၉၅ | ၁၁၀၁၂.၅၅ | (-) | ၃၂၃၃.၆၀ |
| ၂။ | လွယ်ဂျယ် | ၅၀၃.၀၀ | ၂၀၈.၀၀ | (+) | ၂၉၅.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၇၇၅.၂၅ | ၁၆၇၂.၇၅ | (+) | ၁၁၀၂.၅၀ |
| ၄။ | ကန်ပိုက်တီ | ၁၄၀၀.၀၀ | ၁၄၀၀.၀၀ | | - |
| ၅။ | မြဝတီ | ၄၆၇၆.၀၇ | ၅၄၉၇.၆၈ | (-) | ၈၂၁.၆၁ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၆၀၀.၀၀ | ၁၉၀၀.၀၀ | (+) | ၇၀၀.၀၀ |
| ၉။ | တမူး | - | ၂.၄၅ | (-) | ၂.၄၅ |
| | စုစုပေါင်း | ၁၉၇၃၃.၂၇ | ၂၁၆၉၃.၄၃ | (-) | ၁၉၆၀.၁၆ |

ခင်မိုးသူ

## နှမ်း/မြေပဲ

# တရုတ်နယ်စပ်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၂၄ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၅၄၃ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှအမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၀ သန်းတန်ဖိုးရှိ နှမ်းနက် ၅၇ တန်နဲ့ နှမ်းနက်အခွံချွတ် ၁၆ တန် စုစုပေါင်းတန်ချိန် ၇၃ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃၄ သန်းတန်ဖိုးရှိနှမ်းနက် ၇၅၅ တန်ကျော်၊ နှမ်းဖြူ ၁၄၀၁ တန်ခွဲ၊ နှမ်းညို ၇၅ တန်နဲ့ နှမ်းညို (အခွံချွတ်) ၂၃၇ တန်ကျော် စုစုပေါင်းတန်ချိန် ၂၄၇၀ ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က မူဆယ်မှ နှမ်းတင်ပို့မှုမရှိဘဲ ချင်းရွှေဟော်မှ ၁၉၂၆ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၁၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၅၅၅၆၆ တန်ဖိုးရှိ နှမ်းဖြူ (အခွံချွတ်) တန် ၃၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းနက်တစ်တန်ဈေး ၁၉၆၈၁၀၇ ကျပ်၊ နှမ်းဖြူတစ်တန်ဈေး ၁၈၆၃၁၉၈ ကျပ်ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# နှမ်းဈေး ဆက်လက်မြင့်တက်နေတဲ့ ပြည်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး (အနောက်)တွင် ရာသီဥတုကြောင့် မိုးနှမ်းအထွက်နောက်ကျပြီး တချို့ဆို ရေဝင်ရောက်မှုကြောင့် နှမ်းခင်းများပျက်စီးသဖြင့် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ဆက်လက်မြင့်တက်လာတာ တွေ့ရပါတယ်။ ဝင်ရောက်မှုမရှိပေမယ့် မြို့တွင်းရှိပွဲရုံများ၏ လှောင်နှမ်းများကြောင့် အရောင်းအဝယ်မှာ အနည်းငယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနီမှာ ဈေးကွက်တွင် ရှားပါးလာသဖြင့် ဈေးမှာလည်း တစ်ပတ်ထက်တစ်ပတ် မြင့်တက်လာတာ တွေ့ရပါတယ်။ နှမ်းနီကို ဆီစက်သမားများက မြို့တွင်းသာမက နယ်ဘက်ကိုဆင်းပြီး ဝယ်ယူမှုရှိနေသဖြင့် နှမ်းနီဈေးမြင့်သလို ဆီဈေးပါမြင့်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀ ဖြင့်နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိပြီး နှမ်းနက်နှင့် စမုံနက်နှမ်းကို မန္တလေးဝယ်လက်များကအဝယ်ရှိသဖြင့် တစ်နေ့လျှင်အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း(ပြည်)**

# တောင်ကုတ်ဘက်မှအဝင်ရှိလို့ ပြည်မြေပဲဆန် ဈေးကွက်တွင်ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ လုံးဆန်(အဖြူ)ဈေးကျလာပြီး (အနီ)ဈေးအနည်းငယ်ပြန်မြင့်လာတာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ် တောင်ကုတ်ဘက်မှာ မြေပဲဆန်ဆီဆန်မှာ တစ်နေ့လျှင် အိတ် ၂၀၀ လောက်ဝင်ရောက်မှုရှိသဖြင့် ဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

မိုးမြေပဲအသစ်များ ဈေးကွက်သို့ ဝင်ရောက်မှုမရှိသေးလို့ အခြားနယ်မှ မြေပဲဆန်များနှင့် လှောင်မြေပဲဆန်များကြောင့် ပြည်ဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ရခိုင်ဘက်မှ ဝင်ရောက်လာတဲ့ ဆီဆန်များကို ပြည်ပွဲရုံများတွင် လုံးဆန်နှင့်ဆီဆန်ကိုပြန်လည် ရွေးပြီးခွဲခြား၍ ရောင်းချတာ တွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် ဆီစက်များကအဝယ်ရှိပြီး လုံးဆန်(အဖြူ) ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၄၅၀ ဖြင့် အဝယ်အေးသွားလို့ ဈေးအနည်းငယ်ပြန်ကျလာ၍ လုံးဆန် (အနီ) ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ဖြင့်ပဲကြော်ဖိုသမားများကအဝယ်ရှိလို့ ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ

# တစ်ပတ်အတွင်း မြင့်တက်ခဲ့သော မလေးရှားစားအုန်းဆီဈေး ပြန်ကျ

ဇူလိုင် ၁၈ ရက်က မလေးရှားရင်းဂစ်တန်ဖိုး ဆက်လက်ကျဆင်းနေခဲ့ပြီး စားအုန်းဆီဈေးမှာ ၂ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်းသိရသည်။ ဘာဆာမလေးရှားကုန်စည်ဒိုင်၏ အောက်တိုဘာလအတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးမှာ ဇူလိုင် ၁၁ ရက်က စားအုန်းဆီ တစ်တန်လျှင် ၂၂၁၈ ရင်းဂစ်ထိမြင့်တက်ခဲ့ပြီးနောက် ဇူလိုင် ၁၉ ရက်တွင် စားအုန်းဆီတစ်တန်ဈေးမှာ ၂၂၁၁ ရင်းဂစ်သို့ ပြန်လည်ကျဆင်းခဲ့သည်။

တစ်ပတ်အတွင်း အမြင့်ဆုံးစားအုန်းဆီ တစ်တန်ဈေးနှုန်းမှာ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ၂၂၂၀ ရင်းဂစ်ဖြစ်ခဲ့ပြီးနောက်ပိုင်း ယင်းတစ်နေ့တည်းတွင်ပင် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကာ ၂၁၉၃ ရင်းဂစ်ဖြင့် နောက်ဆုံးဈေးပိတ်သိမ်းခဲ့သည်။ ဇူလိုင် ၁၉ ရက်တွင် စားအုန်းဆီ ကုန်သွယ်မှုမှာ ၂၅ တန်တွဲပေါင်း ၆၃၃၅၂ တွဲ ကုန်သွယ်မှုရှိခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် ၄၇၀၄၅ တွဲ ကုန်သွယ်မှုရှိခဲ့သည်။

“ ရင်းဂစ်တန်ဖိုးက ကျဆင်းပြီး စားအုန်းဆီဈေးက တက်နေတယ်။ ဈေးကွက်ထဲမှာကလည်း စစ်ဆေးမှုလုပ်နေတာတွေကလည်းရှိပြီး ရင်းဂစ်တန်ဖိုးကလည်း တစ်ဒေါ်လာကို ၂၂၀၀ ရင်းဂစ်ဝန်းကျင်ကို ရောက်နေတယ် ”ဟု ကွာလာလမ်ပူမှ စားအုန်းဆီကုန်သည်တစ်ဦးက ပြောသည်။

“ဈေးကတော့ တက်ပြီး ပြန်ကျသွားတယ်။ ပထမရက် ၂၀ အတွင်း တင်ပို့ခဲ့တဲ့ စားအုန်းဆီတွေကိုတော့ မထိခိုက်ဖို့ မျှော်လင့်မိတယ်”ဟု စားအုန်းဆီကုန်သည် တစ်ဦးကလည်း ဇူလိုင် ၁ ရက်မှ ၂၀ ရက်အတွင်းတင်ပို့ပြီး စားအုန်းဆီများကို ရည်ညွှန်းပြောဆိုခဲ့သည်။

ရင်းဂစ်တန်ဖိုးအားနည်းနေမှုသည် နိုင်ငံခြားငွေကိုင်ဆောင်သည့် ဝယ်လက်များအတွက် တွက်ခြေကိုက်နေပြီး စားအုန်းဆီဈေး ကျဆင်းမှုသည် အခြားစားသုံးဆီဈေးနှုန်းများကို သက်ရောက်မှုဖြစ်စေခဲ့သည်။ အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီ ကြိုရောင်းကြိုဝယ်ဈေးမှာ သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်၏ စက်တင်ဘာအတွက် ပဲပုပ်ဆီကြိုရောင်းကြိုဝယ်ဈေးမှာ သုည ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စားအုန်းဆီ စာချုပ်ဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။

စားအုန်းဆီတစ်တန်လျှင် ၂၁၄၈ ရင်းဂစ်သို့ ရောက်ရှိနိုင်ကြောင်း ရိုက်တာဈေးကွက်စိစစ်ရေးမှူး ဝမ်းတောင်းကလည်း သုံးသပ်ထားကြောင်း သိရသည်။

**ခင်လေးယု**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၇-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၇၀၀ | ၄၇၀၀ | □ | ၄၇၀၀ | ၄၇၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၇-၂၀၁၈ US$/Ton

| အမျိုးအစား | ဇူလိုင်လဒုတိယပတ် | ဇူလိုင်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၇၄.၅၀ | ၅၆၈.၅၀ | ▽ |
| RBD P.Olein | ၅၈၂.၀၀ | ၅၅၈.၅၀ | ▽ |
| RBD P.Stearin | ၅၈၁.၅၀ | ၅၆၂.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀-၇-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၉၂.၁၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၈၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၆၆.၇၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၉၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၂၄.၁၈၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၀-၇-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၀၀ ဒေါ်လာနှင့် USD ဈေး ၁၄၂၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၀-၇-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၂၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့မှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တိုးဦး (CTQM)



General Administration of Quality Supervision , Inspection and Quarantine of People's Republic of China (AQSIQ) ဆိုသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ပစ္စည်းအရည်အသွေး ထိန်းချုပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့သည် ဝန်ကြီးဌာနအဆင့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံတော်ကောင်စီ၏ ဦးဆောင်မှုဖြင့် အမျိုးသားအဆင့်အရည်အသွေးသတ်မှတ်ခြင်း (National Quality)၊ တိကျစွာ တိုင်းထွာခြင်း (Metrology)၊ သွင်းကုန် ထုတ်ကုန်ပစ္စည်းများ စစ်ဆေးခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်သော ပိုးမွှားရောဂါ ကင်းစင်ရေး (Entry–Exit quarantine) တိရစ္ဆာန်အပင်များနှင့်ပတ်သက်သော ပိုးမွှားရောဂါ ကင်းစင်ရေး (Entry –Exitanimal and Plant Quarantine) တင်သွင်း၊ တင်ပို့မည့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး (Import – Export food safety ) Certification , Accreditation စံချိန်စံညွှန်းဆိုင်ရာ ကိစ္စရပ်များအပြင် အထက်ပါကိစ္စရပ်များနှင့်ပတ်သက်သော ဥပဒေများကို ကျင့်သုံးအကောင်အထည်ဖော်သော လုပ်ငန်းများကို ထိန်းချုပ်လုပ်ဆောင်ခဲ့ပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့် အညီ Sanitary and Phyto sanitary (SPS) ဆိုင်ရာ သဘောတူညီချက်များနှင့် အညီ လုပ်ဆောင်ခဲ့ပါသည်။ ယင်းကိစ္စရပ်များတွင် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေး လုပ်ဆောင်နိုင်ရန် HACCP ,GAP, GMP စသောလုပ်ငန်းများကို ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းများအတွင်း လုပ်ဆောင်ရေးလည်း ကြိုးကြပ်ဆောင်ရွက် ခဲ့ပါသည်။ လုပ်ငန်းစဉ်များ လုပ်ဆောင်မှုတွင် တစ်ဖက်မှလည်း ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ကဏ္ဍအလိုက် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲ၍ ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။ ဥပဒေများ ခိုင်မာစေရေးအတွက် လုပ်ဆောင်ရာတွင်လည်း စံချိန်စံညွှန်းများ ရေးဆွဲလုပ်ဆောင်ခဲ့ရာ အဆိုပါ စံချိန်စံညွှန်းများတွင် မလိုက်နာ၍မရသော Mandatory Standards များလည်း ပါဝင်ခဲ့ပါသည်။ ယင်းစံချိန်စံညွှန်းများတွင် ဥပမာအားဖြင့်တင်ပြရသော် National Health Council မှ ရေးဆွဲသည့် Food Safety Law of People's Republic of China ကဲ့သို့သော ဥပဒေများပါဝင်ခဲ့ပါသည်။

ယင်းသို့လုပ်ဆောင်ခဲ့ပြီး ယခုအခါတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သွင်းကုန်ထုတ်ကုန်ဆိုင်ရာ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းစေရေး စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်တွင်

(က) Food Safety Commission of the State Council
(ခ) Office of food Safety Commission of the State Council
(ဂ) National Health Council ( NHC ) Ministry of Agriculture ( MOA ) State Administration for Market Regulation GACC
(ဃ) Local Governments, Regional Customs

တို့ ပါရှိပါကြောင်း၊ ၎င်းတို့၏ တာဝန်များမှာအုပ်စု (၄)စု အချိတ်အဆက်မိမိ တစ်ညီတစ်ညွတ်တည်း ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲခြင်း၊ အမျိုးသားအဆင့် အစားအသောက် ဘေးကင်းလုံခြုံမှု ဆိုင်ရာ စံချိန်စံညွှန်းများ ချမှတ်ခြင်း ၊ ပြန်လည် သုံးသပ်ခြင်းနှင့် ဘေးအန္တရာယ် ကျရောက်နိုင်မှုများကို စောင့်ကြည့် မှတ်တမ်းတင် အကဲဖြတ်ခြင်းများ ဆောင်ရွက်ခြင်း၊ လယ်ယာထွက်ကုန် ပစ္စည်းများတွင် အစားအသောက် ဘေးကင်းလုံခြုံမှုအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးနှင့် မွေးမြူရေး လုပ်ငန်းသုံးဆေးဝါးများ စံချိန်စံညွှန်း တည်ဆောက်ခြင်း၊ ကုန်ပစ္စည်း ထုတ်လုပ်မှုမှသည် ဖြန့်ဖြူးခြင်း၊ စားသုံးခြင်းအဆင့်ထိတိုင်အောင် အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြောင်း၊ အထူးသဖြင့် ထုတ်ကုန် သွင်းကုန်နှင့်ပတ်သက်သော food Safety ဆိုင်ရာကြီးကြပ်စစ်ဆေးမှုများကိုမူ GACC က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ NHC မှ ရေးဆွဲထားသော အမျိုးသားအဆင့် food Safety စံချိန်စံညွှန်းများတွင် အစားအစာ ဖြည့်စွက်ပစ္စည်းများ၊ အန္တရာယ်ဖြစ်စေတတ်သော အရာဝတ္ထုများပါဝင်မှုကန့်သတ်ချက်၊ စားသောက်ကုန်ပစ္စည်းများ၏ တံဆိပ်ပါ အညွှန်းစာများနှင့်တကွ စစ်ဆေးစမ်းသပ်သည့် နည်းစနစ် များပါဝင်ကြောင်း၊ အဆိုပါ စံချိန်စံညွှန်းများသည် မလိုက်နာ၍ မရသော mandatory Standards များဖြစ်ကြောင်း၊ တရုတ်ပြည်သို့ တင်သွင်းလာသော စားသောက်ကုန်များကိုအဆင့် (၃) ဆင့်ပါသော စစ်ဆေးမှုဖြင့် စစ်ဆေးပါကြောင်း၊ ၎င်းအဆင့်များမှာ မတင်သွင်းမီ၊ တင်သွင်းဆဲနှင့် တင်သွင်းပြီး အဆင့်များဖြစ်ပါကြောင်း၊ မတင်သွင်းမီ စစ်ဆေးခြင်းတွင် Exporter ၏ အစိုးရဘက်မှ အဓိက ဖြည့်ဆည်းပေးရမည့် အချက်များဖြစ်သည့် -

(က) တင်သွင်းနိုင်ငံ၏ ဒေသအတွင်း အသုံးပြုနေသော Food Safety System
(ခ) တရုတ်နိုင်ငံသို့ တင်သွင်းမည့် အစားအစာများအတွက် တရားဝင်သက်သေခံလက်မှတ် ထုတ်ပေးသည့် Official Certificate System
(ဂ) အပင်ထွက်၊တိရစ္ဆာန်ထွက် စားသောက်ကုန်ပစ္စည်းများအတွက် ရောဂါထိန်းချုပ်မှု အသိအမှတ်ပြုစနစ်တို့ကို စစ်ဆေးကြောင်း၊

ထုတ်လုပ်သူများနှင့် တင်သွင်းသူတို့ဘက်မှ ဖြည့်ဆည်းပေးရမည့် အချက်များဖြစ်သည့်-

(၁) တရုတ်နိုင်ငံသို့ Export လုပ်သည့် ကုန်ပစ္စည်း၏ထုတ်လုပ်သူ မှတ်ပုံတင်ထားမှုစနစ်
(၂) Exporter များ၏မှတ်တမ်း ထိန်းသိမ်းထားရှိမှုစနစ်
(၃) Importer များ၏ မှတ်တမ်းထိန်းသိမ်းထားရှိမှုစနစ်
(၄) Importer များ၏ ပြည်ပ Exporter များနှင့် ထုတ်လုပ်သူများအပေါ်တွင် စုံစမ်းစစ်ဆေးသည့် စနစ်တို့ကို စစ်ဆေးခြင်းတို့အပြင် Importer နှင့် Exporter များကို ၎င်းတို့၏ လုပ်ငန်းတာဝန်များ ဖြည့်ဆည်းဆောင်ရွက်ရန် တွန်းအားပေးသည့် အနေဖြင့် ကောင်းမွန်သော Importer နှင့် imported food သတ်မှတ်သည့်စနစ်နှင့် တရုတ်နိုင်ငံသို့တင်ပို့မည့် စားသောက်ကုန်များအတွက် overseas pre-inspection system တို့ကိုပါ ကျင့်သုံးထားကြောင်း သိရှိခဲ့ရပါသည်။

During Importing အဆင့် တွင် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူများဘက်မှ တာဝန်ယူ ဖြည့်ဆည်းဆောင်ရွက်ရန်လိုသည့်အချက်များမှာ -

(၄. ၁) တရုတ်နိုင်ငံသို့ တင်ပို့သည့် စားသောက်ကုန်များတွင် ရောဂါပိုးမွှားများ စစ်ဆေးပြီးကြောင်း၊ ရောဂါကင်းရှင်းကြောင်း တရားဝင်ကြေညာခြင်းနှင့်
(၄. ၂) အဆိုပါကြေညာချက်ကို အတည်ဖြစ်စေသော အသိအမှတ်ပြုလက်မှတ်များ ပူးတွဲတင်ပြခြင်း

စသည်တို့ဖြစ်ကြောင်း၊ တစ်ဖန် စစ်ဆေးရေးနှင့် ရောဂါထိန်းချုပ်ရေး စသည်တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သွင်းကုန်၊ ထုတ်ကုန်နှင့် ပတ်သက်သော (အထူးသဖြင့်အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး) ကိစ္စများတွင် ယခင်က ( AQSIQ Administration of Quality Supervision, Inspection and Quarantine) ကုန်ပစ္စည်း အရည်အသွေး ထိန်းချုပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့မှ တာဝန်ယူကြီးကြပ်စစ်ဆေးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် GACC, General Administration of Customs of the People's Republic of China က ဦးဆောင် စစ်ဆေးသွားမည်ဖြစ်ပါသည်။

သွင်းကုန် (စားသောက်ကုန်) အတွက် အဆင့်( ၃ )ဆင့်ဖြင့် စစ်ဆေးသွားမည်ဖြစ်ပြီး exporter နိုင်ငံဘက်မှ ကျင့်သုံးလျက်ရှိသည့် Food Safety System နှင့်တကွ အခြားသက်ဆိုင် သည့် စာရွက်စာတမ်းများ (နောက်ကြောင်းပြန်ခြေရာခံနိုင်သည့်) ကိုပါ စစ်ဆေးကြည့်ရှုမည်ဖြစ်သည်။ ထို့အပြင် Importer နှင့် ဖြန့်ဖြူးသူတို့ကိုပါ မှတ်တမ်းများထား၍ စောင့်ကြည့်စစ်ဆေးမည်ဖြစ်ပြီး ဆုပေးသည့် စနစ်ကျင့်သုံးမည်ဖြစ်ပါသည်။

အခြားနိုင်ငံများသို့ export ပြုလုပ်မည့် တရုတ်စားသောက်ကုန် လုပ်ငန်းရှင် ကုမ္ပဏီများကိုယ်တိုင်လည်း HACCP,GMP နှင့် SSOP တို့ကို ချမှတ်ကျင့်သုံးပြီး ၎င်းတို့၏ စားသောက်ကုန်ပစ္စည်းများကို အရည်အသွေး မြင့်မားစေခြင်းဖြင့် စံချိန်စံညွှန်းများကို ဖြည့်ဆည်းပေးပါသည်။ ဤသို့ဖြင့် ဖြည့်ဆည်းပေးနိုင်ရန်လည်း ခေတ်မီစက်ကိရိယာများ အသုံးပြုခြင်း၊ လျင်မြန်စွာ စစ်ဆေးနိုင်သည့် rapid test လုပ်နိုင်ရန်လည်း ဓာတ်ခွဲခန်းတည်ထောင်ထားရှိပါသည်။

သို့ဖြစ်ပါ၍ တရုတ်နိုင်ငံသည် မိမိနိုင်ငံအတွင်းရှိ အစားအစာထုတ်လုပ်မှုနှင့် စားသောက်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှု အပိုင်းတို့ကို သိပ္ပံနည်းကျစွာ အဆင့်အမြင့်တင်နေသကဲ့သို့ မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် စားသောက်ကုန်ပစ္စည်းများကိုလည်း Risk assessment နှင့် Risk management အဖွဲ့ နှစ်ဖွဲ့ခွဲကာ ကျွမ်းကျင်ပညာရှင်များနှင့် Policy maker တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် GACC ၏ ဦးဆောင်မှုဖြင့် ပြောင်းလဲဆောင်ရွက်မည်ဖြစ်သဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံအနေဖြင့် ပြောင်းလဲနေသော နည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာ၍ မိမိတို့၏ ပို့ကုန်ပစ္စည်းများ၏ အရည်အသွေးကိုGACC ၏ သတ်မှတ်ချက်များအတိုင်း လုပ်ဆောင်နိုင်မှသာ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ တင်ပို့ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

❑

# ပျံ့ပါ၊ ပြေးပါ၊ လမ်းလျှောက်ပါ၊ ရပ်မနေပါနှင့်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့မှ ဘုရားဖူးပြည်သူများ ရွှေသင်္ကန်း ကပ်လှူနိုင်ရန်အတွက် တင်ဒါခေါ်ယူမှုပြုခဲ့ခြင်းအပေါ် မန္တလေးမြို့မှ လက်မှုရွှေဆိုင်းလုပ်ငန်းရှင်များအကြား ရွှေဆိုင်းတင်ဒါမရရှိမှုကို စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ပြီး မန္တလေးမြို့နယ်၊ မဟာအောင်မြေရှိ မနောရမ္မ လူထုဟစ်တိုင်ကွင်းတွင် ဆန္ဒထုတ်ဖော်မှုများ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် ပြုလုပ်ခဲ့ကြပါသည်။

၂၀၁၅ ခုနှစ် ရွှေဆိုင်းတင်ဒါခြောက်လော့ (Lot) ခေါ်ယူစဉ်အချိန်က ရွှေဆိုင်းတင်ဒါရရှိမှု မရှိခဲ့သောကြောင့် စိုးရိမ်ခဲ့ကြခြင်းဖြစ်ပြီး မန္တလေးမြို့တွင် လက်မှုရွှေဆိုင်းလုပ်ငန်းပေါင်း ၂၀၀ ခန့်ရှိခဲ့ကာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ရွှေဆိုင်းတင်ဒါခေါ်တိုင်း မန္တလေးမှ ဝင်ရောက်ယှဉ်ပြိုင်သူဦးရေ ၆၀ ကျော်ရှိခဲ့ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာတွင် မန္တလေးမှ လုပ်ငန်းရှင်များ တင်ဒါရရှိကြပါသည်။ ယခုတင်ဒါ ခေါ်ယူမှုတွင် မရရှိခဲ့ကြဘဲ ရန်ကုန်မြို့မှလုပ်ငန်းရှင်တစ်ဦးတည်းမှ တင်ဒါအားလုံးရရှိသွားခြင်းကြောင့် မကျေမနပ် ဆန္ဒဖော်ထုတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

အကြောင်းရင်းမှာ ရန်ကုန်မြို့က လုပ်ငန်းရှင်သည် စက်နှင့်ရွှေဆိုင်းထုတ်လုပ်ခြင်းဖြစ်ပြီး မန္တလေးက လက်မှု လူအားနှင့်ထုတ်လုပ်မှုဖြစ်၍ စက်နှင့်လူ မယှဉ်နိုင်သောပုံစံဖြစ်ပါသည်။ လက်မှုဖြင့်ထုတ်သော ရွှေဆိုင်းရွက်ရေတစ်ရာပါ ရွှေဆိုင်းတစ်ခုနှင့် စက်ရွှေဆိုင်းထွက် ရွက်ရေ ၁၀၀ ပါ ဈေးနှုန်းကွာခြားချက် ကျပ် ၃၀၀၀ ခန့်ရှိပြီး ငွေကြေးတန်ဖိုးအရ မယှဉ်နိုင်ခြင်းဖြစ်ပါသည်။ စက်ရွှေဆိုင်းက ရွှေအမျိုးအစားမရွေးဘဲ ထုတ်လုပ်နိုင်ပြီး လက်ရွှေဆိုင်းသည် ၁၆ ပဲရည်ဖြင့်သာ ထုတ်လုပ်နိုင်ကြောင်း၊ လက်ရွှေဆိုင်းတစ်ရွက်တွင် ရွှေပမာဏ နှစ်ရွေးကျော်ပါဝင်ပြီး စက်ရွှေဆိုင်းတစ်ရွက်တွင် နှစ်ရွေးကျော်ခြင်းမရှိဟု ရွှေဆိုင်းလုပ်ငန်းရှင်များက ပြောဆိုကြသည်။

ရွှေဆိုင်းဈေး ကွာခြားမှုကြောင့် ဂေါပကအဖွဲ့အနေဖြင့် ငွေကြေးချွေတာမှုကြောင့် စက်ရွှေဆိုင်းကို ဝယ်ယူမှုပြုခဲ့ခြင်းသာဖြစ်သည်။ ယခုကဲ့သို့ စက်ရွှေများနေရာရရှိလာပါက လက်မှုလုပ်ငန်းအတွက် အန္တရာယ်များလှပြီး လက်ငုတ်လက်ရင်း လုပ်ငန်းများမပျောက်စေချင်သော ဆန္ဒများဖြင့် ဆန္ဒပြတောင်းဆိုကြခြင်း ဖြစ်ပါသည်။ စက်ရွှေဆိုင်း၏ အားသာချက်သည် ငွေကြေးပိုင်းသက်သာသော်လည်း ဘုရားများ၏ ပြဿဒ်တွေ၊ ကနုတ်ပန်းတွေစသော လက်ရာများတွင် ရွှေကပ်လှူသောအခါ အခက်အခဲများရှိပြီး၊ ရွှေဆိုင်းစာရွက် အမှိုက်များက ရွှေပြန်ထုတ်၍မရကြောင်း၊ စက်ရွှေသည် တောင့်တောင့်ကြီးသဘောဖြစ်ပြီး အနုစိတ်လက်ရာမျိုးတွင် ရွှေကိုကျကျနနကပ်၍မရ၊ စက်ဖြင့်လုပ်ထား၍ ဓာတုဆေးပါဝင်မှုရှိနိုင်၍ ရှေးဘုရားများတွင် ထိခိုက်မှု ရှိ၊ မရှိမသိနိုင်သေးပါ။ လက်မှုဖြင့်ပြုလုပ်သော ရွှေဆိုင်းများမှ ထွက်ရှိသည့် ရွှေမိုက်များပြန်လည် ထွက်ရှိမှု ရှိကြသည်။ စက်ရွှေအသုံးပြုပြီးနောက်ပိုင်း လုပ်ငန်းရှင်များက လက်မှုရွှေဆိုင်းမှ စက်ရွှေဆိုင်း ပြောင်းလဲထုတ်လုပ်ဖို့ စီစဉ်နေကြသူအချို့လည်းရှိလာကြပြီဟု သိရှိရသည်။

စက်ရွှေဆိုင်းများပေါ်ထွက်လာပါက လက်မှုလုပ်ငန်းများပျောက်ကွယ်သွားနိုင်ပြီး အလုပ်လက်မဲ့များ ပေါ်ထွက်လာနိုင်ခြင်းရှိနိုင်၍ ငွေကြေးပိုင်းကိုချည်း မစဉ်းစားဘဲ လက်မှုလုပ်ငန်းတွေကိုအားပေးသင့်ကြောင်း၊ ရိုးရာဓလေ့ကို အပျက်အစီးမခံနိုင်ကြကြောင်း၊ မြန်မာတစ်နိုင်ငံလုံးက ဘုရားတွေမှာသာ စက်ရွှေဆိုင်းအသုံးပြုမှုက ဒီထက်ပိုမိုလာခဲ့လျှင် လုပ်သားအင်အား ၁၀၀၀ ကျော်နှင့် လုပ်ငန်း ၂၀၀ ကျော် ဆက်လက်ရပ်တည်ရန် ခက်ခဲလှ၍ ရိုးရာလက်မှု ရွှေမျက်ပါးလုပ်ငန်းရှင်များနှင့် အလုပ်သမားများက တောင်းဆိုချက်များကို ဗီနိုင်းပိုစတာများ ကိုင်ဆောင်၍ မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းတွင် စုဝေးပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ကာ မနောရမ္မ လူထုဟစ်တိုင်ကွင်းတွင် ဟောပြောမှုများ ပြုလုပ်ကာ ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်သည်။

ထိုသို့ လက်နှင့်စက် ပြဿနာဖြစ်ရခြင်းသည် မိမိတို့လုပ်ရိုးလုပ်စဉ် ရှေးရိုးမပျက် ဓလေ့ထုံးစံ ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ နောက်ကျန်မနေကြဘဲ ဆန်းသစ်တီထွင်မှုများ၊ ဝိရောဓိအားပြိုင် လွန်ဆွဲကြခြင်းပင်ဖြစ်သည်။ ဈေးကွက်စီးပွားရေး၏ သဘောသဘာဝအရ လုပ်ငန်းရှင်များကို ယှဉ်ပြိုင်ခွင့်ပေးထားသကဲ့သို့ စားသုံးသူကိုလည်း ရွေးချယ်ခွင့်ပေးထားသည်။ လက်ဖြင့်ပြုလုပ်မှ ကောင်းသည်၊ ကြိုက်သည်ဆိုသော ဈေးကွက်ကို ရှာဖွေရပါမည်။ တိုးတက်သည့် နိုင်ငံများ၌ Hand Make ကို လူကုံထံ အသိုင်းအဝိုင်းတွင်သာ သုံးနိုင်သည့် တန်ဖိုးကြီးလှသည့် အမြတ်တနိုးသုံးလိုသော ဈေးကွက်ကို ရှာဖွေရမည်။ တစ်နေ့နှင့်တစ်နေ့ ထွန်းကားတိုးတက်မှုများ ပြည့်နှက်နေသော ယနေ့ကမ္ဘာကြီးတွင် တိုးတက်လာသော ခေတ်ရေစီးကြောင်းထဲ၌ နည်းစနစ်ဟောင်း၊ အတွေးအခေါ်ဟောင်းများကြားထဲ ရပ်တန့် မနေသင့်၍ ယှဉ်ပြိုင်မှု၊ စိန်ခေါ်မှုအသစ် (အသစ်) များကို ကျော်လွှားနိုင်ရန် ကြိုးပမ်းနေသင့်ကြောင်းနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၊ တိုးတက်ထွန်းကားနိုင်ကြစေရန်၊ အရည်အသွေးမီ၊ ဈေးနှုန်းသက်သာပြီး တာရှည်ခံ၊ အသုံးဝင်ပစ္စည်း ထုတ်လုပ်နိုင်ကြလျက် အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ထွက်လာရေး ရှေ့ရှု၍ မိမိလုပ်စဉ်လုပ်ငန်းများအပေါ် ရပ်မနေလိုက်ပါနှင့် ဆက်လျှောက်နေကြပါရန် အကြံပြု တိုက်တွန်းလိုက်ရပါသည်။

**တတိုင်းမွှေး (DOCA)**

## မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ မင်္ဂလာဒုံမြို့နယ် တပ်မြို့ စည်ပင်သာယာဈေးနှင့် အခြေခံပညာကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲ ကျင်းပခြင်းနှင့် ကျောင်းဈေးအတွင်း ကွင်းဆင်းအသိပညာပေးခြင်းများကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်နှင့် တာဝန်ရှိသူ ဝန်ထမ်းများသည် ဇူလိုင် ၁၁ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ တပ်မြို့စည်ပင်သာယာဈေးအတွင်းရှိ ဈေးသူဈေးသားများအား လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိအခြေခံပညာအထက်တန်းကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကျင်းပခြင်း၊ ကျောင်းဈေးအတွင်း ကြည့်ရှုစစ်ဆေးပြီး ကွင်းဆင်းပညာပေးခြင်း လုပ်ငန်းများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ဇူလိုင် ၁၁ ရက်တွင် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မင်္ဂလာဒုံမြို့နယ်၊ တပ်မြို့စည်ပင်သာယာဈေးရုံးခန်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကိုကျင်းပခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မြို့စည်ပင်သာယာဈေးတာဝန်ခံ ဦးစိုးချစ်ဦး အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များ၊ စီးပွားရေးလုပ်ငန်းရှင်မှ တာဝန်များလိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရအရေးယူသည့်ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးတွင် ဖွင့်လှစ်ထားသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန ( CICC ) ဖွင့်လှစ်ထားရှိမှုနှင့် (CICC) ရုံးခန်းသို့ တိုင်ကြားမှုများကို ဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့မှုများ၊ ခရိုင်အတွင်း ဈေးသူဈေးသားများမှ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တားမြစ်ထားသည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များကို ဈေးအတွင်းမရောင်းချရန်နှင့် ဈေးသူဈေးသားအချင်းချင်း သတိပေးဆောင်ရွက်သွားရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသဖြင့် ဈေးသူဈေးသားများက ပူးပေါင်းဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း အကျယ်တဝင့်ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာသည့် ဈေးသူ၊ ဈေးသား ၈၈ ဦးအား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပါသည်။

အလားတူ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မင်္ဂလာဒုံမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းများသို့ ဇူလိုင် ၁၃ ရက်တွင် ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ အကြီးတန်းစာရေးဒေါ်လွဲ့လွဲ့စိုးက အမှတ်(၅)အခြေခံ ပညာအထက်တန်းကျောင်းခွဲသို့လည်းကောင်း၊ နေ့လယ် ၁၃:၀၀ နာရီတွင် အကြီးတန်းစာရေး ဒေါ်နီလာဦးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခိုင်ရွှေတို့မှ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကြည့်ရှုစစ်ဆေး၍ ကွင်းဆင်းပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဟောပြောပွဲသို့တက်ရောက်လာသည့် ဆရာ၊ဆရာမများနှင့် ကျောင်းသူ/သားများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**နီလာဦး (ရန်ကုန်)**



## ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များအား စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်ဌာနဆိုင်ရာများ ကွင်းဆင်းစစ်ဆေး

ထားဝယ်ခရိုင် ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များအား စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဝန်ထမ်းများနှင့်ပူးပေါင်းပြီး ဇူလိုင် ၁၆ ရက်က ဆေးဆိုင်ငါးဆိုင်အား ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ကာ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ဆေးဝါးများ၊ စားသုံးရန်/သုံးစွဲရန်မသင့်သော သက်တမ်းလွန်ဆေးဝါးများ၊ တရားမဝင်တားမြစ်ထားသည့် လိုင်စင်မဲ့ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ဆေးဆိုင်ငါးဆိုင်အနက် ဆေးဆိုင်သုံးဆိုင်မှာ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော သုံးစွဲရန်/စားသုံးရန်မသင့်သော သက်တမ်းလွန်ဆေးဝါးများကို တွေ့ရှိရသဖြင့်သိမ်းဆည်းခဲ့ပြီး ဆေးဆိုင်ပိုင်ရှင်များအား ရောင်းချခြင်းမပြုရန် ခံဝန်ကတိလက်မှတ်ရေးထိုးကာ နောက်နောင်ရောင်းချခြင်းကိုတွေ့ရှိပါက အမျိုးသားအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်ဟု သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇူလိုင်တတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၀ နိုင်ငံရှိ၍ Sierra Leone နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃၃ဒသမ ၃၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံး အဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၆၂ နိုင်ငံရှိပြီး မြန်မာ၊ လာအို၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တရုတ်၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံ စသည့်နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၂၀ နိုင်ငံရှိ၍ ပြင်သစ်၊ နော်ဝေ၊ ဖင်လန်၊ ဂျာမနီနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် သုညဒသမ ၇၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံသည် သုည ဒသမ ၃၀ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပြီး မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်နှင့်မလေးရှားနိုင်ငံများသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ထိုင်းနိုင်ငံသည် ၁ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးကျခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇူလိုင်လ တတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိခဲ့၍ Sierra Leone နိုင်ငံ သည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၃၃ ဒသမ ၃၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ လာအို၊ တရုတ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံ ၆၀ ရှိပြီး ၎င်းနိုင်ငံများသည် ယခင် တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၂၂ နိုင်ငံရှိ၍ နယူးဇီလန်၊ နော်ဝေ၊ ကနေဒါ၊ ဖင်လန်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် သုညဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးတက်ကာ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ထိုင်းနိုင်ငံသည် ၁ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၆ ရက်တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၀ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၅ |
| ၃ | ထိုင်း | လီတာ | ၁.၀၉ | ၀.၈၆ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၃ | ၀.၇၆ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၈ | ၁.၂၀ |
| ၆ | မလေးရှား | လီတာ | ၀.၅၄ | ၀.၅၄ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၂ | ၀.၈၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၃ | ၀.၈၉ |
| ၉ | လာအို | လီတာ | ၁.၂၃ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဇူလိုင်လ တတိယပတ် ၁၆ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း၂၀ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း



ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့်လည်းကောင်း၊ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၄ ဖြင့်လည်းကောင်း ၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၄ ဖြင့် လည်းကောင်း၊ ပေါင်းဆန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၆၅ ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၉၀ ဖြင့် လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ကြည့်ပါက ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ် ဆန်ဈေးနှုန်းများ ဈေးကျသွားပြီး အိန္ဒိယဆန်ဈေးနှုန်းမှာမူ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးတက်လာသည်ကို လေ့လာတွေ့ ရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဆန်အမျိုးအပြား တင်ပို့လျက်ရှိပြီး ယခုနှစ်အတွင်း တန်ချိန် ၁၀၀၀၀ ထက် ပိုမိုတင်ပို့နိုင်ရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် အဓိကရည်မှန်းထားသည့်ဈေးကွက်ဖြစ်ပြီး အမေရိက၊ ကနေဒါ၊ Europe၊ ဩစတြေးလျ၊ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံများသို့လည်း ဆန်အမြောက်အများတင်ပို့ရန် ရည်ရွယ်ထားကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၂ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ၄၄၅၀၄ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျသွားကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇူလိုင် ၁၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၁၂ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၅၂၂၈ ကျပ် မှ ၂၅၄၄၀ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါကဈေးနှုန်းအနည်းငယ်တက်သွားကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် ဇွန်လအတွင်း ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း ၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း ၊ EU ၂ ဒသမ ၀၀၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၁၀၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်းနှင့် ဂျပန် သုည ဒသမ ၆၈၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့မည်ဟု USDAစာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဈေးကွက်လိုအပ်ချက်များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက်မြင့်တက်လာနိုင်ကြောင်း သုံးသပ်သိရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် တစ်ပတ်အတွင်း ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ကြည့်ပါက ဆန်အမျိုးအစားကိုလိုက်၍ ဈေးနှုန်းအနည်းငယ်ကျသွားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဇူလိုင် ၁၈ ရက်ဈေးနှုန်းများအရ ၂၅ မှတ်နှင့် ၃၅ မှတ်ဆန်များအဝယ်မရှိကြောင်း သိရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇူလိုင် ၁၃ ရက် မှ ၁၈ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း ၁၃-၀၇-၂၀၁၈ | ဈေးနှုန်း ၁၆-၀၇-၂၀၁၈ | ဈေးနှုန်း ၁၇-၀၇-၂၀၁၈ | ဈေးနှုန်း ၁၈-၀၇-၂၀၁၈ |
|---|---|---|---|---|---|---|
| ၁ | ဧယာ | ၅ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၂၈၀၀ |
| ၂ | ဧယာ | ၁၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၃၀၀ |
| ၃ | ဧယာ | ၂၅ | ၂၀၆၀၀ | ၂၀၆၀၀ | ၂၀၅၀၀ | |
| ၄ | ဧယာ | ၃၅ | ၂၀၁၀၀ | ၂၀၁၀၀ | ၂၀၀၀၀ | |
| ၅ | ဧည့်မထ | ၅ | ၂၂၈၀၀ | ၂၂၇၀၀ | ၂၂၇၀၀ | ၂၂၆၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၂၄၀၀ | ၂၂၂၀၀ | ၂၂၂၀၀ | ၂၂၂၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၂၀၆၀၀ | ၂၀၆၀၀ | ၂၀၅၀၀ | |
| ၈ | ဧည့်မထ | ၃၅ | ၂၀၁၀၀ | ၂၀၁၀၀ | ၂၀၀၀၀ | |
| ၉ | ငစိန် | ၅ | ၂၃၅၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ |
| ၁၀ | ငစိန် | ၂၅ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၀၀၀ | |
| ၁၁ | ငစိန် | ၃၅ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၀၅၀၀ | |

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ရက်သတ္တပတ်အတွင်း အတက်အကျမရှိသည်ကို တွေ့ရှိရပါသည်။ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင်ကျပ် ၁၉၀၀၊ ဟားခါးမြို့တွင်ကျပ် ၁၈၅၀ နှင့် မြစ်ကြီးနားမြို့တွင် ကျပ် ၁၆၀၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ခဲ့ပါသည်။ ပြည်၊ ပဲခူးနှင့် စစ်တွေမြို့

# နှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

များစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဂရိ | လီတာ | ၁.၉၃ |
| ၂ | အီရန် | လီတာ | ၀.၂၇ | ဘာဘေးဒို | လီတာ | ၁.၉၈ |
| ၃ | ဆူဒန် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၂.၀၁ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | ဟောင်ကောင် | လီတာ | ၂.၁၂ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၆ | အိုက်စလန် | လီတာ | ၂.၁၂ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | အီတလီ | လီတာ | ၁.၇၅ |
| ၂ | အီရန် | လီတာ | ၀.၀၇ | ဆွီဒင် | လီတာ | ၁.၇၇ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | မိုနာကို | လီတာ | ၁.၇၉ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၂၀ | နော်ဝေ | လီတာ | ၁.၈၇ |
| ၅ | ဆူဒန် | လီတာ | ၀.၂၃ | အိုက်စလန် | လီတာ | ၂.၀၄ |

၂၀၁၈ ခုနှစ်ဇူလိုင်လ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၂ | ၁.၀၀ |
| ၂ | ဂျပန် | လီတာ | ၁.၃၂ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၆ | ၁.၀၃ |

Oil-Price.NetWebsite ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Curde Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၅.၇.၂၀၁၈ | စည် | ၇၀.၀၁ |
| ၂ | ၁၆.၇.၂၀၁၈ | စည် | ၆၈.၀၆ |
| ၃ | ၁၇.၇.၂၀၁၈ | စည် | ၆၈.၀၈ |
| ၄ | ၁၈.၇.၂၀၁၈ | စည် | ၆၈.၇၈ |
| ၅ | ၁၉.၇.၂၀၁၈ | စည် | ၆၉.၄၆ |

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများသည် ယခုဇူလိုင်လ တတိယပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများမှာ တည်ငြိမ် နေသကဲ့သို့ အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ လာအို၊ တရုတ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများ၏ ဈေးနှုန်းများလည်း တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ပြည်သုတ

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | ဒီဇယ်ဆီ | | | |
| | | ဇူလိုင် ၁၃ | ဇူလိုင် ၁၆ | ဇူလိုင် ၁၇ | ဇူလိုင် ၁၈ | ဇူလိုင် ၁၃ | ဇူလိုင် ၁၆ | ဇူလိုင် ၁၇ | ဇူလိုင် ၁၈ |
| ၁ | မြစ်ကြီးနား | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၄၈၀ | ၄၄၈၀ | ၄၄၈၀ | ၄၄၈၀ |
| ၂ | လားရှိုး | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ |
| ၃ | ကျိုင်းတုံ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၉၅ | ၄၉၉၅ | ၄၉၉၅ | ၄၉၉၅ |
| ၄ | တောင်ကြီး | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၅ | လွိုင်ကော် | ၄၂၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၃၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၆ | ဘားအံ | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ |
| ၇ | မော်လမြိုင် | ၄၃၂၀ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ | ၄၂၇၅ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ |
| ၈ | ထားဝယ် | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၉ | မြိတ် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၀၅ | ၃၈၂၅ | ၃၈၂၅ | ၃၈၂၅ | ၄၀၅၀ |
| ၁၀ | ရန်ကုန် | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၄၀၉၁ | ၄၀၉၁ | ၄၀၉၁ | ၄၀၉၁ |
| ၁၁ | ပုသိမ် | ၃၇၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ |
| ၁၂ | စစ်တွေ | ၃၉၈၀ | ၃၉၈၀ | ၃၉၆၀ | ၃၉၆၀ | ၃၈၈၀ | ၃၈၈၀ | ၃၉၈၀ | ၃၉၈၀ |
| ၁၃ | ဟားခါး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ |
| ၁၇ | မကွေး | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၉၆ | ၄၂၉၆ | ၄၂၉၆ | ၄၂၉၆ |
| ၁၈ | ပြည် | ၄၁၀၀ | ၄၁၀၀ | ၄၁၅၀ | ၄၁၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၉ | ပဲခူး | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၂၀ | ပျဉ်းမနား | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၂၁ | နေပြည်တော် | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၂၂ | ကလေး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |

များတွင်ကျပ် ၁၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ် နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | |
|---|---|---|---|---|---|
| | | ၁၃-၀၇-၂၀၁၈ | ၁၆-၀၇-၂၀၁၈ | ၁၇-၀၇-၂၀၁၈ | ၁၈-၀၇-၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂ | လားရှိုး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၉ | မြိတ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၈၅၀ |
| ၁၄ | မုံရွာ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၅ | မန္တလေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၈ | ပြည် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၉ | ပဲခူး | ၁၁၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါကသုည ဒသမ ၁၈ ရာခိုင်နှုန်း တက်သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဇူလိုင်လတတိယပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

၂၀၁၈ ခုနှစ် ဇူလိုင်လ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၂၁၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ မှ ၄၁၈၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၇၁မှ ၆၁၄၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ ဖြစ်ပြီး မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၈ ဖြစ်ပေါ်နေပါသည်။

၂၀၁၈ ခုနှစ် ဇူလိုင်လ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား တစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၀ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၂၁ ပေါက်ဈေး ရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၇၁ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီ မြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၈ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲစောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၁ ဝန်းကျင်ခန့် ရှိကြောင်း လေ့လာသိရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | |
|---|---|---|---|---|---|
| | | ဇူလိုင် ၁၃ | ဇူလိုင် ၁၆ | ဇူလိုင် ၁၇ | ဇူလိုင် ၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၇ | မော်လမြိုင် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၈ | ထားဝယ် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေး နှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုညဒသမ ၉၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဇူလိုင်လ တတိယပတ်အတွင်း မြန်မာနိုင်ငံတွင်လည်း သကြား ဈေးနှုန်းသိသိသာသာ ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ခရီးသည်တင်ယာဉ် ရှစ်စီးမှ တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းအနေဖြင့် တရားမဝင် ကုန်သွယ်မှု လျော့နည်းရေးနှင့် ကုန်သွယ်မှုပမာဏ ပြည့်မီရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက် ၁၇၃၀ နာရီခန့်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင် ဦးစီးအဖွဲ့သည် ကုန်သွယ်ရေးဇုန်အရှေ့ မူဆယ်- လားရှိုး ပြည်ထောင်စု လမ်းမကြီးအတိုင်း မသင်္ကာဖွယ် ဖြတ်သန်း မောင်းနှင်သွားသည့် ထက်ဦးမှန်လုံယာဉ်အား Full Max တွင်လည်းကောင်း၊ မော်တော်ယာဉ်(၇)စီးအား မူဆယ်မောင်း တံဂိတ်တွင်လည်းကောင်း တားဆီးစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါတားဆီးခဲ့သည့် ယာဉ်ရှစ်စီးအနက် ယာဉ်အမှတ် 8H- 4300( Fuso) ပေါ်မှ သစ်သီးမျိုးစုံအား လည်းကောင်း၊ ယာဉ်အမှတ် BB-8373(Probox) ပေါ်မှ အထည်မျိုးစုံ၊ ဆပ်ပြာရည်၊ Online Shopping ပစ္စည်းများ၊ ဖန်စီကလစ်စုံအားလည်းကောင်း၊ ယာဉ်အမှတ် 1L-1368(Canter) ပေါ်မှ မြက်ရိတ်စက်လက်ကိုင်၊ ဘိုးနပ်၊ ချိန်းစောတို့အား လည်းကောင်း၊ ယာဉ်အမှတ် 4I-5698 (Dyna) ပေါ်မှ ကြွေပြားများအားလည်းကောင်း၊ ယာဉ်အမှတ် 6G-6859 (Hiace) ပေါ်မှအထည်မျိုးစုံ၊ ကားမှန်ကြည်ဆေး၊ ပိုးသတ်ဆေး၊ မှည့်ဆေး၊ အမဲဆီများအားလည်းကောင်း ဖမ်းဆီးရရှိခဲ့ပါတယ်။

ဒ့ါအပြင်ယာဉ်အမှတ် 7E-6539(Light Truck) ပေါ်မှ ပန်းကန်ဆေးဆပ်ပြာရည်၊ ဆပ်ပြာမှုန့်၊ စောင်၊ ထော်လာဂျီတန်းများအားလည်းကောင်း၊ ယာဉ်အမှတ် 2G-5849(Hiace) ပေါ်မှ အထည်မျိုးစုံ၊ PSI စက်၊ နံရံဖောက်ဂန်း၊ ကားပစ္စည်း (ရှပ်/ဘိုးနပ်)၊ ဖိနပ်များအား လည်းကောင်း၊ ယာဉ်အမှတ် 6J-7901(Hiace) ပေါ်မှ PSI စက်၊ ကြွေပြားကပ်ကော်၊ Online Shopping ပစ္စည်းများ၊ ပေါင်းအိုးများအား လည်းကောင်း တင်ဆောင်လာကြောင်း တွေ့ရှိရပြီး စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ မပါရှိခြင်း၊ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်ရှစ်စီးနှင့် ယာဉ်ပေါ်ပါပစ္စည်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ OSS အကောက်ခွန်ဦးစီးဌာနမှတစ်ဆင့် မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံခဲ့ကြောင်း သိရှိရပါတယ်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ကုန်သွယ်မှုပမာဏ တိုးတက်စေရေးတို့အတွက် တရားမဝင်နည်းလမ်းဖြင့် အကောက်ခွန်မဲ့တင်ဆောင်နေမှုများကို တရားဝင် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ ကုန်သွယ်မှုပြုလာစေရေး ဒေသ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနဲ့သက်ဆိုင်ရာ နယ်စပ် ကုန်သည်အသင်းများကလည်း ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**မအေးလေး**

# ထိုင်းနိုင်ငံသို့ ဥရောပသားများ စုပြုံဝင်ရောက်လည်ပတ်

ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဌာန၏ ပြောကြားချက်အရ အရှေ့ဥရောပ (၇)နိုင်ငံသည် ထိုင်းနိုင်ငံအတွက် အလားအလာရှိသော စီးပွားရေးအခြေအနေများကို ဖော်ဆောင်လျက်ရှိရာ ခရီးသွားကဏ္ဍအနေဖြင့် ယခုနှစ်အပြင် ရှေ့လာမည့်နှစ်အတွင်း၌လည်း ခရီးသွားလုပ်ငန်းများ ဆက်တိုက်တိုးတက်လာမည်ဟု မျှော်မှန်းလျက်ရှိကြောင်း၊ ထိုကဲ့သို့ မျှော်မှန်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ အရှေ့ဥရောပ (၇) နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအပေါ်ထားရှိသည့် အမြင်များမှာ ၎င်းတို့၏ အိမ်နီးချင်း အနောက်ဥရောပနိုင်ငံများကဲ့သို့ အနုတ်လက္ခဏာဆောင်သည့် အတွေးအမြင်များ မရှိသောကြောင့်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၌လည်း ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သူ လူဦးရေနှင့် ဝင်ငွေမှာ ၂၀ ရာခိုင်နှုန်းအထိရှိသော ဈေးကွက်တစ်ခုအဖြစ် စိန်ခေါ်လျက်ရှိကြောင်း၊ ၂၀၁၇ခုနှစ်အတွင်း၌ ခရီးသွားလုပ်ငန်းမှာ (၁၅ ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်း)ထိ တိုးတက်ခဲ့သောကြောင့် ၂၀၁၈ ခုနှစ်အတွင်း၌လည်း ဆက်လက်တိုးတက်မည်ဟု ခန့်မှန်းထားသည်ဟု ပြောကြားခဲ့ပါသည်။

ဇန်နဝါရီလမှ ဧပြီလအတွင်း အရှေ့ဥရောပ (၃) နိုင်ငံမှ ထိုင်းနိုင်ငံသို့ လူဦးရေ ၅၄၀၀၀ ဦး ဝင်ရောက်ခဲ့သဖြင့် ယခင်ကာလများထက် ၁၉ ဒသမ ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ထို့အပြင် ယူကရိန်း နိုင်ငံသား ၃၂၉၀၀ ဦး (၁၉ ဒသမ ၂၀ ရာခိုင်နှုန်း)၊ ချက်နိုင်ငံသား ၃၀၀၀၀ ဦး (၁၇ ရာခိုင်နှုန်း)အထိ တိုးတက်ဝင်ရောက်ခဲ့သဖြင့် ၂၀၁၈ ခုနှစ်၊ ခြောက်လမပြည့်မီပင် ၂၀၁၇ ခုနှစ် တစ်နှစ်လုံးဝင်ရောက်ခဲ့မှုနှင့် နှိုင်းယှဉ်ပါက(၅၀ရာခိုင်နှုန်း)အထိဝင်ရောက်လည်ပတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် တစ်နှစ်လုံး ဝင်ရောက်ခဲ့သည့် အခြေအနေမှာ ပိုလန်လူမျိုး ၁၀၅၀၀၀ ဦး၊ ယူကရိန်းလူမျိုး ၆၀၇၀၀ဦးနှင့် ချက်လူမျိုး ၄၉၀၀၀ ဦးဖြစ်၍ ၂၀၁၈ ခုနှစ်၌ ယခင်နှစ်ထက် တိုးတက်နိုင်မည်ဟု သုံးသပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပိုလန်လူမျိုး တစ်ဦးအနေဖြင့် ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေစဉ် နေ့စဉ်သုံးစွဲငွေမှာ ၁ ရက်လျှင် ၅၂၀၀ ဘတ်ဖြစ်ပြီး ချက်လူမျိုးတစ်ဦးအနေဖြင့် ၅၅၀၀ ဘတ်အထိ သုံးစွဲခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအတွင်း၌ အရှေ့ဥရောပသားများအား ဆွဲဆောင်မည့် ခရီးသွားအစီအစဉ်များအဖြစ် ကော့ချန်းကျွန်း၊ တရုတ်ခရိုင်(သို့) ချန်ထပူရီခရိုင်များသို့ ဟန်းနီးမွန်းခရီးစဉ်နှင့် မိသားစုအလိုက် နွေးထွေးစွာ လည်ပတ်သွားလာနိုင်သည့် ခရီးစဉ်များကိုလည်း တိုးချဲ့သွားရန် စီစဉ်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသစ်များ ချဲ့ထွင်နိုင်ရေးအတွက် အချက်အလက်သစ်များရှာဖွေခြင်း အပါအဝင် လူအုပ်စုအလိုက် စိတ်ဝင်စားသော နေရာဒေသများ၊ ပစ္စည်းများကို ခရီးသွားလုပ်ငန်း၌ ကြော်ငြာခြင်းများ ပြုလုပ်သွားမည်ဖြစ်သည့်အပြင် ယခင်က ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သူများအနေဖြင့် လိင်ပိုင်းဆိုင်ရာ လည်ပတ်သည့်ဒေသဟု အဆိုးမြင်နေမှုများကိုလည်း ပြုပြင်ရမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**သန်းသန်းနိုင်**

**Source :ထိုင်းရုတ်သတင်းစာ**

# ဆန်စပါးအတွက် ဘတ်ငွေ ၃၄ ဒသမ ၅ သန်းကူညီရန် အတည်ပြု

ထိုင်းနိုင်ငံ၏ The National Rice Policy and Management Committee က ၂၀၁၈-၂၀၁၉ သီးနှံ နှစ်အစဖြစ်သည့် နိုဝင်ဘာလတွင် ဆန်စပါးအတွက် ဘတ် ၃၄ဒသမ ၅ သန်း ကူညီပေးမည့်စီမံချက်အား သဘောတူလိုက်ပြီဖြစ်ပါသည်။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ဖြစ်သူ Mrs. Nuntawan Sakuntanga မှ အဆိုပါ အစီအမံသည် ၂၀၁၇-၂၀၁၈ သီးနှံရာသီ၏ ထုတ်လုပ်မှုထက် ပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်ကြောင်း၊ အစီအစဉ်သုံးခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ အစီအစဉ် (၁)မှာ ဆန်စပါးများအား ရာသီချိန်နောက်ကျမှ ရောင်းချရန်သဘောတူထားသည့် လယ်သမားများအား အရည်အသွေးကောင်းမွန်ရေးနှင့် ရိတ်သိမ်းကုန်ကျစရိတ်များအတွက် ချေးငွေထောက်ပံ့ခြင်း၊ အစီအစဉ်(၂)မှာ သီးနှံများအားတန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နေသည့် စိုက်ပျိုးရေးသမအသင်းများအား ချေးငွေထုတ်ချေးခြင်း၊ အစီအစဉ် (၃)မှာ ဆန်သိုလှောင် ရောင်းဝယ်သူများအား သုံးရာခိုင်နှုန်း အတိုးနှုန်းဖြင့် ခွဲတမ်းချချေးပေးခြင်းတို့ ဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါအစီအစဉ်အား ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်များတွင်အောက်တိုဘာလမှ မတ်လအတွင်း နောက်ဆုံးထား ဆောင်ရွက်သွားဖွယ်ရှိကြောင်း၊ အစီအစဉ်(၁) တွင်ပါဝင်သည့် လယ်သမားများအတွက် ချေးငွေအား ဘတ် ၂၂ သန်းလျာထားပြီး အစီအစဉ် ၂ တွင်ပါဝင်သည့် အဖွဲ့များအတွက် ဘတ် ၁၂ ဒသမ၅ သန်းလျာထားကြောင်း၊ အစီအစဉ်(၃) တွင်ပါဝင်သည့် လုပ်ငန်းရှင်များအတွက်မူ ခန့်မှန်းတွက်ချက်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

အစီအစဉ်၏ အဓိကမျှော်မှန်းချက်မှာ စိုက်ပျိုးရိတ်သိမ်းချိန် ရာသီအတွင်း ဈေးကွက်အတွင်းသို့ ဆန်တင်ပို့ရောင်းချမှု တားဆီးရေးနှင့် နှောင့်နှေးရေးအတွက်ဖြစ်ကြောင်း Mrs.Nuntawan Sakuntanga က ပြောကြားခဲ့ပါသည်။

အစီအစဉ် (၁)အတွက် ရိတ်သိမ်းရေးတွင် တစ်ရိုင်လျှင် ဘတ် ၁၅၀၀ နှင့် အရည်အသွေးကောင်း ထုတ်လုပ်မှု ကုန်ကျစရိတ်အတွက် မိသားစုတစ်စု (သို့) ၁၂ ရိုင်ထက်မပိုပါက ဘတ် ၁၈၀၀၀ ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ ယခင်ရာသီချိန်တွင် တစ်ရိုင်လျှင် ဘတ် ၁၂၀၀ နှင့် အရည်အသွေးကောင်း ထုတ်လုပ်မှု ကုန်ကျစရိတ်အတွက် မိသားစုတစ်စု(သို့) ၁၀ ရိုင်ထက်မပိုပါက ဘတ် ၁၅၀၀၀ သာ ထုတ်ချေးခဲ့ကြောင်း၊ စိုက်ပျိုးရေးဌာနတွင် မှတ်ပုံတင်ထားမှု မရှိသော တရားမဝင် လယ်သမားများလည်း အနည်းငယ်ရှိနေကြောင်း သိရှိရပါသည်။

၎င်းတို့၏အစီအစဉ်အောက်တွင် လိုက်ပါဆောင်ရွက်ရန် သဘောတူပါက လယ်သမားများအနေဖြင့် ဆန်အမျိုးအစားအလိုက် ရောင်းချမှုအတွက် ရရှိနိုင်မည် ဝင်ငွေများမှာ hom mail rice တစ်တန်လျှင် ဘတ် ၁၁၈၀၀၊ glutinous rice တစ်တန်လျှင် ဘတ် ၁၀၂၀၀၊ ဆန်ဖြူတစ်တန်လျှင် ဘတ် ၇၅၀၀ နှင့် ဆန်မွှေးတစ်တန်လျှင် ဘတ် ၈၉၀၀ ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ကိုယ်ပိုင်စပါးကျီ ဆောက်လုပ်မှုအတွက် ထုတ်ချေးရန် လယ်ယာစိုက်ပျိုးရေးသမဝါယမဘဏ်တွင် ဘတ်သန်း ၂၅၀ ရှိကြောင်း၊ တစ်ဦးချင်း လုပ်ကိုင်သူ ၁၅၀၀၀၀ ဦး၊ ပူးပေါင်းဆောင်ရွက်သူ ၃၀၀၀ ခန့်ရှိပြီး နှစ်စဉ်အတိုးနှုန်းမှာ ၁ရာခိုင်နှုန်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**သန်းသန်းနိုင်**

**Source : Bangkok Post သတင်းစာ**

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဒူးရင်းသီးများ စတင်တင်ပို့

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမယ်သစ်ပို့ကုန်အဖြစ် ဒူးရင်းသီးကို တရုတ်နိုင်ငံသို့ ၂၀၁၈ ခုနှစ် ဇူလိုင်လမှ စတင် တင်ပို့နိုင်ခဲ့ပြီး အရေအတွက်အားဖြင့် ၅ဒသမ ၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆၀၉ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒူးရင်းသီး ပို့ကုန်လိုင်စင်ဈေးမှာ တစ်တန်လျှင် ၁၂၇၁ အမေရိကန်ဒေါ်လာဖြစ်ပါတယ်။ ဒူးရင်းသီးကို ပြည်တွင်းမှာ တစ်တန်ကို ကျပ် ၁၁ သိန်းခန့်ဝယ်ယူရပြီး တစ်ဖက်တရုတ်နိုင်ငံမှာ တစ်တန်ကို ကျပ် ၃၅ သိန်းခန့် ဈေးရရှိကာ တရုတ်နိုင်ငံ ကွမ်းတုံမြို့အထိ သယ်ယူတင်ပို့ရောင်းချတယ်လို့ လည်းသိရှိရပါတယ်။

ဒူးရင်းသီးဟာဆိုရင် မြန်မာနိုင်ငံမှာသာမက ထိုင်း၊ မလေးရှားနိုင်ငံတို့မှာလည်း အများဆုံးထွက်ရှိပါတယ်။ ဒူးရင်းသီးကို King of Fruits သစ်သီးတွေရဲ့ဘုရင်လို့လည်း တင်စားခေါ်ဆိုကြတယ်လို့ သိရပါတယ်။ ဒူးရင်းသီးစားသုံးရင် ခွန်အားဖြစ်စေပြီး အာဟာရဓာတ်များ ကြွယ်ဝရုံမျှမက ဒူးရင်းပင်ရဲ့ အရွက်နဲ့ အမြစ်တွေဟာလည်း ဆေးဖက်ဝင်တယ်လို့ လေ့လာသိရှိရပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခင်က ဒေသထွက် ကြံ၊ ရွှေဖရုံသီး၊ တစ်သျှူးငှက်ပျောများနှင့် ဖရဲသီးများသာ တင်ပို့နိုင်ခဲ့သော်လည်း ယခုအခါ ကုန်သွယ်မှုတိုးတက်စေရေးအတွက် ရာသီပေါ်သီးနှံများ၊ ဒေသထွက်ကုန်များအား အမယ်သစ်ပို့ကုန်အဖြစ် တင်ပို့နိုင်ရေး တွန်းအားပေးစည်းရုံး ဆောင်ရွက်လျက်ရှိသောကြောင့် ဒူးရင်းသီး အမယ်သစ်ပို့ကုန်အဖြစ် စတင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါတယ်။

**KTH**

# (၁၅) ကြိမ်မြောက်
# w½kf tmqD;Hukefpnfjyy
# မြန်မာနိုင်ငံ




| ဝင်းသန်းကျော် (ကုန်သွယ်မြှင့်) |

(ယခင်တစ်ပတ်မှအဆက်)

### တရုတ် – အာဆီယံကုန်စည်ပြပွဲသမိုင်းအကြောင်း

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလက အင်ဒိုနီး ရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ကျင်းပခဲ့သော (၇) ကြိမ်မြောက် တရုတ်-အာဆီယံထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးနယ်မြေတည်ဆောက်ရေးကို အထောက်အကူပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲများကို နှစ်စဉ် ကျင်းပသွားရန် အဆိုပြုခဲ့ပြီး ၂၀၀၄ ခုနှစ်မှ စတင် ကျင်းပ၍ ပြပွဲနှင့်အတူ တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပါသည်။

### CAEXPO Mascot

တရုတ်-အာဆီယံကုန်စည်ပြပွဲ အထိမ်းအမှတ်ရုပ်ပုံ CAEXPO Mascot အဖြစ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ကွမ်းရှီးကျွမ်းပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်ဆိုင်သည့် ခေါင်းဖြူမျောက်ကလေးရုပ်ပုံကို အသုံးပြုခြင်းဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အတူတကွမျှဝေခံစားရန် (Friendship, Cooperation, Development, Prosperity) ဟူသော အဓိပ္ပာယ်ဖြစ်ပါ သည်။

### ဂုဏ်ထူးဆောင်တိုင်းပြည် (Country of Honor)အဖြစ် ဆောင်ရွက်ခြင်း

၂၀၀၇ ခုနှစ်၊ စတုတ္ထအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှစတင်၍ အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ပိုမိုခိုင်မာစွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံတစ်နိုင်ငံကို ဂုဏ်ထူးဆောင်တိုင်းပြည် (Country of Honor) အဖြစ် ရွေးချယ် သတ်မှတ် တာဝန်ပေးအပ်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ဦးဆောင်နိုင်ငံအဖြစ် ပြပွဲဖွင့်ပွဲ အခမ်းအနားများသို့ သက်ဆိုင်ရာ နိုင်ငံအကြီးအကဲကိုယ်တိုင် တရုတ်နိုင်ငံအကြီးအကဲများနှင့်အတူ တက်ရောက် ချီးမြှင့်ဆောင်ရွက်ပေးရပါသည်။

ဂုဏ်ထူးဆောင်တိုင်းပြည် (Country of Honor) ရွေးချယ်သတ်မှတ်ခြင်းကို အင်္ဂလိပ်အက္ခရာ အစီအစဉ်အလိုက် သတ်မှတ်၍ အလှည့်ကျ အိမ်ရှင်နိုင်ငံ(Country of Honor) အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကျင်းပမည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (15 th China- ASEAN Expo)တွင် အလှည့်ကျအစီအစဉ်အရ ကမ္ဘောဒီးယားနိုင်ငံမှ ဂုဏ်ထူးဆောင် တိုင်းပြည် (Country of Honor) အဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ နှစ်စဉ်အလှည့်ကျ (Country of Honor) နိုင်ငံအဖြစ် ဆောင်ရွက်ခဲ့ပြီးသောနိုင်ငံများမှာ ၂၀၀၇ ခုနှစ်တွင် 4th CAEXPO ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ၂၀၀၈ ခုနှစ်တွင် 5th CAEXPO ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် 6th CAEXPO လာအိုနိုင်ငံ၊ ၂၀၁၀ ခုနှစ်တွင် 7th CAEXPO အင်ဒိုနီး ရှားနိုင်ငံ၊ ၂၀၁၁ ခုနှစ်တွင် 8th CAEXPO မလေးရှားနိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် 9th CAEXPO မြန်မာနိုင်ငံ၊ ၂၀၁၃ ခုနှစ်တွင် 10th CAEXPO ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် 11th CAEXPO စင်ကာပူနိုင်ငံ၊ ၂၀၁၅ ခုနှစ်တွင် 12th CAEXPO ထိုင်းနိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် 13th CAEXPO ဗီယက်နမ်နိုင်ငံနှင့် ၂၀၁၇ ခုနှစ်တွင် 14th CAEXPO ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့ ဖြစ်ပါသည်။

### နှစ်စဉ် CAEXPO ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတော် အကြီးအကဲများ တက်ရောက်ခဲ့သည့်စာရင်း

နှစ်စဉ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲများ တက်ရောက်ခဲ့ရာ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇ ခုနှစ်တို့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ၂၀၀၉ ခုနှစ်တွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ၂၀၁၀ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ၊ ၂၀၁၁ ခုနှစ်တွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ၂၀၁၂၊ ၂၀၁၃ ခုနှစ်တို့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ၂၀၁၄ ခုနှစ်တွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ၂၀၁၅ ခုနှစ်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ၂၀၁၇ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်တို့ တက်ရောက်ခဲ့ကြပါသည်။

### တရုတ် – အာဆီယံကုန်စည်ပြပွဲ၏ အဓိကခန်းမဆောင်များ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပသော တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးတွင် နှစ်လိုဖွယ်ရာ မြို့တော်များခန်းမဆောင် (Pavilion of Cities of Charm)၊ ကုန်စည်ဆိုင်ရာ ခန်းမဆောင် (Pavilion of Commodity Trade)၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင် ရွက်ရေးဆိုင်ရာ ခန်းမဆောင် (Pavilion of Investment Co-operation )၊ အဆင့်မြင့် နည်းပညာဆိုင်ရာ ခန်းမဆောင် (Pavilion of Advance Technology)၊ ကုန်သွယ်ရေး ဝန်ဆောင်မှု ဆိုင်ရာခန်းမဆောင်၊ (Pavilion of Trade in Services) ဟူ၍ အဓိက ခန်းမဆောင်များ ဆောက်လုပ်ပြသခဲ့ပါသည်။

### နှစ်လိုဖွယ်ရာမြို့တော်ခန်းမဆောင် (Pavilion of Cities of Charm)

တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် နှစ်လိုဖွယ်ရာ မြို့တော်များခန်းမဆောင်ကို ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှစတင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် အလှည့်ကျမြို့တော်တစ်ခုစီကို ရွေးချယ်၍ သတ်မှတ်ထားသော ရည်ရွယ်ချက် ခေါင်းစဉ် (Theme) နှင့်အညီ ပါဝင်ပြသရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်လိုဖွယ်ရာမြို့တော်များကို အောက်ပါအတိုင်း ရွေးချယ်ပြသခဲ့ပါသည်။

| ပြပွဲအမည် | ပြပွဲရည်ရွယ်ချက် | နှစ်လိုဖွယ်ရာမြို့ (City of Charm) |
|---|---|---|
| ဒုတိယအကြိမ်ပြပွဲ | စီးပွားရေးအချက်အချာမြို့ | မန္တလေး |
| တတိယအကြိမ်ပြပွဲ | ကမ္ဘာလှည့် ခရီးသွားမြို့ | ပုဂံ |
| စတုတ္ထအကြိမ်ပြပွဲ | ဆိပ်ကမ်းမြို့ | ရန်ကုန် |
| ပဥ္စမအကြိမ်ပြပွဲ | သတင်းအချက်အလက်နှင့် နည်းပညာမြို့ | ရတနာပုံ |
| ဆဋ္ဌမအကြိမ်ပြပွဲ | ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေးမြို့ | မူဆယ် |
| သတ္တမအကြိမ်ပြပွဲ | တရုတ်-အာဆီယံ နိုင်ငံများ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးမြို့ | မန္တလေး |
| အဋ္ဌမအကြိမ်ပြပွဲ | ပတ်ဝန်းကျင် ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေးမြို့ | နေပြည်တော် |
| နဝမအကြိမ်ပြပွဲ | သိပ္ပံနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးမြို့ | ရတနာပုံ |
| ဒသမအကြိမ်ပြပွဲ | ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းမြို့ | ကျောက်ဖြူ |
| (၁၁) ကြိမ်မြောက်ပြပွဲ | အာဆီယံ- တရုတ် ဆိပ်ကမ်းမြို့များ အကြား ရေကြောင်းဆက်သွယ်မှုဆိုင်ရာမြို့ | ရန်ကုန် (သီလဝါဆိပ်ကမ်း) |
| (၁၂) ကြိမ်မြောက်ပြပွဲ | ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ တည်ထောင်ရေးဆိုင်ရာမြို့ | ထားဝယ် |
| (၁၃) ကြိမ်မြောက်ပြပွဲ | ၂၁ ရာစု ပိုးလမ်းမကြီး တည်ဆောက်ခြင်းဖြင့် တရုတ်- အာဆီယံ အသိုက်အဝန်းသို့ ပူးတွဲတက်လှမ်းကြရေးဆိုင်ရာမြို့ | မော်လမြိုင် |
| (၁၄) ကြိမ်မြောက်ပြပွဲ | ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီးကို အတူတကွတည်ဆောက်ခြင်းဖြင့် ခရီးသွားကဏ္ဍမှတစ်ဆင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် | တောင်ကြီး |

ယခုနှစ်ကျင်းပမည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ (Theme) ဖြစ်သည့် “၂၁ ရာစု ပိုးလမ်းမကြီးကို အတူတကွ တည်ဆောက်ခြင်းဖြင့် တရုတ်-အာဆီယံသိုင်းအဝိုင်းကို တီထွင် ဆန်းသစ်ဆောင်ရွက်ကြရန်” (Jointly Building the 21st Century Maritime Silk Road, Shaping the China-ASEAN Community of Innovation) ဟူသည့်ခေါင်းစဉ်နှင့် ကိုက်ညီသော ကရင်ပြည်နယ်၊ ဘားအံမြို့ကို ရွေးချယ်ပြသမည်ဖြစ်ပါသည်။ အမျိုးသားပြခန်းဆောင် National Pavilionကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများဖြင့် ခေတ်မီထည်ဝါစွာ ပြသနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာအမျိုးသားပြခန်းဆောင် အကျယ်အဝန်းကို ၁၈၀ စတုရန်း မီတာ ရယူလျက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

### ကုန်စည်ဆိုင်ရာခန်းမဆောင် (Pavilion of Commodity Trade)

တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် ကုန်စည်ဆိုင်ရာခန်းမဆောင်၌ အာဆီယံ ကုန်စည်ကဏ္ဍနှင့် တရုတ်ကုန်စည်ကဏ္ဍဟူ၍ ကဏ္ဍနှစ်ခု ခွဲခြားပြီး ခင်းကျင်းပြသလေ့ရှိပါသည်။ အာဆီယံကုန်စည်ကဏ္ဍတွင် အာဆီယံ၏ အမှတ်တံဆိပ် ထုတ်ကုန်များ၊ စိုက်ပျိုးရေးအခြေခံ ထွက်ကုန်များနှင့် စားသောက်ကုန်များ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ၊ စားသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများကို ခင်းကျင်းပြသကြပါသည်။ တရုတ်ကုန်စည်ကဏ္ဍတွင်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားနှင့်စွမ်း အင်ဆိုင်ရာပစ္စည်းများ၊ စားသောက်ကုန်ထုတ်စက်ပစ္စည်းများနှင့်ထုပ်ပိုးသည့်စက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် လျှပ်စစ်အသုံးပြုပစ္စည်းများကို ခင်းကျင်းပြသကြပါသည်။

ယခုနှစ်ကျင်းပမည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးတွင် Hall No.(14) ကုန်စည်ပြခန်းဆောင်၌ ပြခန်း ၁၄၀ ကျော်ရယူပြီး မြန်မာ့ထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် နန်နင်းမြို့ မြန်မာ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးကို ၂၀၁၃ ခုနှစ်က တရားဝင်ဖွင့်လှစ် ပြီးဖြစ်ပါသဖြင့် စိတ်ဝင်စားသူ မြန်မာလုပ်ငန်းရှင်များအနေနှင့် ကုန်စည်ပြခန်းဆောင်တွင် ပြခန်းနေရာ မရရှိပါက ၎င်းကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတွင် ပြသရန် စီစဉ်ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် လျှော်ဖြူ စွန့်ဦးစိုက်ပျိုးထုတ်လုပ်သူအသင်းဖွဲ့စည်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက်တွင်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာမှ ၇ ဦး၊ လျှော်ဖြူစိုက်ပျိုးသူများ၊ စိတ်ဝင်စားသူများ ၄၀ ဦး၊ စုစုပေါင်း ၄၇ ဦး တက်ရောက်ပြီး အလုပ်အမှုဆောင် ၂၄ ဦးဖြင့် ထားဝယ်ခရိုင်လျှော်ဖြူစွန့်ဦး စိုက်ပျိုးထုတ်လုပ်သူများအသင်းအား ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ထို့သို့ အစည်းအဝေး ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားရာတွင် လျှော်ဖြူသည် ယနေ့ခေတ်စားလာသော ပြည်ပပို့ကုန်အမယ်သစ် သီးနှံဖြစ်သောကြောင့် စိုက်ပျိုးသူတောင်သူများ နှစ်စဉ်ဝင်ငွေရရှိစေသော သီးနှံဖြစ်သည်နှင့်အညီ တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် စီမံကိန်းအရ မစိုက်ပျိုးနိုင်သော မြေယာများ ပြန်လည်သိမ်းဆည်းထားပြီး တောင်သူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့်သီးနှံမဆို စိုက်ပျိုးမည်ဆိုပါက မြေယာလုပ်ပိုင်ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးမှ လျှော်ဖြူသည် မိုးရေချိန် ၁၀၀ လက်မတွင် စိုက်ပျိုးဖြစ်ထွန်းသည့်အတွက် မိုးရေချိန် ၂၀၀ လက်မကျော်ရှိသော တိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးဖြစ်ထွန်းမှုမရှိပါက အရင်းအနှီးများ ဆုံးရှုံးနိုင်ကြောင်း၊ တောင်သူများစမ်းသပ်စိုက်ပျိုးမှု အခြေအနေကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများအား ရုံးချုပ်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ဖြစ်ထွန်းပါက မိမိတို့ဌာနအနေဖြင့် ဈေးကွက်ရရှိစေရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ဈေးကွက်ဈေးနှုန်းရရှိရေး ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက အသင်းအဖွဲ့၊ အစုအဖွဲ့ဖွဲ့စည်းရခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများအားလည်းကောင်း၊ လျှော်ဖြူစတင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးအောင်စိုးက လက်ရှိစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေအားလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။



ဆက်လက်၍ အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လျှော်ဖြူပင်စိုက်ပျိုးခြင်းဖြင့် တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လျှော်ဖြူပင်သည် စိုက်ပျိုးသူတောင်သူများသာမက နိုင်ငံအတွက်ပါ အကျိုးအမြတ်ရရှိသည့် သီးနှံဖြစ်သောကြောင့် အောင်မြင်စွာစိုက်ပျိုးစေလိုကြောင်းနှင့် အခက်အခဲရှိပါက သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရပါသည်။


**ရွှေဝယ်သား**








ကြံ့ခိုင်ကျန်းမာ ဆီလီကာ
အာမို
အာမို
SILICATE FERTILIZER
SILICON (SiO2) - 25 %
CALCIUM (CaO) - 30 %
MAGNESIUM (MgO) - 2 %
ဆီလီကာ
ဓာတ်မြေဩဇာ
Distributed by:
AVENTINE LIMITED.
စပါးရွက်ဖုံးခြောက်
စပါးရွက်ညိုပြောက်
စပါးဂုတ်ကျိုး
ပင်စည်တောင့်တင်းခိုင်မာ၍ စပါးရွက်များကို စိမ်းစိုတောင်မတ်စေသည်။
ရွက်ဖုံးခြောက်၊ ရွက်ညိုပြောက်နှင့် ဂုတ်ကျိုးရောဂါကို ခံနိုင်ရည်ရှိစေသည်။
အောင်စေ့အောင်နှံများ၍ အထွက်တိုးစေသည်။
အာမိုစိုက်ပျိုးရေးဌာန | တိုက်နံပါတ် (C/1)၊ အမှတ် (၉)၊ ယောမင်းကြီးလမ်းသွယ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ – ၃၇၂၈၇၀၊ ၂၄၃၀၉၁၊ ၂၄၃၀၉၃



HAC
HARMONIZED AUTHORIZED CLEARANCE AGENCY
SAN PWINT
CUSTOMS BROKER SERVICES
Office
No(9/11), Room-203(D), 3th Floor, 36th Street (Lower Block),
Kyauktada Township, Yangon.
Tel : 09 511 4305, 09 49288254
gmail:aungzawlinn74@gmail.com



MARITIME SUPPORT SERVICES
Shipping Co.,ltd.
Myanmar Seamen Manning Agency
ISO 9001 : 2008
ClassNK
Certificate of Seafarer
Manning-service Provider
(S.R.P.S)
No.95-E, Walza Yanta Rd, Bik.3/b, Sounth
Okkalapa Tsp, Yangon, Myanmar.
Tel : 95-1-561900, 578646, 701108
Fax : 95-1-578646
E-mail : goldenpentagonmarine@gmail.com

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အမျိုးသားစံချိန်စံညွှန်းကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)**
**မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း**

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၅၀)အား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်လိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

(၁) MMS 1:2018 စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂) MMS FIP-WHO 961:2011 ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဆေးဝါးများအသင်းချုပ်တို့၏ ပူးတွဲလမ်းညွှန်ချက်များ၊ ဆေးဝါးဆိုင်ရာ ဝန်ဆောင်မှုများ၏ အရည်အသွေးဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃) MMS CODEX STAN 36:1981 အမြန်အေးခဲထားသော ဆူးတောင်ပါငါးများ၏ မြန်မာစံချိန်စံညွှန်း (ကလီစာထုတ်ပြီး/ကလီစာပါ)။

(၄) MMS CODEX STAN 190:1995 အမြန်အေးခဲထားသော ငါးအသားလွှာများ၏ မြန်မာစံချိန်စံညွှန်း။

(၅) MMS CODEX STAN 92:1981 အမြန်အေးခဲထားသော ပုစွန်များ၏ မြန်မာစံချိန်စံညွှန်း။

(၆) MMS CODEX STAN 198:1995 မြန်မာဆန် စံချိန်စံညွှန်း။

(၇) MMS CODEX STAN 171:1989 ပဲစေ့အမျိုးအစား (အချို့) အတွက် မြန်မာစံချိန်စံညွှန်း။

(၈) MMS ISO 22715:2006 အလှကုန်ပစ္စည်းများ ထုပ်ပိုးခြင်းနှင့် ကုန်အမှတ်တံဆိပ် ရေးသားရိုက်နှိပ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၉) MMS ISO 15747:2010 သွေးကြောသွင်းဆေးရည်များ ထည့်ရန်အသုံးပြုသည့် ပလတ်စတစ်ဘူးများ၏ မြန်မာစံချိန်စံညွှန်း။

(၁၀) MMS ISO 6410-1:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ-ဝက်အူရစ်များနှင့် အရစ်ပါသောအစိတ်အပိုင်းများ- အပိုင်း(၁) ယေဘုယျရေးဆွဲခြင်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၁) MMS ISO 6410-2:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ-ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ- အပိုင်း(၂) ဝက်အူရစ်ပါသော ဖြည့်သွင်းအစိတ်အပိုင်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၂) MMS ISO 6410-3:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ-ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ- အပိုင်း(၃) ရိုးရှင်းလွယ်ကူအောင် ပုံဖော်ရေးဆွဲခြင်းဆိုင်ရာ မြန်မာ စံချိန်စံညွှန်း။

(၁၃) MMS ISO 5408:2009 ဝက်အူရစ်များ- ဝေါဟာရဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၄) MMS ISO 16528-1:2007 ဘွိုင်လာနှင့်ဖိအားခံအိုးများ- အပိုင်း(၁) စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၅) MMS ISO 16528-2:2007 ဘွိုင်လာနှင့်ဖိအားခံအိုးများ- အပိုင်း(၂) ISO 16528-1 ၏လိုအပ်ချက်များကိုပြည့်မီရန် လုပ်ငန်းစဉ်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၆) MMS ISO 1072:1975 ပကတိသစ် (Solid wood) ပါကေး-အထွေထွေ သွင်ပြင်လက္ခဏာများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၇) MMS ISO 8903:1994 ရွက်ပြန့်သစ်မျိုးသစ်ခွဲသား- အခြေခံအရွယ်အစားများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၈) MMS ISO 8904:1990 ရွက်ပြန့်သစ်မျိုးသစ်ခွဲသားများ- အရွယ်အစားများတိုင်းတာခြင်းနည်းလမ်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၁၉) MMS ISO 4471:1982 သစ်-မျိုးတူသစ်ပင်အုပ်စုအတွင်း သစ်သား၏ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ ဂုဏ်သတ္တိများ စူးစမ်းတွက်ချက်ခြင်းအတွက် နမူနာသစ်ပင်နှင့် သစ်လုံးများ နမူနာကောက်ယူခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂၀) MMS ISO 3129:1975 သစ်-ရုပ်ပိုင်းနှင့်စက်မှုဆိုင်ရာ စမ်းသပ်မှုများအတွက် နမူနာကောက်ယူခြင်းနည်းလမ်းများနှင့် အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

**(ဆက်လက်ဖော်ပြပါမည်)**

# ကသာခရိုင်အတွင်းရှိ မြို့နယ်များတွင် ဝက်နားရွက်ပြာရောဂါ ဝင်ရောက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ကသာခရိုင်တွင် ဝက်နားရွက်ပြာရောဂါများဖြစ်ပွားနေသည်ဟု သတင်းရရှိသဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဇူလိုင် ၈ ရက်နှင့် ၁၀ ရက်များတွင် စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်ဌာနတို့နှင့်ပူးပေါင်းပြီး ဝက်ခုံများ၊ ဝက်သားဆိုင်များနှင့် အသားငါးဆိုင်များသို့ သွားရောက်စစ်ဆေးခြင်းများပြုလုပ်ခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် ဝက်နားရွက်ပြာဖြစ်စဉ်မှာ ကသာခရိုင် ဝန်းသိုမြို့ ရွှေဝန်းသီတာရပ်ကွက်မှ ဝက်နှစ်ကောင်သေဆုံးခဲ့ရာမှ ဝက်သားနမူနာယူပြီး မန္တလေးမြို့ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ဇွန် ၁၂ ရက်က ပေးပို့စစ်ဆေးခဲ့ရာ ဇွန် ၁၄ ရက်တွင် ဝက်နားရွက်ပြာဖြစ်ကြောင်း အတည်ပြု ခဲ့ပါသည်။ ထို့အပြင် ကောလင်းမြို့နယ် ဆင်ကုန်းကျေးရွာ၊ အင်းတော်မြို့နယ် မဲဇာ၊ နန့်သဲဒေသတွင် ဇွန်လ ၂၃ ရက်တွင်စတင်ဖြစ်ပွား၍ ဓာတ်ခွဲခန်းပို့ရာ ဇွန် ၂၈ ရက်၌ ဝက်နားရွက်ပြာရောဂါဖြစ်ကြောင်း အတည်ပြုခဲ့ရာသိရှိရပြီး ကသာခရိုင်အတွင်း ရောဂါဖြစ်ပွားရာဒေသများတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အထူး စောင့်ကြည့်ထိန်းချုပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ဝန်းသို၊ ကောလင်းမြို့နယ်မှလွဲ၍ ကျန်မြို့နယ်ရှိဝက်များဝင်/ထွက်မှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကျန်းမာရေးထောက်ခံချက် (PC3) ဖြင့် ခွင့်ပြုထားကြောင်း၊ ဝက်နားရွက်ပြာရောဂါကြောင့် ကောလင်း၊ ဝန်းသိုမြို့နယ်များတွင် ရောင်းဝယ်မှု ရပ်ဆိုင်းထားပြီး သတ်မှတ်ကာလပြီးပါက ရောဂါကင်းရှင်းလျှင် ပြန်လည်ခွင့်ပြု မည်ဖြစ်ကြောင်း၊ အခြားမြို့နယ်များတွင် ဝက်သားထုတ်လုပ်ရောင်းဝယ်မှုကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါကူးစက်ရခြင်းမှာ ပိုင်ရှင်များမှ ကျန်းမာရေးမကောင်းသောဝက်များကို လျှော့ဈေးဖြင့်ရောင်းခြင်း၊ လိုင်စင်ရဝက် ကုန်သည်များနှင့် ဝယ်ရောင်းပြုလုပ်သူများက နေရာပေါင်းစုံမှ ကျန်းမာရေးမကောင်းသော ဝက်များ သယ်ဆောင်ရောင်းချခြင်းတို့ကြောင့် ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားရခြင်းဖြစ်သဖြင့် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အဖွဲ့ ပေါင်းစုံပူးပေါင်း၍ ဝက်များဝင်/ထွက်မှုများ ထိန်းချုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်း ဆောင်ရွက်ခြင်းများနှင့် ဝက်ခြံပိုင်ရှင်၊ ဝက်ခုံပိုင်ရှင်များ၊ လိုင်စင်ရဝက်ကုန်သည်များအား လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပညာပေး ဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိပါသည်။

လှလှခိုင်(ကသာ)

# ယခုတစ်ပတ် ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၇ ရက်မှ ၁၃ ရက်ထိ တစ်ပတ်အတွင်း လုပ်ငန်း ဆောင်ရွက်မှုမှာ ပို့ကုန်ဆောင်ရွက်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၉၂ သန်း၊ သွင်းကုန်ဆောင်ရွက်မှုအနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၆ သန်း၊ ကုန်သွယ် မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၇၈ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခင်တစ်ပတ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်ထိ ပို့ကုန်ဆောင်ရွက်နိုင်မှုအနေဖြင့် အမေရိကန် ဒေါ်လာ သုည ၃၆၁ သန်း၊ သွင်းကုန် ဆောင်ရွက်မှုအနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၀ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၁ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုတစ်ပတ် ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၁ သန်း၊ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်းပိုမိုခဲ့ပြီး ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၇ သန်းပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ပို့ကုန်ပိုင်း၌ အဓိက ပို့ကုန်ပစ္စည်းဖြစ်သော တစ်သျှူးငှက်ပျောသီး အမေရိကန်ဒေါ်လာ၁ ဒသမ ၇၀၁ သန်းနှင့် High Speed Diesel Oil (500) PPM (Re - export ) အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၁ သန်းတို့ တင်ပို့နိုင်ခဲ့ခြင်းကြောင်း ပို့ကုန်တင်ပို့မှုတွင် ယခင်တစ်ပတ်ထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၁ သန်း ပိုမိုခဲ့ခြင်းဖြစ်ပါတယ်။

သွင်းကုန်ပိုင်းတွင် ယခုတစ်ပတ်အတွင်း အဓိကသွင်းကုန်ပစ္စည်းများဖြစ်သောဘိလပ်မြေ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ရုပ်မြင်သံကြားစက်များ၊ ကွန်ပျူတာ၊ ကွန်ပျူတာနှင့်သက်ဆိုင်သော ပစ္စည်းကိရိယာများ၊ စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ဓာတ်မြေဩဇာများ၊ သားရေ၊ သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ အခြားစက္ကူများ၊ သံနှင့်သံမဏိပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ ဘတ္တရီအခြောက်များ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ အလှကုန်ပစ္စည်းမျိုးစုံ၊ ချုပ်ပြီး အဝတ်အထည်များ ပိုမိုတင်သွင်းခဲ့၍ ယခင်တစ်ပတ်ထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်း ပိုမိုခဲ့ခြင်းဖြစ်ပါတယ်။

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၁၂ ရက်တွင် တရုတ်နိုင်ငံသို့ပို့ကုန်အမယ်သစ်အနေဖြင့် Best Oil Co.,Ltd. မှ ရုံးချုပ်လိုင်စင်ဖြင့် High Speed Diesel Oil (3750) BBL၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉၀၅၆၂ ဒသမ ၅၀ အား Re-export စနစ်ဖြင့် တင်ပို့နိုင်ခဲ့၍ ကုန်သွယ်မှုပမာဏ တိုးတက်ခဲ့ကြောင်း သိရှိရပါတယ်။

**စိုင်းလှိုင်သူ (ပျဉ်းမနား)**

# ကုန်သွယ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သော လွယ်ဂျယ်နယ်စပ်ဒေသ ကုန်သွယ်မှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင် ဘာလအထိ ) လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေနဲ့ ကုန်သွယ်မှုလျာထားချက် ပို့ကုန်အမေရိကန်ဒေါ်လာ ၇၅ သန်းနဲ့ သွင်းကုန် အမေရိကန်ဒေါ်လာ ၅ သန်း၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏအမေရိကန်ဒေါ်လာ ၈၀ သန်းဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၆ သန်းနဲ့ သွင်းကုန် အမေရိကန်ဒေါ်လာ၄ ဒသမ ၂၈ သန်း၊ စုစုပေါင်းကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၈၇၉၈ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၆ လတာအတွက် ကုန်သွယ်မှုလျာထားချက်အပေါ် ဇွန်လအထိ သုံးလအတွင်း ၇၈ ဒသမ ၆၀ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ (ဧပြီလမှ ဇွန်လအထိ) သုံးလအတွက် ကုန်သွယ်မှုလျာထားချက်မှာ အမေရိကန်ဒေါ်လာ ၄၅ သန်းဖြစ်သဖြင့် အမှန်ဆောင်ရွက်နိုင်မှုမှာ ၆၂ ဒသမ ၈၇၉၈ သန်းဖြစ်၍ လျာထားချက်အပေါ် ၁၃၉ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် လွယ်ဂျယ်နယ်စပ်ဒေသကုန်သွယ်မှုအနေနှင့် ဇွန်လအထိ ကုန်သွယ်မှုလျာထားချက်ကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**လွယ်ဂျယ်မောင်**

# စောင့်မျှော်ကြည့်ရှုအားပေးရဦးမည့် တတိယအကြိမ်မြောက် မြန်မာ့စွန့်ဦးတီထွင်ပွဲတော်

မောင်လွင်ပြင်

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပမည့် မြန်မာ့စွန့်ဦးတီထွင်ပွဲတော်ကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်ဟု သိရသည်။ ယခုနှစ် ကျင်းပခြင်းသည် တတိယအကြိမ်မြောက်ဖြစ်သည်။ မြန်မာ့စွန့်ဦးတီထွင်ပွဲတော် ကျင်းပရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကိုလည်း ဇူလိုင် ၁၀ ရက်တွင် ရန်ကုန်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ပြုလုပ်ခဲ့သည်။ ယင်း သတင်းစာရှင်းလင်းပွဲအရ မြန်မာ့စွန့်ဦးတီထွင်ပွဲတော်ကို ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ ကျင်းပကြမည်ဖြစ်သည်။

မြန်မာ့စွန့်ဦးတီထွင်ပွဲတော် ကျင်းပခြင်းသည် လက်ရှိအချိန်အခါတွင် အလိုအပ်ဆုံးနှင့် အကောင်းမွန်ဆုံး လုပ်ရပ်ဖြစ်သည်။ ယင်းပွဲတော်မျိုးကို တစ်နိုင်ငံလုံးက ကြိုဆိုရပါမည်။ လူငယ်များအတွက် အားကစားပွဲတော်များ ကျင်းပရန်လိုအပ်သလို လူငယ်ပညာရေးပွဲတော်များ ကျင်းပခြင်းကလည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာတာသွားပါသည်။ ထို့အပြင် ကလေးစာပေပွဲတော်၊ လူငယ်စာပေပွဲတော်များနှင့် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်း ပြပွဲများလည်း ဆင့်ကဲ့ဆင့်ကဲ့ ဆောင်ရွက်နေဆဲ ကာလတွင် ယင်းကဲ့သို့ လူငယ်များအတွက် ဦးတည်ပြီး မြန်မာ့စွန့်ဦးတီထွင်ပွဲတော်မျိုး ကျင်းပခြင်းမှာ အတိုင်းနှင့်အလွန်၊ တံခွန်နှင့်ကုက္ကား ဖြစ်သွားရချေသည်။ ပြောရလျှင် ယနေ့ကာလတွင် မြန်မာလူငယ်အများစုတွင် စွန့်ဦးတီထွင် လုပ်ကိုင်ချင်သည့် သဘောဆန္ဒများ ကိန်းအောင်းနေသည်။ မြန်မာလူငယ်များတွင်လည်း တီထွင်ကြံဆဆန်းသစ်သော အတွေးအခေါ်များရှိနေသည်။ အချို့သော လူငယ်များသည် တောက်မည့်မီးခဲတရဲရဲ သဘောရှိသည်။ အချို့လူငယ်များကျတော့ မီးခဲပြာဖုံးဘဝဖြင့် မိမိတို့ စွန့်ဦးတီထွင်ချင်စိတ်ကို မြိုသိပ်ထားရသည့် သဘောရှိသည်။ ဤတွင် မြန်မာစွန့်ဦးတီထွင်ပွဲတော်မျိုးက လူငယ်များ၏ တီထွင်ကြံဆ ဆန်းသစ်ချင်စိတ်များကို နှိုးဆော်ပေးပြီး လမ်းပွင့်အောင် တွန်းဆော်ပေးနိုင်လိမ့်မည်ဟု ယူဆသည်။

ထို့ကြောင့် ယင်းပွဲတော်မျိုးကို ကြိုဆိုရမည်၊ ထောက်ခံအားပေး ဝိုင်းဝန်းကူညီရမည်ဟု တိုက်တွန်းရခြင်းဖြစ်သည်။ သို့သော် စွန့်ဦးတီထွင်ပွဲတော်ကို ရန်ကုန်မြို့တွင်သာကွက်ပြီး ထစ်ချုန်းမိုးရွာနေ၍မရဟု ယူဆသည်။ မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်တွင် စွန့်ဦးတီထွင်ချင်စိတ်ရှိသော ရွက်ပုန်းသီး လူငယ်များရှိနေသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ မြို့တော်များတွင် ယင်းပွဲတော်မျိုးကို အလျဉ်းသင့် သလို စီစဉ်ကျင်းပစေချင်သေးသည်။ ယင်းအတွက် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းကို တိုက်တွန်းချင်သည်။ ပွဲတော်ကျင်းပရေး ဘတ်ဂျက်အခြေအနေတွက်ချက်ရခြင်းမျိုး ရှိကောင်းရှိမည်။ လိုအပ်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ လူငယ်ပြုစုပျိုးထောင်ရေး ပရဟိတဖောင်ဒေးရှင်းများနှင့် စေတနာရှင် အလှူရှင်များထံက အကူအညီတောင်းကာ ပူးပေါင်းဆောင်ရွက်သင့်သည်။ စွန့်ဦးတီထွင်ပွဲတော်များ နိုင်ငံအနှံ့ ကျင်းပပေါ်ပေါက်စေချင်သည့် ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံတွင် လူငယ်စွန့်ဦးတီထွင် မျိုးဆက်သစ်မွေးထုတ်စေချင်သည့် ရည်ရွယ်ချက်ဖြစ်သည်။ လက်ရှိကာလသည် မြန်မာနိုင်ငံအဖို့ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ သတင်းအချက်အလက်နည်းပညာ၊ စားသောက်ကုန်၊ ခရီးသွားလာရေးလုပ်ငန်း အစရှိသည့် နယ်ပယ်အသီးသီးတွင်အတွေးသစ်၊ စိတ်ကူးသစ်၊အကြံအစည်သစ်၊ စီမံခန့်ခွဲမှု အသစ်များဖြင့် စွန့်စားလုပ်ကိုင်ကြသော စွန့်ဦးတီထွင်သမားများ လိုအပ်နေသည်။ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုလည်း နိုင်ငံတော်နှင့်ချီပြီး စဉ်းစားလျှင် ဒေသတွင်း နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စွန့်ဦးတီထွင် လုပ်ကိုင်ချင်သည့် လူငယ်များကို မြေထောင်မြှောက်ပေးရန် တာဝန်ရှိနေသည်။ ကူညီထောက်ပံ့ စောင့်ရှောက်မှုများ လိုအပ်နေသည်။ သို့ဖြစ်ရာ စွန့်ဦးတီထွင် ပွဲတော်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်နေခြင်းဖြစ်သည်။

တတိယအကြိမ်မြောက် ကျင်းပမည့် မြန်မာ့စွန့်ဦးတီထွင်ပွဲတော်ကို ဆန်းသစ်တီထွင်ပြောင်းလဲခြင်း (Innovation) နှင့် သက်ဆိုင်သော အကြောင်းအရာများကို အဓိကဦးစားပေးတင်ပြသွားမည်ဟု သိရသည်။ စွန့်ဦးတီထွင်သူများအတွက် ဈေးကွက်ချိတ်ဆက်ပေးရန် ၊ ငွေကြေးအရင်းအနှီးများ ချိတ်ဆက်ပေးနိုင်ရန်နှင့် ကွန်ရက်တစ်ခု ဖန်တီးပေးနိုင်မည့် စီးပွားရေးပတ်ဝန်းကျင်ကောင်း တစ်ခု ဖန်တီးပေးနိုင်ရန် လုပ်ငန်းတည်ထောင်သည့် လူငယ်များအား မြေတောင်မြှောက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ မြန်မာ့လူ့ဘောင်ဝန်းကျင်တွင် လိုအပ်နေသည့် လူမှုအကျိုး ပြုစီးပွားရေးလုပ်ငန်းများ၊ နည်းပညာအခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ စတင်ပေါ်ပေါက်လာစေရန် စသည့် ရည် ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဟု ပွဲတော်ကျင်းပရေး သတင်းစာ ရှင်းလင်းပွဲကသိရသည်။

ပွဲတော်ကျင်းပရေးနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း(MYEA)ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်ကလည်း ယခုလိုပြောကြားသည်။ "စွန့်ဦးလူငယ်လုပ်ငန်းရှင် တော်တော်များများက လုပ်ငန်းတွေ စလုပ်တဲ့အခါမှာ သမားရိုးကျ မိရိုးဖလာလုပ်ငန်းတွေကို လုပ်ကြတာများတယ်။ သမားရိုးကျ လုပ်ငန်းတွေ ပိုမိုတိုးတက်အောင် လုပ်ဖို့အတွက် ဆန်းသစ်တီထွင်ပြောင်းလဲခြင်း(Innovation)နဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေ ပေါင်းစပ်ပြီးတော့ လုပ်မှသာ လုပ်ငန်းတွေဟာ အချိန်တိုအတွင်း တိုးတက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုလုပ်မယ့်ပွဲမှာ ဆန်းသစ်တီထွင် ပြောင်းလဲခြင်းနဲ့ ဒစ်ဂျစ်တယ်နည်းပညာကို ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ပါဝင်တဲ့သူတွေ တက်ရောက်တဲ့သူတွေလည်း ဗဟုသုတတွေ ရရှိသွားမှာပါ"ဟု ဆိုသည်။

ထို့ပြင် တတိယအကြိမ်မြောက် ကျင်းပမည့် မြန်မာ့စွန့်ဦးတီထွင်ပွဲတော်တွင် စီးပွားရေးလုပ်ငန်းစုကြီးများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများက လုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲများ (Panel Discussion)၊ ဟောပြောပို့ချခြင်း(Expert Talks)များ ထည့်သွင်းပြုလုပ်အားဖြည့် ကူညီပေးသွားမည်ဟု သိရသည်။ ထို့ပြင် ကနဦးတီထွင်လုပ်ငန်း (Start Up) များအတွက် ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံချိတ်ဆက်ပွဲ (Pitching Program) များ၊ စွန့်ဦးတီထွင် လုပ်ငန်းများအတွက် လမ်းပြဆွေးနွေးပညာပေးခြင်း အစီအစဉ် (Monitoring) များနှင့် အချိန်တိုသင်တန်း (Short Course Training) များ တစုတစည်းတည်း ပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာသီသီခိုင်က ပွဲတော်ခင်းကျင်းမည့် အစီအစဉ်ကိုလည်း ပြောပြထားပါသေးသည်။

"ဒီပွဲမှာ ပြခန်းပေါင်း ၁၂၀ လောက် ပြသွားဖို့ စီစဉ်ထားပါတယ်။ မိတ်ဖက်အဖွဲ့တွေ အပြင် ပြင်ပက အက်စ်အမ်အီးလုပ်ငန်းရှင်တွေ ကိုလည်း လာရောက်ပြသဖို့ ခွင့်ပေးထားပါတယ်။ ကနဦးတီထွင်လုပ်ငန်းတွေအတွက် နိုင်ငံတစ်ဝန်းလုံးမှာ ရှိတဲ့ နှစ်နှစ်သက်တမ်းရှိတဲ့ ကနဦးစတင်သူတွေကို အခမဲ့ လာရောက်ပြသခွင့် ပေးထားပါတယ်။ ကျွန်မတို့အသင်းက လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်းဖြစ်တဲ့အတွက် လူငယ်တွေကို ကိုယ်စားပြုမယ်။ စွန့်ဦးတီထွင် စီးပွားရေးဝန်းကျင် တစ်ရပ် ဖြစ်ပေါ်လာဖို့၊ ဒီလုပ်ငန်းတွေကို လူတွေ ပိုပြီး စိတ်ဝင်စားလာစေဖို့၊ ဖွံ့ဖြိုးလာစေဖို့ ချိတ်ဆက်ပေးသွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ သင်တန်းတွေ၊ ဘယ်လိုတီထွင် ဆန်းသစ်ပြောင်းလဲရမယ်ဆိုတဲ့ အိုင်ဒီယာတွေ ရရှိလာအောင် ချိတ်ဆက်ပေးချင်လို့ ဒီပွဲကိုလုပ်ရတာ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးက ကနဦးလုပ်ငန်းရှင်တွေ လာရောက်ပြသဖို့ အချိတ်အဆက်တွေရသွားဖို့၊ ဗဟုသုတတွေ၊ အိုင်ဒီယာတွေရသွားဖို့ ဘယ်လိုမျိုး တိုးတက်အောင်လုပ်မလဲဆိုတဲ့ဟာတွေ ရသွားစေဖို့ ဒီပွဲကို လာရောက်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်"ဟုလည်း ပြောကြားထားပါကြောင်း တင်ပြလိုက်ရပါသည်။

## ကျိုင်းတုံမြို့တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေး ဈေးကွက်အတွင်းကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဈေးကွက်အတွင်းရှိ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ဇူလိုင် ၁၈ ရက်က စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူးရုံးမှ ဈေးကွက် စောင့်ကြည့်စစ်ဆေးရေးအဖွဲ့နှင့် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာနတို့ပူးပေါင်း၍ ကျိုင်းတုံမြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ဒေသ စားသောက်ကုန် ပစ္စည်းများထုတ်လုပ်ရာတွင် ထောက်ခံချက် အမှတ်တံဆိပ်များဖြင့် အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် စားသုံးသူပြည်သူများ ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးနိုင်ရေး၊ ဈေးကွက်အတွင်း ဘေးဥပဒ်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့ကိုရည်ရွယ်၍ ကွင်းဆင်းစောင့်ကြည့်စစ်ဆေးခြင်းဖြစ်ပြီး ဈေးကွက်အတွင်း၌ ထောက်ခံချက်မရှိသော ဒေသထုတ် စားသောက်ကုန်အချို့၊ ပြည်ပနိုင်ငံထုတ် ထောက်ခံချက်မရှိ မုန့်များနှင့် အချိုမှုန့်၊ ထောက်ခံချက်ရှိသော်လည်း စနစ်တကျရောင်းချခြင်းမရှိသော ပြည်ပနိုင်ငံထုတ် အေးခဲအသားများနှင့် ထောက်ခံချက်မရှိသော ပြည်ပထုတ် စိုက်ပျိုးရေးမျိုးစေ့အချို့အား အချို့ဆိုင်များတွင် တွေ့ရှိခဲ့၍ ဆက်လက်ရောင်းချခြင်းမပြုရန်နှင့် ထောက်ခံချက်ရှိသော စားသောက်ကုန်များအား စနစ်တကျ ခင်းကျင်းရောင်းချကြရန်၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပုဒ်မ-၁၉(ခ)အရ အရေးယူခံရမည်ဖြစ်သည်ကို ရှင်းလင်းကာ သတိပေးမှတ်တမ်းတွင် လက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရှိရပါတယ်။

ကျိုင်းတုံမြို့မဈေးတွင် မြေပြင် ကွင်းဆင်း စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း အကြိမ်ကြိမ်ပြုလုပ်ခဲ့၍ ဥပဒေနှင့်အညီလိုက်နာ ဆောင်ရွက်ခြင်းမရှိပါက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံသို့ ဆက်လက်တင်ပြ၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

KTG

Commerce ကာတွန်း



# တစ်ဖက်နိုင်ငံမှ ထွက်ရှိသည့်အာလူးအိတ်များ ဖမ်းဆီးရမိ

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးစခန်း အနေဖြင့် တရားမဝင်ကုန်သွယ်မှု လျှော့နည်းရေးနှင့် ကုန်သွယ်မှုပမာဏ ပြည့်မီရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက် ၂၂:၁၅ အချိန်ခန့်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့် အောင်ဦးစီးအဖွဲ့သည် ကုန်သွယ်ရေးဇုန် အရှေ့မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီးအတိုင်း မသင်္ကာဖွယ် ဖြတ်သန်းမောင်းနှင်သွားသော ယာဉ် ၂ စီးအား လားရှိုးမောင်းတံဂိတ်နှင့် Oriental Highway တိုးဂိတ်ကြားတွင် တားဆီးစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါတားဆီးခဲ့တဲ့ယာဉ်အမှတ် YGN 5L-6660 (Isuzu) နှင့် MDY 5P-4095 (Canter) ယာဉ် ၂စီးကို မျက်မြင်စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရုတ်နိုင်ငံထွက် အာလူးအိတ်များ တင်ဆောင်လာသည်ကို တွေ့ရှိရပြီး တစ်စီးလျှင် အာလူး (၂၀-Kg)ပါအိတ်(၂၀၀) ဖြင့် ၂စီးတွင် အိတ် ၄၀၀ တင်ဆောင်လာကြောင်း၊ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာပါရှိခြင်း မရှိကြောင်းနှင့် အထောက်အထားတင်ပြနိုင်ခြင်း မရှိသောကြောင့် အဆိုပါယာဉ် ၂ စီးနှင့် ယာဉ်ပေါ်ပါ အာလူးအိတ် ၄၀၀ ပါ Kg ၈၀၀၀ အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် OSS အကောက်ခွန်ဦးစီးဌာနမှတစ်ဆင့် မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခများ ဆုံးရှုံးနစ်နာမှု မရှိစေရေးအပြင် တရားဝင် အခွန်အခပေးဆောင်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းရှင်များအတွက် ထိခိုက်မှုမရှိစေရန်နှင့် တရားမဝင် တင်သွင်း/ တင်ပို့မှု မရှိစေရန်အတွက် ရှောင်တခင် စစ်ဆေးခြင်း၊ သတင်းရယူ၍ တားဆီးစစ်ဆေးခြင်း လုပ်ငန်းများကို OSS ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

တစ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံထွက် အာလူးများကို နည်းလမ်းမျိုးစုံနဲ့ ရှမ်းပြည်နယ်အတွင်းသို့ တင်သွင်း ဝင်ရောက်နေတာဖြစ်လို့ အာလူးစိုက်တောင်သူများ နစ်နာမှုရှိလာနိုင်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအနေနဲ့လည်း တရားမဝင်ကုန်သွယ်မှုများ စစ်ဆေးတားဆီးထိန်းချုပ်ရေး အဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်လျက်ရှိပြီး အာလူးစိုက်တောင်သူများရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးဖို့အတွက် တရားမဝင် နည်းလမ်းများဖြင့် ဝင်ရောက်လာတဲ့ တရုတ်နိုင်ငံထွက် အာလူးများကို တားဆီးနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**အေးအေးဝင်း**
**နယ်ရုံး (ကုန်သွယ်/ဦးစီး)**

## ရေပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သောကုမ္ပဏီမှ ၂၀၁၈/၁၉ မိုးစပါးရာသီမျိုးထုတ်ဇုန်ဖြင့် မျိုးသန့်စပါးများစိုက်ပျိုးထုတ်လုပ်

ပုသိမ်မြို့ရှိ ဒေသခံဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်၊ တောင်သူများနှင့် ဖွဲ့စည်းထားသော ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စျေးကွက်ဝင်မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူများနှင့်ပူးပေါင်း၍ နှစ်စဉ်မျိုးသန့်မျိုးစပါးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခု ၂၀၁၈/၁၉ မိုးစပါးရာသီမှာ ပေါ်ဆန်ကြီး၊ ပေါ်ဆန်းရင်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ ဆင်းသုခ၊ ဧရာမင်း၊ မျိုးစပါးစိုက်ဧက ၁၃၈ ဧကကို ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်များတွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မျိုးသန့်စိုက်တောင်သူများမှာ ဘောင်ပျိုးစနစ်နှင့် လယ်စိုက်ရမှာဖြစ်ပြီး ကုမ္ပဏီမှမျိုးစေ့ Register seed ထုတ်ပေး၍ စိုက်ခင်းကို ၁၅ ရက်တစ်ကြိမ် စစ်ဆေးပေးမှာဖြစ်ကြောင်း၊ မျိုးကွဲအခမဲ့သုံးကြိမ်ဝယ်ပေးပြီး မျိုးသန့်စိုက်ပျိုးချိန်မှ ရိတ်သိမ်းသည်အထိ ကုမ္ပဏီမှ ပံ့ပိုးကူညီ၍စပါးပေါ်ချိန် လက်ရှိပေါက်ဈေးထက် တစ်သိန်းဈေးပိုပေးကာ ဝယ်ယူသွားမှာဖြစ်ကြောင်း၊ ဧရာပုသိမ်ကုမ္ပဏီမှ မျိုးစပါးများကို ယခု လေး၊ ငါးနှစ်အတွင်း ဖေဖော်ဝါရီလထဲက အမှာစာဖြင့်လာရောက်ဝယ်ယူလျက်ရှိပြီး ယခုနှစ်မျိုးစပါးတင်းရေ ၁၅၀၀၀၊ စိုက်ပျိုးရာသီ ခြောက်လပိုင်းမရောက်မီ မျိုးသန့်စပါးများ အကုန်ရောင်းချရပြီး နောက်ပိုင်းနှစ်များမှာ မျိုးစပါးတင်းရေ၃၀၀၀၀ အထိ ရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ဧရာပုသိမ်ကုမ္ပဏီမှ မျိုးသန့်စပါးများကို ပုသိမ်မြို့နယ်နှင့်ပတ်ဝန်းကျင်မြို့နယ်များသာမက ဟင်္သာတ၊ ဇလွန်၊ ကြံခင်းမြို့နယ်များမှလည်း အဓိက လာရောက်ဝယ်ယူလျက်ရှိပြီး တိုင်းအတွင်း အခြားမြို့နယ်များမှလည်း လာရောက်ဝယ်ယူမှုရှိကြောင်း ဧရာပုသိမ်ဖွံ့ဖြိုး မှုအများနှင့်သက်ဆိုင်သောကုမ္ပဏီမှ သိရသည်။

**ဧရာမြေ(ပုသိမ်)**

## မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်ရှိ အ·ထ·က ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာဟောပြောပွဲများ ကျင်းပ

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (မုဒွန်း)နှင့် အခြေခံပညာအထက်တန်းကျောင်း (ရွာလွတ်) ကျောင်းများသို့ ဇူလိုင် ၁၃ ရက်တွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးအောင်ကျော်မိုး (စားသုံးသူရေးရာ ဌာနခွဲတာဝန်ခံ)နှင့် ဦးနေဇင်သက် (ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲတာဝန်ခံ) တို့သည် ချောင်းဆုံမြို့နယ်တာဝန်ခံ ဦးအောင်ကိုကိုနှင့်ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြော ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။

အခြေခံပညာအထက်တန်းကျောင်း(မုဒွန်း)၌ နံနက်ပိုင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းမြင့်မှ အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးအောင်ကျော်မိုးနှင့် ဦးနေဇင်သက်တို့မှ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဟောပြောခဲ့ကြပါသည်။ နေ့လယ်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (ရွာလွတ်)၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲအား ဆက်လက်ကျင်းပရာကျောင်းအုပ်ကြီးကိုယ်စား လက်ထောက်ဆရာမတစ်ဦးမှ အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် အသီးသီး ဟောပြောခဲ့ကြပါသည်။

အဆိုပါဆွေးနွေးဟောပြောပွဲများသို့ကျောင်းသူ/ကျောင်းသား (၆၇၆) ဦး၊ ဆရာ/ဆရာမ (၃၀) ဦး၊ စုစုပေါင်း (၇၀၆) ဦး တက်ရောက်ကြပြီး ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား ကျောင်းသား/ကျောင်းသူများ ဗဟုသုတ တိုးပွားစေပြီး မှန်ကန်စွာရွေးချယ်စားသောက်တတ်စေရန်အတွက် နှစ်စဉ်နှစ်တိုင်းလာရောက် ဟောပြောပေးပါရန် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ **နေဇင် (မွန်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၀) | J | ၁၈၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အက်ဇီယို (၂၀၁၁) | K | ၂၁၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | စပက်စီယို (၂၀၀၁) | F | ၁၆၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | စူပါကပ်စတန် (၉၇) | 8H | ၁၆၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ပါဂျဲရိုး (IO) (၂၀၀၁) | F | ၁၆၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပါဂျဲရိုး (၉၇) | E | ၁၉၀ သိန်း | 2.4 ဒီဇယ်၊ ရန်ကုန် |
| ၇။ | အာလ်ဖတ် (၂၀၀၃) | H | ၃၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ကလူဂျာ (၂၀၀၂) | J | ၃၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (၂၀ ) | | ၁၁၅ သိန်း | ကားကောင်း |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၈)လမ်း၊ | (၁၂.၅ x ၆၀)ပေ (၆) လွှာ | အခန်းဖွဲ့ | ၃၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅ x ၅၀)ပေ (၂) လွှာ | အခန်းဖွဲ့ | ၆၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း | ၁၂၅၀ စ/ပေ ၊ (၅) လွှာ | အခန်းဖွဲ့ | ၆၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၆၀၀ စ/ပေ | အခန်းဖွဲ့ (၄) လွှာ | ၄၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | အိမ်/မြေ | သာကေတမြို့နယ်၊ (၁၁) ရပ်ကွက် | (၂၀ x ၆၀)ပေ | ပျဉ်ထောင်အိမ် | ၈၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ | ၁၅၀၀ စ/ပေ | BN (၂) ထပ် | ၂၃၅၀ သိန်း | မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အိမ်/မြေ | အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ) ရပ်ကွက် | (၂၀ x ၆၀)ပေ | BN (၂) ထပ် | ၈၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီကျေးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့်၊ ခြံခတ်ပြီး | ၁၅၀ သိန်း | ပုံစံ (၇) မြေ | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးလမ်း | (၄၀ x ၆၀)ပေ | မြေသီးသန့်၊ ခြံခတ်ပြီး | ၈၀ သိန်း | လမ်းမအနီး | ၀၉/၅၁၁၇၂၆၂ |

# ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၂ သန်းတန်ဖိုးရှိ ရော်ဘာ ၁၁၅၇ တန်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစားတန်ချိန် ၇၀၀ နဲ့ MSR-20 အမျိုးအစား ၂၅၈ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၄၉ တန်ခန့်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Rubber Later 60% DRC တန်ချိန် ၁၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာဈေးနှုန်း မှာ RSS-3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၆ ဒသမ ၃၂၄ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက တစ်တန်လျှင် ၂၀၅၈ ကျပ်ဈေးကျတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ရော်ဘာတင်ပို့မှုကတော့ ယခင်တစ်ပတ်ထက် တန်ချိန် ၆၀ လျော့ကျခဲ့ပါတယ်။

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၁ သန်းတန်ဖိုးရှိ ရော်ဘာ ၉၀၂ တန်ကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ တရုတ်၊ မလေးရှားနဲ့ အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၈၈ တန်၊ တရုတ်နိုင်ငံသို့ Mixture of Natural Rubber အမျိုးအစား ၃၀၇ တန်၊ မလေးရှားနိုင်ငံသို့ MSR-20 အမျိုးအစား တန်ချိန် ၂၁၀ နဲ့ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၁၀၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၁၄၀ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိကြောင်းနဲ့ မြန်မာ့ရော်ဘာ FOB ဈေးလည်း ပြောင်းလဲမှု



မရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# MANDALAY EXPO & အီလက်ထရောနစ်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း ပြပွဲကျင်းပ၊ ပြခန်း ၆၀ ကျော် ဖွင့်လှစ်၊ ကုမ္ပဏီများမှ အထူးနှုန်းဖြင့် မိတ်ဆက်ရောင်းချ

၂၀၁၈ ခုနှစ် MANDALAY EXPO & အီလက်ထရောနစ်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း ကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၉ရက် နံနက်၉နာရီက မဟာအောင်မြေမြို့နယ် မနော်ရမ္မံပြည်သူ့ရင်ပြင်ရှိ ပြပွဲအဝင်မုခ်ဦးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း အမှုဆောင်များ၊ ညီနောင် အသင်းများမှ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက် အားပေးကြည့်ရှုကြသည်။

မန္တလေးကုန်စည်ပြပွဲ(၂၀၁၈)တွင် အီလက်ထရွန်နစ် ပစ္စည်းများ၊ လျှပ်စစ် ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ စာရေး ကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၊ လူသုံးကုန် ပစ္စည်းများ၊ စက်ဆီချောဆီများ၊Mytel ဟန်းဆက်များ အပါအဝင် ပြခန်းပေါင်း ၆၀ကျော် ခင်းကျင်းပြသထားပြီး ကုမ္ပဏီများက ထုတ်ကုန်များအား မိတ်ဆက်ပြသ၍ အထူးနှုန်းဖြင့် ရောင်းချပေးရာ လာရောက်ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ မန္တလေး ကုန်စည်ပြပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း ဖျော်ဖြေရေး အစီအစဉ်များဖြင့် ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကလေးဒေသထွက် နာနတ်သီးများ အညာဒေသ၌ အရောင်းသွက်

ကလေးဒေသထွက်နာနတ်သီးများသည် ကျောက်ပန်းတောင်းမြို့နယ်ရှိ သစ်သီးကုန်စည်ပွဲရုံများတွင် ဝင်ရောက်လျက်ရှိရာ အညာဒေသရှိ မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ညောင်ဦး၊ တောင်သာ၊ နွားထိုးကြီး၊ ဆိပ်ဖြူ၊ စလင်းမြို့နယ်များမှ လက်လီဆိုင်များက ဝယ်ယူသည့်အတွက် အရောင်းသွက်နေကြောင်း သိရသည်။

"အသစ်စပေါ်တာကတော့ ဇွန်လလယ်ကစတာပါ။ သကြားနာနတ်တစ်လုံးကိုကျပ် ၁၂၀၀ ရှိတယ်။ တစ်ပတ်ကို နာနတ်သီးအလုံး ၃၀၀ ပဲ ရောင်းရတာ။ ယခုတော့ နာနတ်သီး တစ်လုံးကိုကျပ် ၇၀၀ ရောင်းတယ်။ ဈေးကလည်းကျသွားတော့ အဝယ် လိုက်တာပေါ့။ တစ်ပတ်ကိုအလုံး ၈၀၀ နီးပါးရောင်းရတယ်"ဟု ကျောက်ပန်းတောင်းမြို့ လက်ကားရောင်းသူတစ်ဦးကပြောပါသည်။

နာနတ်သီးတွင် ခါးပတ်နာနတ်နှင့်သကြားနာနတ်ဆိုပြီး နှစ်မျိုးရှိကြောင်း၊ သကြားနာနတ်တစ်မျိုးသာအဝင်ရှိကြောင်း၊ အဝင်နည်းရခြင်းမှာ အသီး တစ်လုံးကျပ် ၄၀၀ သာရပြီး စိုက်တောင်သူများ တွက်ခြေမကိုက်၍ စိုက် သူနည်းပါးသောကြောင့်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ဆီမှာက သကြားနာနတ် အရောင်းသွက်တယ်။ ဈေးကလည်း အကြီးတစ်လုံး ကျပ် ၇၀၀ နှင့် အသေး တစ်လုံး ကျပ် ၅၀၀ တန် နှစ်မျိုးရောင်းတယ်။ အဝင်ကတော့အသစ်လှိုင်ချိန်မို့ လိုသလောက်ရှိကြောင်း" ရေနံချောင်း မြို့မဈေးက ရောင်းဝယ်သူအမျိုးသမီးတစ်ဦးက ပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# တောင်ကိုရီးယားနိုင်ငံ Korea International Exhibition Center(KINTEX) တွင် 2018 G-Fair Korea ကုန်စည်ပြပွဲ ကျင်းပမည်

တောင်ကိုရီးယား နိုင်ငံ၊Korea International Exhibition Center (KINTEX)တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ "2018 G-Fair Korea" ကုန်စည်ပြပွဲကိုကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲတွင် G-Fair Korea သည် တောင်ကိုရီးယားနိုင်ငံတွင် နှစ်စဉ် ကျင်းပလေ့ရှိသည့် အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် အကြီးဆုံးသော ကုန်စည်ပြပွဲ တစ်ခုဖြစ်ကြောင်း၊ အစားအသောက်နှင့် မီးဖိုချောင်သုံး ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ပရိဘောဂများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ အဝတ်အထည်၊ဖက်ရှင်နှင့် အလှအပဆိုင်ရာ ပစ္စည်းများ၊ ခရီးသွားနှင့် အားကစားဆိုင်ရာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ပါဝင် ပြသနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲ သို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသည့် စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး အဆိုပါပွဲနှင့်ပတ်သက်၍ လေ့လာသိရှိလိုပါက www.gfair.or.kr သို့ ဝင်ရောက် လေ့လာကြည့်ရှုနိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေး ဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇၄၃၀၁၂၈၊ E- mail:moctradefair@gmail.com သို့ လည်းကောင်း၊ မြန်မာကုန်သွယ်မှု ဗဟိုဌာန(ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်း ကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**ဆုမွန်သိန်း(TD)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၃-၇-၂၀၁၈ မှ ၂၉-၇-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုအားကောင်းနေမည်။ စီးပွားရေးလုပ်ငန်းများတွင် လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်း၊ အခြေခံလူတန်းစားများစွာနှင့်လုပ်ရသောလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းပြီးဝင်ငွေကောင်းနေတတ်ပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်သိုသိုသိပ်သိပ်ရှိနေမည်။ ကျန်းမာရေးအနေဖြင့် လေ၊ အကြောတို့နှင့်ပတ်သက်သောဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။အရှေ့မြောက်ထောင့်သို့မျက်နှာမူ ၍ မေတ္တာသုတ်ပရိတ်ရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ပျော်ရွှင်မှုများကြုံမည်။ ခရီးသွားလာရေးလုပ်ငန်းများအကျိုးရှိနေမည်။ ဟိုတယ်၊ မိုတယ်လုပ်ငန်းအကျိုးဖြစ်ထွန်းမှုအားကောင်းနေမည်။ နိုင်ငံရပ်ခြားကုန်သွယ်မှုလုပ်ငန်းများကောင်းကျိုးပေးနေမည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေမှုများနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် သွေး၊ သွေးကြောဆိုင်ရာဝေဒနာများခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ယှဉ်ပြိုင်မှုများသော်လည်း ဘာသာရေးလုပ်ငန်းများနှင့်သက်ဆိုင်သောသက်နှင်းဆိုင်၊ ဘုရားပစ္စည်းရောင်းဝယ်ရေး၊ သင်္ကန်းချုပ်စက်ရုံများမှ ဝင်ငွေအားကောင်းလိမ့်မည်။ ပညာရေးကံကောင်းနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တူကိုယ်တူရှိနေမည်ဖြစ်သည်။ ကျန်းမာရေးအနေဖြင့် အပြင်းဖျားခြင်းဖြစ်တတ်သည်။ ထိခိုက်ဒဏ်ရာသွေးထွက်သံယိုဖြစ်မှုများရှိတတ်ပါသည်။

**ယတြာ။ ။ဗောဇ္ဈင်သုတ်ရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာအလှအပများကိုနှစ်သက်မှုများနေပြီး ဥယျာဉ်ခြံမြေလုပ်ငန်းအကျိုးပေးမှု အားကောင်းနေတတ်သည်။ စိတ်ကူးယဉ်မှုထက် လက်တွေ့လုပ်ကိုင်ခြင်းက ပိုမိုအကျိုးရှိမည်ဖြစ်သည်။ ပျော်ရွှင်မှုများကြုံဆုံရလိမ့်မည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အရိုးအဆစ်နာကျင်သော ဝေဒနာဖြစ်တတ်သည့်အတွက် ဂရုစိုက်သင့်ပါသည်။ **ယတြာ။ ။မင်္ဂလသုတ်ရွတ်ဖတ်ပါ။**




**ကြာသပတေးသားသမီးများအတွက်** အိမ်၊ မြေနှင့်ပတ်သက်ပြီး စိတ်ပူပန်သောကဖြစ်ရမှုများရှိနေတတ်ပါသည်။ အကျိုးဆောင်စီးပွားရေးလုပ်ငန်းတန့်နေမည်ဖြစ်သည်။ မြေထွက်သီးနှံ၊ သယံဇာတများနှင့်အကျိုးဖြစ်ထွန်းမှုရှိလိမ့်မည်။ ပညာရေးကြိုးပမ်းရမည်။ အချစ်ရေးတွင် ချစ်သူခင်သူဝိုင်းဝိုင်းလည်နေတတ်သည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးတွင် အစာအိမ်ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ပုဗ္ဗဏှသုတ်ရွတ်ဖတ်ပါ။**



**သောကြာသားသမီးများအတွက်** စည်းစိမ်ဥစ္စာယစ်မူးနေတတ်သည်။ စီးပွားရေးတွင် ဖိမ်ခံပစ္စည်းများ၊ မင်္ဂလာခန်းဝင်ပစ္စည်းများ ရောင်းဝယ်ရေးအားကောင်းနေတတ်သည်။ ယာဉ်နှင့်စက်ပစ္စည်းအပိုရောင်း ဝယ်ရေးလုပ်ငန်းမှ အကျိုးအမြတ်များရရှိမည်။ ပညာရေးကံကောင်းသည်။ အချစ်ရေးတွင် အညှိုးအတေးလေးများဖြစ်ပေါ်နေလိမ့်မည်။ အိမ်ထောင်ရေးကံ သင့်တင့်နေပါသည်။ ကျန်းမာရေးတွင် အချိုအဆိမ့်ကြောင့် ဝေဒနာဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ပဋ္ဌာန်းဒေသနာကို ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စက်ရုံ၊ အလုပ်ရုံနှင့်ပတ်သက်ပြီး လက်အောက်ငယ်သားများအတွက် စိတ်ပင်ပန်းမှုများနေမည်။ ဝင်ငွေ၊ ထွက်ငွေမမျှဖြစ်မည်။ ပညာရေးသင့်တင့်နေမည်။ အချစ်ရေးအချိန်ယူစဉ်းစားရလိမ့်မည်။ အိမ်ထောင်ရေးကံကောင်းနေသည်။ ကျန်းမာရေးတွင် လေ၊ အကြောနှင့်ပတ်သက်၍ ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။အရဟံဂုဏ်တော်ရွတ်ပါ။**

## ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သက်တမ်းလွန်စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား မီးရှို့ဖျက်ဆီး

ရေနံချောင်းမြို့နယ် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ ဇူလိုင်လ ၁၆ ရက်က ရေနံချောင်းမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းမုန့်ဈေးတန်းများ၊ စည်ပင်သာယာဈေးများမှ သိမ်းဆည်းရရှိခဲ့သော သက်တမ်းလွန် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မကွေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပြည်သူများ၊ စုစုပေါင်း ၂၉၀၃ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လအတွင်း မကွေး၊ တောင်တွင်းကြီး၊ ချောက်၊ နတ်မောက်၊ ရေနံချောင်းမြို့နယ်များမှ သိမ်းဆည်းရရှိခဲ့သော သက်တမ်းလွန်စားသောက်ကုန် အမျိုးအစား (၁၀၇)မျိုး၊ အရေအတွက် (၈၂၉)ခု၊ တန်ဖိုးအားဖြင့် ကျပ် ၂၈၅၆၅၀ ကို သိမ်းဆည်းရရှိခဲ့ပြီး ကျောင်းသားကလေးငယ်များနှင့် အများပြည်သူ သိရှိနိုင်စေရေးအတွက် ရေနံချောင်းမြို့နယ်၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်ဟုလည်း သိရှိရပါသည်။

အဆိုပါ အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ ကျောင်းသားကလေးငယ်များ အသိပညာ၊ ဗဟုသုတများရရှိလာစေရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းသောကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲလာနိုင်စေရေး၊ ထုတ်လုပ်သူလုပ်ငန်းရှင်များဘက်မှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု အပိုင်းများဖြင့် မိမိတို့ထုတ်လုပ်သော ကုန်ပစ္စည်းများသည် အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီလာစေရေး၊ တစ်ဆင့်ဖြန့်ဖြူးရောင်းချသူများအနေဖြင့် လည်း သက်တမ်းလွန်စားသောက်ကုန်များ၊ ကလေးငယ်များအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်များ မရောင်းချစေရေး၊ ကျောင်းသားကလေးငယ်များ၊ စားသုံးသူပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရ ပြည့်ဝသော စားသောက်ကုန်များ ရွေးချယ်စားသောက်တတ်လာစေရေး ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟုလည်း သိရှိရပါသည်။ **စန္ဒာစိုးလွင် (မကွေး)**

## ပိတောက်နှင့် တမလန်းဟုယူဆရသော သစ်များဖမ်းဆီးရမိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းအနေဖြင့် တရား မဝင်ကုန်သွယ်မှု လျော့နည်းရေးနှင့် ကုန်သွယ်မှုပမာဏ ပြည့်မီရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက် ၁၅း၃၀ ချိန်တွင် လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင် ဦးစီးအဖွဲ့သည် သတင်းအရ ပြည်ထောင်စုလမ်းမကြီးပေါ် စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ်ပြောင်းလဲ တပ်ဆင်၍ ဝင်ရောက်လာသည့် ယာဉ်အမှတ် 1M-1435 (Toyota Wish) ယာဉ်အား Oriental Highway တိုးဂိတ်အနီးတွင် တားဆီး၍ ကုန်သွယ်ရေးဇုန်အတွင်း ခေါ်ဆောင်ရန် ဆောင်ရွက်စဉ် ယာဉ်မောင်းမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ယာဉ်ပေါ်မှ ပိတောက်နှင့် တမလန်းဟုယူဆရသည့် သစ်ခားရွှေတုံးများ မော်တော်ယာဉ်အပြည့် တင်ဆောင်လာကြောင်းတွေ့ရှိရသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သည်အသင်း၊ လုပ်ငန်းရှင်များနှင့် လစဉ်ကုန်သွယ်မှု မြှင့်တင်ရေး အစည်းအဝေးများ ကျင်းပပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိသော်လည်း တရားမဝင်လမ်း ကြောင်းမှ ဆောင်ရွက်နေသည်များရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခများ ဆုံးရှုံးနစ်နာမှု မရှိစေရေး၊ တရားဝင်အခွန်အခပေးဆောင်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းရှင်များ ထိခိုက်မှု မရှိစေရေးနှင့် တရားမဝင် တင်သွင်း/တင်ပို့မှု မရှိစေရေးတို့အတွက် ရှောင်တခင် စစ်ဆေးခြင်း၊ သတင်းရယူ၍ တားဆီးစစ်ဆေး ခြင်းလုပ်ငန်းများကို OSS ဌာနဆိုင်ရာ အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုလုပ်ငန်းစဉ်များ ဖြစ်ထွန်းတိုးတက်လာစေရေးအတွက် လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းများ၊ အဖွဲ့အစည်းအသီးသီးနှင့် မိတ်ဖက်ဌာနစုံများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

**မအေးလေး**

## အညာဒေသက ထွက်ရှိသော ဖန်းခါးသီးအစိုနှင့် အခြောက် ပေါ်ဦးပေါ်ဖျား အဝယ်လိုက်နေ

မကွေးတိုင်းဒေသကြီးမကွေးမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်များမှ စိုက်ပျိုးထွက်ရှိသော ဖန်းခါးသီးများ အစိုရော အခြောက်ပါ အဝယ်လိုက်နေကာ ဒေသခံများ ဝင်ငွေရနေကြောင်း ဒေသခံများထံက သိရသည်။

ဝါတွင်းကာလတွင် ဖန်းခါးသီးကို သံဃာတော်များအား ဆေးအဖြစ်၊ အတို့အမြုပ်အဖြစ် ကပ်လှူကြသည့်အပြင် ရာသီစာအဖြစ် စားသုံးကြကြောင်း၊ အညာဒေသ အထက်ပါမြို့နယ်များတွင် ဒေသတွင်းဈေးကွက်အပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အထိပီနံအိတ်များတွင် ထုပ်ပိုး၍ ကုန်စည်တင်ယာဉ်များနှင့် တင်ပို့ကြောင်း နတ်မောက်မြို့နယ်က ဖန်းခါးသီး ရောင်းဝယ်သူကိုမျိုးဆွေဦးက ပြောသည်။

မိုးရာသီ ဇူလိုင်ကနေ ဩဂုတ်လအထိ အညာဒေသ အထက်ပါမြို့နယ်များတွင် ဖန်းခါးသီးများ လှိုင်လှိုင်သီးကာ အပင်တစ်ပင်လျှင် တစ်ဆယ့်ခြောက်ပြည်ဝင် ငါးတင်းကနေ ဆယ်တင်းအထိ ထွက်ရှိကြောင်း သိရသည်။

လက်ရှိဖန်းခါးသီးတစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဈေး ဝယ်ယူပြီး အခြောက်တစ်ပြည်ကို ကျပ် ၂၅၀၀ ဈေးဝယ်ယူသည်။ အစိုကို ရာသီစာကုန်စိမ်းနှင့် အခြောက်ကိုတိုင်းရင်းဆေးအဖြစ်ရောင်းချကြောင်း သိရသည်။

အခါးဓာတ်ပါသဖြင့် တိုင်းရင်းဆေးအဖြစ် ပြည်တွင်းမှာရော ပြည်ပ တရုတ်နိုင်ငံကပါ ဝယ်ကြောင်း သိရသည်။ **ဆန်းညွှန့် (ရေနံချောင်း)**

## မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၄ သန်း တန် ဖိုးရှိ ရေထွက်ကုန် ၁၈၆၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၅၂၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၃၄၂ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ် ရေးစခန်းမှ ရေထွက်ကုန်လျော့နည်း တင်ပို့ခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေ ရိကန်ဒေါ်လာ သုညဒသမ ဝ၇၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၆၇ တန်၊ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ အေးခဲကဏန်း(ပျော့)၊ ကင်းမွန်၊ ငါးပုတ်သင်ခြောက်၊ သဲကဏန်း၊ ပုစွန်ခြောက်တို့ကို ၁၁၈၁ တန်၊ ကော့သောင်းကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၀ သန်း တန်ဖိုးရှိငါးမျိုးစုံ၊ အခြားရေထွက်၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို ၆၁၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# “တာငါးတာ” ဖြင့် တင်ပို့ကြပါစို့

| မြင့်ဦး(ပခုက္ကူ) |

ဘယ်နိုင်ငံမဆို ကိုယ့်ပြည်တွင်းမှထွက်ရှိတဲ့ သယံဇာတဖြစ်တဲ့ ကျောက်စိမ်း၊ ပတ္တမြား၊ ကျောက်မျက်အမျိုးမျိုး၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးထွက်ရှိတဲ့ သီးနှံတွေကို ကိုယ့်ပြည်တွင်းစားသုံးဖူလုံလို့ အပိုထွက်ရှိရင် အလိုရှိတဲ့နိုင်ငံတွေကို တင်ပို့ရောင်းချတာ အရောင်းအဝယ်ဓမ္မတာပါ။ တစ်ခါကိုယ့်နိုင်ငံမှာ မထွက်ဘဲ (ထွက်သော်လည်း မလုံလောက်တဲ့) ပစ္စည်းတွေကို မှာယူတင်သွင်းရတာကလည်း လောကဓမ္မနိယာမပါ။ ကိုယ့်နိုင်ငံကအပို သူ့နိုင်ငံကအလို ထိုနည်းတူစွာ သူ့နိုင်ငံရဲ့အပိုသည် ကိုယ်နိုင်ငံရဲ့အလိုလည်း ဖြစ်တတ်ပါတယ်. . ။ မြန်မာနိုင်ငံဟာလည်း စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံပါ။ သဘာဝတရားကပေးထားတဲ့ အမိမြန်မာနိုင်ငံရဲ့ သဘာဝထွက်ကုန်ဖြစ်တဲ့ ကျောက်သံပတ္တမြား၊ ကျွန်းသစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စတဲ့ ပစ္စည်းတွေအပြင် စိုက်ပျိုးထုတ်လုပ်ထွက်ရှိတဲ့ အသီးအနှံစတာတွေကို ပိုလျှံသမျှ ပြည်ပကိုတင်ပို့ရောင်းချပြီး နိုင်ငံဘဏ္ဍာတွေ တိုးမြင့်နေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒီနေရာမှာ တင်ပို့ရာမှာဖြစ်ဖြစ်၊ တင်သွင်းရာမှာဖြစ်ဖြစ် ယုတ်စွအဆုံးကိုယ့်ပြည်တွင်း ရောင်းဝယ်ကြရာမှာပဲဖြစ်ဖြစ် ရောင်းသူဝယ်သူ (တင်ပို့သူ၊ တင်သွင်းသူ)အားလုံးဟာ ကိုယ်ကဝယ်ရင်(တင်သွင်းရင်)ကောင်းမှ၊ သန့်မှကြိုက်သလို ရောင်းရင်ရော (တင်ပို့ရင်ရော) ကောင်းတာသန့်တာ တင်ပို့ဖို့ တာဝန်မရှိဘူးလားဆိုတာကို သတိထားစေလိုပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် နိုင်ငံအလိုက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေကိုက်ညီဖို့ လိုတယ်ဆိုတာ တာဝန်တစ်ရပ်ပါ။

မြန်မာနိုင်ငံဟာ ၂၀၁၃ ခုနှစ် ဇူလိုင် ၁၉ ရက်ကစလို့ GSP အခွင့်အရေး ပြန်လည်ခံစားခွင့် ရရှိသည့်နိုင်ငံပါ။ Generalized System of Preferences ဆိုတဲ့ GSP အခွင့်အရေးအရ အခွန်ကင်းလွတ်ခွင့်နှင့်အတူ အရေအတွက်ကန့်သတ်မှုမရှိ တင်ပို့ခွင့်ရရှိတဲ့နိုင်ငံတစ်နိုင်ငံပါ။ လက်နက်ခဲယမ်း မူးယစ်ဆေးမှအပ ကျန်တဲ့ကုန်သည်အားလုံးကို ဥရောပသမဂ္ဂသို့ အခွန်ကင်းလွတ်ခွင့်နှင့်အတူ အရေအတွက် ကန့်သတ်မှုမရှိဘဲ တင်ပို့ခွင့်ရရှိနေတာပါ။ ဒါပေမယ့် ဥရောပသမဂ္ဂသို့ တင်ပို့သောပစ္စည်းများသည် မြန်မာ နိုင်ငံရဲ့ ထွက်ကုန်ပစ္စည်းများဖြစ်ရမယ်လို့ သတ်မှတ်ထားလေတော့ အဆိုပါစနစ်အရ တင်ပို့သော ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံရဲ့ ပင်ရင်းထုတ်ကုန်ကြောင်း (Certificates of Origin)ကို သက်ဆိုင်ရာ အာဏာပိုင်တို့က အတည်ပြုထုတ်ပေးရပါတယ်။ ဒီလိုလုပ်ငန်းစဉ်အဆင့်ဆင့်အရ ထုတ်ပေးရတာဖြစ်တဲ့အတွက် လုပ်ငန်းအဆင့်ဆင့်များသလို ကုန်ပစ္စည်းတင်ပို့တဲ့ကုမ္ပဏီရဲ့ တာဝန်ခံမှုကို အားပျော့စေပါတယ်။ ဒီလိုကိစ္စရပ်တွေဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း တွေ့ကြုံရတဲ့ကိစ္စမဟုတ်ပါဘူး နိုင်ငံတိုင်းလိုလို တွေ့ကြုံရတာပါ။ ဒီလိုတွေ့ကြုံရတဲ့ အခက်အခဲတွေ အဆင်ပြေစေဖို့ လုပ်ငန်းကိစ္စတွေ ချောမွေ့လျင်မြန်စေဖို့ တင်ပို့သူမှတ်ပုံတင်စနစ်ဆိုတဲ့ (Registered Exporter System-RES) ကို ကျင့်သုံးရန်သတ်မှတ်ခဲ့ကြပါတယ်။ ဒီစနစ်ရဲ့အားသာချက်ကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ အများအပြားဟာ ဥရောပသမဂ္ဂသို့ ကုန်ပစ္စည်းများ ပိုမိုတင်ပို့လာနိုင်တဲ့ အားသာချက်ရရှိစေခဲ့ပါတယ်. . . ။

မြန်မာနိုင်ငံဟာ ဥရောပသမဂ္ဂမှ ပေးအပ်ထားသည့် အခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက်ကန့်သတ် မှုမရှိ တင်ပို့ခွင့်ရရှိခံစားနိုင်စေရန် မူလစနစ်ဟောင်းအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း စာရွက်စာတမ်း (Certificates of Origin-From A ) ကို ထုတ်ပေးခဲ့ရပါတယ်။ ယခုအနေအထား ၂၀၁၉ ခုနှစ် ဇွန်လအထိသာ ကျင့်သုံးပိုင်ခွင့်ရှိတော့မှာဖြစ်ပါတယ်။ အဲဒီကာလနောက်ပိုင်းမှာ တင်ပို့သူမှတ်ပုံတင်စနစ် (REX) ကိုသာ ကျင့်သုံးရမှာဖြစ်ပါတယ်။ ဆိုလိုတာက တင်ပို့သူမှတ်ပုံတင်စနစ်ဆိုတာ တင်ပို့သူကုမ္ပဏီကိုယ်တိုင် မြန်မာနိုင်ငံ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း တာဝန်ယူစေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေအထား နိုင်ငံတော်အစိုးရက တင်ပို့သူမှတ်ပုံတင်စနစ် (REX) ကို ပြောင်းလဲကျင့်သုံးဖို့ ဆောင်ရွက်နေပြီဖြစ်တယ်လို့ လေ့လာရပါတယ်။ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့သူကုမ္ပဏီပေါင်း မြန်မာနိုင်ငံက ကုမ္ပဏီ ၃၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဥရောပသမဂ္ဂသို့ တင်ပို့နိုင်မှုကို လေ့လာရာမှာကုန်ပစ္စည်းများ၏ တင်ပို့မှုတန်ဖိုးပမာဏကိုကြည့်မယ်ဆိုရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဧပြီမှ ဖေဖော်ဝါရီလကုန်အထိ ယူရိုသန်းပေါင်း ၃၁၇ သန်းကျော်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ဤပမာဏအရ ဥရောပသမဂ္ဂနှင့် ကုန်သွယ်မှုသည် မြန်မာနိုင်ငံအတွက် အကျိုးများစွာရှိနေသည်မှာ သိသာထင်ရှားလှပါတယ်. . . ။

ယနေ့အထိ မြန်မာနိုင်ငံမှ ကုမ္ပဏီခြောက်ခုသည် အဆိုပါ တင်ပို့မှုစနစ်သစ် (REX)ဖြင့် တင်ပို့နိုင်ရန် ကြိုးစားလျက်ရှိပြီး မကြာမီ အဆင်သင့်ဖြစ်တော့မည်ဟု လေ့လာသိရှိရပါတယ်။ တင်ပို့သူကုမ္ပဏီ ၃၀၀ ခန့်ရှိတဲ့ထဲမှာ ကုမ္ပဏီခြောက်ခုသာတင်ပို့မှုစနစ်သစ် (REX) ကို ကြိုးစားနေတယ်ဆိုတော့ လွန်စွာနည်းနေတဲ့ အနေအထားကို သုံးသပ်ရမှာဖြစ်ပါတယ်။ ကျန်သောကုမ္ပဏီများလည်း (REX) စနစ်ဖြင့် တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ရန် အလျင်အမြန် ကြိုးစားကြစေလိုပါတယ်။ ကုမ္ပဏီများအနေဖြင့်ဦးစွာ မှတ်ပုံတင်ပို့ ကုန်တင်ပို့သူအဖြစ် ဥရောပသမဂ္ဂ၏ သတ်မှတ် Website တွင် လျှောက်ထားပြီး သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်ရေးဦးစီးဌာနသို့ မှတ်ပုံတင်ပို့ကုန် တင်ပို့သူအဖြစ် လျှောက် ထားရပါမယ်။ လိုအပ်တဲ့စစ်ဆေးမှုများ ဆောင်ရွက်ပြီးပါက သက်တမ်းနှစ်နှစ်ရှိ မှတ်ပုံတင် တင်ပို့သူအဖြစ် မှတ်ပုံတင်နံပါတ်ရရှိမှာဖြစ်ပါတယ်။ ၎င်းမှတ်ပုံတင်နံပါတ်ကို ကုန်သွယ်ရေးဦးစီးဌာနမှ ဥရောပသမဂ္ဂ၏ ဗဟိုချက်အလယ် ထိန်းချုပ်မှုစနစ်သို့ ထည့်သွင်းပေးမှာဖြစ်ပါတယ်။ ဤစနစ်သစ်အရ တင်ပို့သူကုမ္ပဏီကိုယ်တိုင် မြန်မာနိုင်ငံ၏ သွင်းကုန်ထုတ်ကုန်ဖြစ်ကြောင်း တာဝန်ယူရမှာဖြစ်တဲ့ တာဝန်ခံမှု ပီပြင်ပြတ်သားစွာဖြင့် ကုန်သွယ်မှု လျင်မြန်-မြန်ဆန်-သွက်လက်လာတော့မှာဖြစ်ပါတယ်။

ဒီနေရာမှာတစ်ခုတော့ ပြောလိုပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဘာလုပ်လုပ် တာဝန်ရှိ၊ တာဝန်သိတယ်၊ တာဝန်ယူ၊ တာဝန်ခံတယ်၊ တာဝန်ကျေပြွန်တယ်ဆိုတာကိုပါ။ နိုင်ငံရေးပဲလုပ်လုပ်၊ လူမှုရေးပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ် အထက်ကအချက်တွေကို သိရှိနားလည် လက်ခံစေလိုပါတယ်။ ကိုယ့်ပခုက္ကူဟာ ဧရာဝတီရဲ့ ဧရာအနောက်မြို့တော်၊ ချင်းပြည်နယ် ယောဒေသရဲ့တံခါးပေါက်ဆိုတော့ ပြည်ပပို့ရတဲ့သီးနှံတွေ တော်တော်များများ ထွက်ရှိသိုလှောင်ရတဲ့ဒေသပါ။ သီးနှံအရည်အသွေးထိန်းသိမ်းတဲ့နေရာ စိုက်ပျိုးရေးမှာ ပိုးသတ်ဆေးတွေ အလွန်အကျူးသုံးလို့ ပိုးသတ်ဆေးကြွင်းတွေများလို့ ဖြစ်နေရတဲ့ပြဿနာတွေဆိုတာ မမြင်ချင် မကြားချင်အဆုံးပါ။ သူ့နိုင်ငံရဲ့ နည်းပညာ ကိုယ့်နိုင်ငံက မှီပြီလား၊ သူ့နိုင်ငံရဲ့ကျန်းမာရေးအသိ ကိုယ့်နိုင်ငံကလိုက်နိုင်ပြီလားဆိုတာတွေ စဉ်းစားကြစေလိုပါတယ်။ ဒီပကတိ အရှိတရားကို အသိထား လိုက်နာနိုင်းယှဉ်နိုင်မှ ဖြစ်မယ်ဆိုတာကို သိစေလိုပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲတွေသွားရင် စာရေးသူရဲ့အိတ်ထဲမှာ (Celphos) ဆေးပြားတောင့် အမြဲတမ်းပါပါတယ်။ ဟောပြောပွဲမှာ ကျောင်းတွေမှာဟောရင် ပိုးသတ်ဆေးအကြောင်း အသုံးပြုပုံကို ထည့်ပြီးဟောပေမယ့် မိဘနဲ့ ကျောင်းသားတွေဟောရင် ဒါမှမဟုတ် ကျောင်းတွေပိတ်လို့ မိဘပြည်သူတွေပဲဟောရင် ဟောဒီဆေးတောင့် (Celphos) ဆေးတစ်ပြားဟာ လေလုံတဲ့မိုးကာခြုံထားရင် တစ်တင်းခွဲဝင်အိတ် ၂၀ တင်းအားဖြင့် ၃၀ တစ်တန်မှာ ဆေးတစ်ပြားပဲ အသုံးပြုရမှာကို တောင်သူများက တစ်အိတ်၊ တစ်တင်း၊ တချို့ဆိုမျိုးထားတဲ့ ခြောက်ပြည်လောက်ကို ဆေးပြားတစ်ပြားထည့်နေတာဆိုတော့ မျိုးဘဝမှာကတည်းက ပိုးသတ်ဆေးကြွင်းများနေတဲ့အကြောင်း၊ ကိုယ့်စိုက်ပျိုးထွက်ရှိတဲ့ အသီးအနှံ အစေ့အဆန်ကို ဈေးကောင်းရလိုလျှင် စတင်စိုက်ပျိုးရာမှစလို့ ဒီလိုပိုးသတ်ဆေးကို လွယ်လွယ်ကူကူ အများအပြားသုံးနေရင် ဝယ်ယူသူက ကြိုက်ပါ့မလား၊ ဝယ်ပါ့မလား၊ ဈေးကောင်းရပါ့မလားဆိုတာတွေ ဟောပြောရတယ်။ ဒီပစ္စည်းတစ်ခုကို ကိုယ်က ဝယ်ယူစားမယ်၊ သုံးမယ်(စားသုံးသူ)အနေနဲ့ သူ့မှာအန္တရာယ်ရှိမယ်၊ ဘေးဒုက္ခရောက်မယ်။ ရောဂါရမယ်ဆိုရင် ဝယ်ယူစားသုံးပါဦးမလားဆိုတော့ “ဒီလိုသာသိရင် ဘယ်ဝယ်မလဲ ဆရာရယ်” ဖြစ်ကုန်ရော ဒီလိုဆိုရင် ကိုယ်က စိုက်ပျိုးထုတ်လုပ်တဲ့ပစ္စည်းကောင်းကောင်း (ဘေးအန္တရာယ်ကင်းစွာ)ထုတ်လုပ်ဖို့ရော တာဝန်မရှိဘူးလား ဆိုတော့ “ ရှိတာပေါ့. . . ဆရာ”လို့ ပြန်ပြောပါတယ်။ ဒီဆောင်းပါးအစမှာ တင်ပြခဲ့သလို ဘာပဲလုပ်လုပ် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေပြွန်မှုဆိုတဲ့ ‘တာ’ငါးတာကို လိုက်နာကျင့်သုံး ဖော်ဆောင်ကြဖို့ လိုနေပြီဆိုတာ အသိတရား သတိထားကြရတော့မှာ ဖြစ်ပါတယ်။ ယခုဆိုလျှင် တင်ပို့သူကိုယ်တိုင်(ကုမ္ပဏီ)ကိုယ်တိုင် “မြန်မာနိုင်ငံရဲ့ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း တာဝန်ယူရမယ်” ဆိုတာအပေါ်မှာ အားလုံးက ဖော်ပြပါ“တာငါးတာ” နဲ့အညီ ဆောင်ရွက်ကြမယ်၊ ကြိုးစားလုပ်ကိုင်ဖော်ဆောင်ကြမယ်ဆိုရင် ဝယ်သူစိတ်ချမ်းသာ ရောင်းသူလည်း အကျိုးအမြတ်ရှိစေတာမို့ ကျွန်တော်တို့အားလုံး. . . . ‘တာငါးတာ’ ဖြင့် တင်ပို့ကြပါစို့လို့. . . . ။

**(စာရေးသူ၏အာဘော်သာဖြစ်ပါသည်။)**

## ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

စားသုံးသူများ လုံခြုံ စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်သော ထုတ်ကုန်လုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ဇူလိုင် ၆ ရက်က မြစ်ကြီးနားမြို့ ထွယ်ဆန်ရပ်ကွက်ရှိ ဟူးကောင်းဟိုတယ်ခန်းမ၌ ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်မှူး ဦးစန်းလွင်ဦးနှင့် ဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံသော ဆွေးနွေးပွဲ ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပထမဦးစွာ ဆွေးနွေးပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော မေတ္တာလူမှုအဖွဲ့အစည်း “Uplands Food Security and Participation in Markets ”၏ Project Manager ဆရာ ဦးခါဇယ်မှ အဖွင့် အမှာစကားပြောကြားခဲ့ပြီး စံအလင်းဆီစက်နှင့် မနောဆီစက်မှ လုပ်ငန်းရှင်များမှလည်း ယခုထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ပဲဆီသန့်သည် သဘာဝ အော်ဂဲနစ်ဖြစ်ကြောင်း၊ စားသုံးသူများအတွက် စိတ်ကျေနပ်မှုရှိပြီး အာမခံချက်နှင့်အညီ ထုတ်လုပ်ထားကြောင်း၊ လက်ရှိဆောင်ရွက်နေသော အခြေအနေ၊ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်တို့ကို ထိုးဖောက်ရန်ကြိုးပမ်းနေမှုကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကချင်ပြည်နယ် စားသုံးသူ ရေးရာ ဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးစန်းလွင်ဦးမှ စားသုံးသူများအတွက် ချမှတ်ထားသော United Nation Guidelines for Consumer Protection (၈) ချက်၊ ကုန်စည်ထုတ်လုပ်ရာတွင် ကုန်ကြမ်းမှ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည်အထိ စီးပွားရေးလုပ်ငန်းရှင်များဘက်မှ စားသုံးသူများအတွက် ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များ မဖြစ်မနေလိုက်နာ ဆောင်ရွက်ရမည့် ကျင့်ဝတ်နှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ စားသုံးသူများအတွက် အဓိကအလေးထားပြီး ထုတ်လုပ်ရောင်းချစေလိုကြောင်း ဆွေးနွေးပြောကြားပါသည်။ Markets Manager ဆရာ ဦးဖရန်စစ်မှလည်း သဘာဝပဲဆီသန့်များ ပိုမိုထုတ်လုပ်နိုင်သည့် နည်းလမ်းများ၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အခက်အခဲရှိနေသည့် နည်းပညာပိုင်းများကိုလည်း ဝိုင်းဝန်းကူညီပေးစေလိုကြောင်းကို ပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းရှင်များ ၃၀ ဦး တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

**ခွာညို(မနောမြေ)**

စာမျက်နှာ (၈) ဈေးကွက်ဝင် အမယ်အဖြစ် ...... မှအဆက်

ဒါကြောင့် မြန်မာ့ကော်ဖီလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးဟာလည်း အလားအလာကောင်းစွာ ရှိနေတာကို သိနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ Aribica အမျိုးအစားကော်ဖီကို ပြင်ဦးလွင်၊ ရှာငံနဲ့ ချင်းတောင်တန်းတွေမှာ အဓိကစိုက်ပျိုးနေပြီး Robusta ကော်ဖီအမျိုးအစားကိုတော့ မြေနိမ့်ဒေသများနဲ့ ဧရာဝတီတိုင်းမှာ စိုက်ပျိုးကြောင်း သိရပါတယ်။ ကော်ဖီစိုက်ပျိုးရာမှာလည်း မိရိုးဖလာနည်းလမ်းများဖြင့်သာစိုက်ပျိုးကြပြီး အချို့မှာ ဈေးကွက် မရှိသဖြင့် သဘာဝအလျောက် ပေါက်ရောက်နေသော အပင်များကို ဖယ်ရှားပစ်ကြတယ်လို့ သိရပါတယ်။ သို့ရာတွင် ယခုအခါ ကော်ဖီတင်ပို့မှုကို အလေးထားဆောင်ရွက်ရန် နိုင်ငံတော်အစိုးရ၏အားပေးမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီပံ့ပိုးမှု၊ အသင်းအဖွဲ့များ၏ အလေးထားကြိုးပမ်းမှုနှင့် စိုက်ပျိုးသူတောင်သူများ၏ ကြိုးစားမှုတို့ကြောင့် မြန်မာ့ကော်ဖီကို ပိုမိုတင်ပို့နိုင်ရေး လုပ်ဆောင်နိုင်နေပြီဖြစ်ပါတယ်။ ကော်ဖီဈေးကွက်ကို မြှင့်တင်နိုင်ခြင်းကြောင့် တောင်သူများဟာလည်း ဝင်ငွေရရှိလာပြီး အရင်က တစ်ပိဿာ ကျပ်တစ်ထောင်ဝန်းကျင်မှ ကျပ်လေးထောင်ခန့် ဈေးရလာကြောင်းကိုလည်း သိရပါတယ်။

မြန်မာနိုင်ငံ ကော်ဖီအသင်းမှလည်း ဈေးကွက်တိုးချဲ့နိုင်ရေး ကြိုးစားနေကြောင်း သိရပြီး နိုင်ငံတကာအဖွဲ့အစည်းများကလည်း နည်းပညာအကူအညီများ ပေးအပ်နေမှုများကြောင့် ယခုအခါ စိုက်ပျိုးတောင်သူများမှလည်း စိုက်ပျိုးမှု၊ ထုတ်လုပ်မှု နည်းလမ်းများ တိုးတက်လာပြီဖြစ်ကြောင်း ဒေသခံများက ဆိုပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ကော်ဖီများကို ထိုင်ဝမ်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နှင့် ဆွစ်ဇာလန်နိုင်ငံများသို့ တင်ပို့နေပြီး ဈေးကွက်သစ်ဖြစ်သော အမေရိကန်နိုင်ငံသို့လည်း တင်ပို့နိုင်ခဲ့ပြီးဖြစ်ကာ ဈေးကောင်းရခဲ့တယ်လို့လည်း ကော်ဖီကုန်သည်အသိုင်းအဝိုင်းမှ သိရပါတယ်။

ကော်ဖီတင်ပို့မှုအတွက် လိုင်စင်လျှောက်ထားမှုကို ဘဏ္ဍာနှစ်အလိုက် လေ့လာကြည့်ရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကော်ဖီစေ့တန်ချိန် ၃၉၅ ဒသမ ၂၁၅တန် (အမေရိကန်ဒေါ်လာ သုညဒသမ ၉၅၄ သန်း)တင်ပို့ရန် လျှောက်ထားမှုရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကော်ဖီစေ့တန်ချိန် ၄၇၇ ဒသမ ၂၀၆ တန် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၂ သန်း) တင်ပို့ရန် လျှောက်ထား မှုရှိခဲ့ကြောင်း တွေ့ရပါတယ်။ ထို့ကြောင့် ဘဏ္ဍာနှစ်နှိုင်းယှဉ်ပါက ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်သည် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ထက် တန်ချိန် ၈၁ ဒသမ ၉၉၁ တန် တင်ပို့ရန် ပိုမိုလျှောက်ထားခဲ့သည်ကို တွေ့ရပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၈၆၂ သန်း ပိုမိုခဲ့သည်ကိုလည်း တွေ့ရပါတယ်။

ဆက်လက်၍ ကာလတူခြင်းနှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဇူလိုင်၁၁ ရက် အထိ တင်ပို့ရန် လျှောက်ထားမှုမှာ ကော်ဖီစေ့ တန်ချိန် ၂၀၇ ဒသမ ၀၀၇တန် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉၃ သန်း)လျှောက်ထားမှုရှိခဲ့ရာ ကာလတူ နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဇူလိုင်၁၁ ရက်အထိ တင်ပို့ရန် လျှောက်ထားမှုမှာ ကော်ဖီစေ့ တန်ချိန် ၂၃၈ ဒသမ ၆၁၆တန် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၇ သန်း)ရှိခဲ့သဖြင့် ၂၀၁၈ ခုနှစ်သည် ၂၀၁၇ ခုနှစ်ထက် ကော်ဖီစေ့တင်ပို့ရန် လျှောက်ထားမှုတန်ချိန် ၃၁ ဒသမ ၆၀၉ လျော့ကျသွားတာကို တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်ကို ထပ်မံလေ့လာတဲ့အခါမှာလည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဇူလိုင်၁၁ ရက်အထိ တင်ပို့ရန် လျှောက်ထားမှုမှာ ကော်ဖီစေ့ တန်ချိန် ၂၅၄ ဒသမ ၈၇တန် (အမေရိကန်ဒေါ်လာ သုညဒသမ ၇၅၃ သန်း)လျှောက်ထားမှုရှိခဲ့တာကို တွေ့ရပါတယ်။ ထို့ကြောင့် ကာလတူနှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်ထက် တန်ချိန် ၄၇ ဒသမ ၈၆၃ လျော့ကျသွားခဲ့ကြောင်း တွေ့ရပါတယ်။

သို့ဖြစ်ရာ ဘဏ္ဍာနှစ်အလိုက် နှိုင်းယှဉ်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် တင်ပို့ရန်ပိုမိုလျှောက်ထားမှုရှိခဲ့သည်ကိုတွေ့ရပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၈၆၂ သန်း ပိုမိုခဲ့သည်ကိုလည်း တွေ့ရှိနိုင်သဖြင့် ဘဏ္ဍာနှစ် နှိုင်းယှဉ်မှုအရ ကော်ဖီစေ့တင်ပို့မှုပိုမိုတယ်လို့ သုံးသပ်နိုင်ပါတယ်။

### တိုက်တွန်းအားပေးသင့်သော ကော်ဖီစိုက်ပျိုးရေး

မြန်မာ့ကော်ဖီကဏ္ဍဟာ ယခင်က တွင်ကျယ်မှုမရှိခဲ့ပေမယ့် ၂၀၁၁ ခုနှစ်ခန့်မှစပြီး ကော်ဖီသောက်သုံးမှုများ ကမ္ဘာ့နိုင်ငံများအနှံ့ တိုးပွားလာခဲ့ကာ နှစ်စဉ် ၂ ရာခိုင်နှုန်းခန့် တိုးပွားနေတာကြောင့် မြန်မာ့ကော်ဖီလောကဟာလည်း လှုပ်ရှားလာခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ထုတ်ကုန်ကော်ဖီဟာ အနံ့၊ အရသာ အရည်အသွေးပိုင်းမှာ ထိပ်တန်းမှာရှိတယ်လို့လည်း ကမ္ဘာက အသိအမှတ်ပြုလာပြီဖြစ်ကာ အဆင့်မြင့်ကော်ဖီဖြစ်ပြီး အရည်အသွေးမီကြောင်းကို ဂျာမနီရဲ့စစ်တမ်းမှာ ထုတ်ပြန်ထားပြီးလည်းဖြစ်ပါတယ်။

ကော်ဖီစိုက်ပျိုးမှုကို မြှင့်တင်ရန်နှင့် ပိုမိုတင်ပို့ရန်အတွက် နိုင်ငံတော်မှလည်း တိုက်တွန်းအားပေး ကူညီနေပြီဖြစ်ပါတယ်။ ထို့ကြောင့် မြန်မာ့ဆန်အပြင် မြန်မာ့ကော်ဖီ ကိုပါ ဈေးကွက်ဝင်နိုင်ရန် ကြိုးပမ်းသင့်လှပါတယ်။ တင်ပို့တဲ့အခါမှာလည်း အရည်အသွေးမီသော စိုက်ပျိုးထုတ်လုပ်မှုများရရှိရန် အသိပညာ၊ နည်းစနစ်များနှင့် စံချိန်စံညွှန်းများကို ထိန်းသိမ်းတင်ပို့ရန် တွေးတောအလေးထားသင့်သလို ပြည်တွင်းဈေးကွက်ကို လွှမ်းခြုံနိုင်ပြီး နိုင်ငံခြားငွေစီးထွက်မှု ချွေတာနိုင်ရေးကိုပါ ကြိုးပမ်းသင့်လှပါတယ်။ နာမည်တစ်ခုရရှိရန် ကာလရှည်ကြာစွာ ကြိုးပမ်းရန် လိုအပ်သော်လည်း နာမည်တစ်ခုပျက်စီးရေးမှာ ကာလတိုအတွင်းဖြစ်သွားနိုင်တာကို ခုတလောနာမည်ကြီးသတင်းဖြစ် တဲ့ ဗီယက်နမ်နိုင်ငံရဲ့ ကော်ဖီထဲသို့ စားသုံးရန်မသင့်သည့် အရောအနှောများ ထည့်သည့်သတင်းအား နမူနာယူ ရှောင်ကြဉ်ရမှာဖြစ်ပြီး အရည်အသွေးထိန်းသိမ်းရေးကိုလည်း ဦးစားပေးရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ရပ်တည်နိုင်ရေး၊ ပြည်တွင်းပြည်ပဈေးကွက် ခိုင်မာရေး၊ ပြည်တွင်းဈေးကွက် ကျယ်ပြန့်ရေး၊ ဈေးကောင်းရရှိပြီး ကော်ဖီစိုက်တောင်သူများ ဘဝတိုးတက်အဆင်ပြေ၍ ဝင်ငွေတိုးကာ အလုပ်အကိုင်အခွင့်အလမ်း များတိုးတက်လာစေရန် အတွက် မြန်မာ့ကော်ဖီကဏ္ဍကို ပြည်တွင်းဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်အလယ်ထိုးဖောက်နိုင်ကြပါစေကြောင်း ရေးသားဆုတောင်းလိုက်ပါတယ်။

## အိန္ဒိယနိုင်ငံ အရှေ့ဂူဂျာရတ်တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်

အိန္ဒိယနိုင်ငံ အရှေ့ဂူဂျာရတ်၊ ဆောရာသျှတ္တရ၊ အနောက်မတြာပရာဒက်ရှ်၊ ကွန်ကန်နှင့် ဂိုအာဒေသတို့တွင် အလွန့်အလွန် မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာန (IMD) က ခန့်မှန်းထားသည်။ အဆိုပါဒေသများမှာ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့သော ဒေသများဖြစ်ကြောင်း Acwweather သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ဂူဂျာရတ်၊ မတြာပရာဒက်ရှ်၊ ဥတ္တရာခန်းနှင့် ကေရာလပြည်နယ်တို့တွင် မိုးသည်းထန်မှုကြောင့် အပျက်အစီးများ ရှိခဲ့သည်။ မိုးသည်းထန်မှုကြောင့် ဇူလိုင် ၁၉ ရက်အထိ လူပေါင်း ၁၀၀၆ ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကီရင်ရီဂျီဂျူက ပြောကြားသည်။

အရှေ့ရာဂျက်စသန်၊ မတြာမဟာရသျှတ္တရ၊ ကမ်းခြေဒေသများဖြစ်သော ကာနာတာကာနှင့် ကေရာလ ပြည်နယ်တို့တွင် မိုးအလွန့်အလွန် သည်းထန်စွာ ရွာသွန်းမည်။ အရှေ့မတြာပရာဒေ့ရှ်၊ ဗီဒါဘာ၊ အာသံ၊ မဂ္ဂါလာယာ၊ ကာနာတာကာ အတွင်းပိုင်းနှင့် တမီးနာဒူးပြည်နယ်ရှိ ဂတ်ဒေသတို့တွင် မိုးသည်းထန်မည်ဟု ခန့်မှန်းထားသည်။

လာမည့်ရက် အနည်းငယ်အတွင်းတွင် အရှေ့နှင့် အရှေ့မြောက်ဒေသ နှစ်ခုစလုံးတွင် လေဖိအားနည်းရပ်ဝန်း ထပ်မံဖြစ်ပေါ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။ ဝိဆာခါပက်တနမ်၊ ဗြဟ္မပူရ၊ ကတ်ထက်နှင့် ကိုလ်ကတ္တားဒေသတို့တွင် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။ ထို့အတူ လာမည့် ၄၈ နာရီအတွင်း အနောက်မတြာပရာဒက်ရှ်၊ ရာ ဂျက်စသန်တို့တွင် မိုးကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သည်။ ထို့ပြင် အရှေ့တောင် ရာဂျက်စသန်နှင့် ဘာမာ၊ ဂျေဆယ်လ်မာနှင့် မာလိုဒီတို့အပါအဝင် အနောက်ပိုင်း ရာဂျက်စသန်ဒေသတို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်။

**စံမီအောင်**

## အပူပိုင်းဒေသမုန်တိုင်း Son-Tinh ကြောင့် ဗီယက်နမ်နှင့် လာအိုတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပွားနိုင်

ဟိုင်နန်ဒေသမှ အစပြုပြီး ဗီ ယက်နမ်တောင်ပိုင်းနှင့် လာအိုတို့တွင် မိုးရေချိန် ၃ လက်မမှ ၆ လက်မ (မီလီ မီတာ ၇၅ မှ ၁၅၀) အထိ ရွာသွန်းပြီး မိုးကြီးရေလွှမ်းမိုးမှုများက ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာနိုင်ကြောင်း Acw weather သတင်းတွင် ဖော်ပြသည်။ အဆိုပါဒေသများတွင် ဗီယက်နမ်မြို့တော် ဟန္နိုင်းနှင့် လာအိုမြို့တော် ဗီယန်ကျင်းတို့ပါဝင်ပြီး အဆိုးရွားဆုံးထိခိုက်နိုင်မည့်ဒေသများမှ မိုးရေချိန် လက်မ ၁၀ လက်မ (မီလီမီတာ ၂၅၀) အထိ ရောက်ရှိနိုင်မည်ဟု သိရသည်။

လေပြင်းများ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှု မြင့်မားနိုင်သော ဒေသများမှာ ဆန်းတင့် (Son-Tinh) အပူပိုင်းမုန်တိုင်းကုန်းတွင်းပိုင်းသို့ စတင်ဝင်ရောက်မည့် ဗီယက်နမ်ကမ်းခြေဒေသအနီးရှိ ဒေသများဖြစ်သည်။ လေတိုက်ခတ်မှုကြောင့် အန္တရာယ်ကျရောက်နိုင်သော ဒေသများမှာ ဗီယက်နမ်နိုင်ငံ ဗင်းနှင့် သန်းဟိုအာဒေသများအကြားရှိဒေသများတွင် ဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းရသည်။

ဆန်းတင့်မုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဆက်လက်ဝင်ရောက်လာချိန်တွင် အားနည်းသွားပြီး လာအိုနိုင်ငံမြောက်ပိုင်းသို့ မရောက်မီ လေတိုက်ခတ်နှုန်း ကျဆင်းသွားမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းသည် တုံကင်ပင်လယ်ကွေ့အတွင်း ဝင်ရောက်မည်ဖြစ်သဖြင့် ပင်လယ်ပြင်တွင် လှိုင်းလေများ ပြင်းထန်ပြီး ပင်လယ်ပြင်သွား လှေ၊ သင်္ဘောများအား အန္တရာယ်ဖြစ်စေနိုင်သည်။

မုန်တိုင်း၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေကို အနီးကပ် စောင့်ကြည့်နေကြရန် မုန်တိုင်းကြောင့် ထိခိုက်နိုင်ခြေရှိသော ဒေသနေပြည်သူတို့အား တိုက်တွန်းထားသည်။ အဆိုပါမုန်တိုင်းကို မုန်တိုင်းစတင်ဖြစ်ပွားရာ ဖိလစ်ပိုင်နိုင်ငံတွင် ဟင်နရီဟု အမည်ပေးထားသည်။ မုန်တိုင်းကြောင့် ယခုရက်သတ္တပတ်စောစောပိုင်းက လူဝုန်ကျွန်းရှိ အစိတ်အပိုင်းအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

**စံမီအောင်**

## တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပြန်/ဆက်ဦးစီးဌာနတို့ပူးပေါင်း၍ တောင်ငူမြို့ အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောပွဲများပြုလုပ်

တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၁ ရက်တွင် တောင်ငူမြို့ လေးမိုင် အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် တောင်ငူမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းဟောပြောပွဲများတွင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ဆောင်ရွက်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ ဦးစီးမှူး ဦးခင်မောင်အေးက စားသုံးရန် မသင့်သော အစားအသောက်များ၊ စားသုံးသူနစ်နာမှုများရှိပါက CICC များတွင် တိုင်ကြားနိုင်ခြင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေးများကိုလည်းကောင်း ဟောပြောခဲ့ကြပါသည်။

ထို့အတူ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၀ ရက်တွင် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ်၊ ဆွာမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ရေနီမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ပါသည်။

တောင်ငူခရိုင်တွင် ဇူလိုင်လ ပထမပတ်အတွင်း အခြေခံပညာ အထက်တန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်းနှင့် မူလတန်းလွန်ကျောင်း သုံးကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**စောသန်းထိုက်ကျော်**

Vol: 18, No.29 Monday July 23 2018

## ပုသိမ်မြို့ မြက်တိုအခြေခံပညာကျောင်း(ခွဲ) အ.လ.က (၄) တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၀ ရက်တွင် ပုသိမ်မြို့ပေါ်ရှိ မြက်တိုရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ. လ. က(၄) တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ထွန်းနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ခရိုင်ဦးစီးမှူး ဦးစိုးဦးက စားသုံးသူများ၏ အခွင့်အရေးများ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ၊ ကုန်စည်ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်ရန် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC) ဖွင့်လှစ်ထားရှိမှု၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ရှင်းလင်းဟောပြော၍ ဒုခရိုင်ဦးစီးမှူး ဦးထွေးသိမ်းက သက်တမ်းလွန်မုန့်များ၊ စားသုံးရန်မသင့်သော စားသောက်ကုန်စည်များ၊ FDA၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ကုန်စည်များ၊ စားသုံးသူ အသိပညာဗဟုသုတများကို အသေးစိတ်ဟောပြော၍ ကျောင်းသား၊ ကျောင်းသူများ၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ရွေးချယ်စားသုံးနိုင်ရေး၊ ယခုလို ငယ်ရွယ်စဉ်မှစ၍ စားသုံးသူ အသိပညာ၊ ဗဟုသုတများရရှိပြီး ကျန်းမာပျော်ရွှင်သောဘဝကို ရယူပိုင်ဆိုင်ရန် ရည်ရွယ်၍ ယခုလိုလာရောက် ဟောပြောရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

**မင်းမင်းဦး (ပုသိမ်)**

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ကျောက်တလုံးကြီးမြို့နယ်ခွဲရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးဦးဆောင်သော ဝန်ထမ်းများသည် ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ ဟမ်းဆီးအခြေခံပညာ အထက်တန်းကျောင်းနှင့် ဝင်းယအခြေခံပညာ အလယ်တန်းကျောင်း(၂) ကျောင်းရှိဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ဌာန၏ဖွဲ့စည်းပုံ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူများ၏အခွင့်အရေး နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေအရ ကာကွယ်ပေးနိုင်မှု၊ အစားအသောက်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကိုလည်း အန္တရာယ်ကင်းရှင်းစွာ ရွေးချယ်ဝယ်ယူနိုင်မှုနှင့် အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များသုံးစွဲနိုင်ရေးကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါသည်။ ထို့ပြင် စားသုံးသူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နစ်နာလာပါကလည်း တိုင်ကြားနိုင်ရန် အတွက် တိုင်ကြားမှုပုံစံများနှင့် CICC ကော်မတီ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အကြီးတန်းစာရေး ဦးအုံ့ကျော်ပိုင်မှ စားသုံးရန်မသင့်သော အစားအသောက်များ၊ ဆိုးဆေးများနှင့် ၎င်းအစားအသောက်များကို စားသောက်မိပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုး/ရောဂါများ အကြောင်းကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များနှင့် တိုင်ကြားမှုပုံစံများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စောနွေဝင်း (တောင်ကြီး)**



## ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်ရှိ ကျောင်းဈေးတန်းများအား စားသုံးသူရှုထောင့်အရ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးပညာပေး ဟောပြောပွဲဆောင်ရွက်

ယင်းမာပင်ခရိုင်၊စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခိုင်မို့မို့နှင့် ဝန်ထမ်းများသည် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ ဆားလင်းကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေးစာရေး၊ ကျောင်းကော်မတီအဖွဲ့များနှင့် ပူးပေါင်း၍ ဇူလိုင် ၁၀ ရက်က ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာ အထက်တန်းကျောင်းရှိ ကျောင်းဈေးဆိုင် ၁၆ ဆိုင်၊ ဖောင်းကတာကျေးရွာ အထက်တန်းကျောင်းရှိ ကျောင်းဈေးဆိုင် ၈ ဆိုင်တို့အား စားသုံးသူ ရှုထောင့်အရ လည်းကောင်း၊ ကျန်းမာရေး ရှုထောင့်အရ လည်းကောင်း၊ ကျောင်းဈေးသည်များအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန် မသင့်ကြေညာထားသည်များ ရောင်းချခြင်းမပြုရန် မျက်မြင်မှိုတက်မုန့်များ၊ သက်တမ်းလွန်မုန့်များ၊ အရောင်ဆေးဆိုးပါမုန့်များ ရောင်းချခြင်းမရှိစေရန် ကွင်းဆင်းစစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဆက်လက်၍ ဖောင်းကတာ အထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရာ စားသုံးသူရေးရာ ဦးစီးဌာန၊ ဆားလင်းကြီးမြို့နယ် တာဝန်ခံ ဒေါ်မိုးမိုးမြင့်က မုန့်မျိုးစုံ အန္တရာယ်အကြောင်းနှင့် ရွေးချယ်ဝယ်ယူတတ်စေရန် စားသုံးသူအခွင့်အရေး အကြောင်း၊ ဒေါ်ဝင်းနုဆွေက အရောင်ဆေးဆိုးများအကြောင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က စားသုံးသူ အကြောင်း သိကောင်းစရာများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပုဒ်မ ၈(ဃ) သက်ဝင်ဆောင်ရွက်မှုများ၊ ပုဒ်မ ၁၉ ပါ အချက်များအား သိရှိစေရန် အကျယ်တဝင့် ဟောပြောခဲ့ရာ စုစုပေါင်း ၉၆၀ ဦး တက် ရာက်၍ ဌာန၏ ပညာပေး လက်ကမ်းစာစောင် ၇၀ ကို ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့ (မြင်းမူ)**

## တောင်ကြီးမြို့နယ်၊ ဆောင်းဖိုးကျေးရွာ (အထက်တန်းကျောင်းခွဲ)နှင့် ကက္ကူကျေးရွာ(အလယ်တန်းကျောင်းခွဲ)၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

တောင်ကြီးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနသည် ဇူလိုင် ၁ ရက်က တောင်ကြီးမြို့နယ် အတွင်းရှိဆောင်းဖိုး ကျေးရွာ အထက်တန်း ကျောင်းခွဲနှင့် ကက္ကူကျေးရွာ အလယ်တန်းကျောင်းခွဲတွင် စာသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများလည်း တက်ရောက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဒုတိယ ဦးစီးမှူး ဒေါ်စောယုထွေးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းအကြောင်းနှင့် ကျောင်းသားကျောင်းသူများ အပြင်ဆရာ၊ ဆရာမများ ပိုမိုသိရှိစေရန် ဝန်ဆောင်မှု အကြောင်းအား အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပြီး စားသုံးသူများနေ့စဉ် ဝယ်ယူအသုံးပြုလျက်ရှိသော အစားအသောက်နှင့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများမှတစ်ဆင့် စားသုံးသူများအပေါ် ကြုံတွေ့နေရသည့်ထိခိုက် နစ်နာမှုများ၊ ကုန်ပစ္စည်း ဝယ်ယူရာတွင် ရွေးချယ် ရမည့်နည်းလမ်းများ၊ ထိခိုက်နစ်နာမှုများ ကြုံတွေ့လာရပါက ထိခိုက်မှုအပေါ် ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အရေးယူတိုင်တန်းနိုင်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အကြီးတန်းစာရေး ဒေါ်နန်းခမ်းခြူးမှလည်း ဆိုးဆေး အန္တရာယ် အကြောင်း သိကောင်းစရာများ၊ အငယ်တန်းစာရေး ဒေါ်မြင့်မွန်အေးကလည်း စားသုံးရန်မသင့်သော အစားအစာများအကြောင်းနှင့် ကုန်ပစ္စည်း ဝယ်ယူရာတွင် ရွေးချယ်ရမည့်နည်းလမ်းများ၊ အငယ်တန်းစာရေး ဒေါ်မိုမိုသီတာထွန်းမြင့်မှ ခေါက်ဆွဲခြောက်နှင့် ကျန်းမာရေးအန္တရာယ်အကြောင်း သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများအား ကျောင်းများမှ ကျောင်းအုပ် ဆရာကြီးများနှင့် တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့သည်။ ဆောင်းဖိုး ကျေးရွာ (အ. ထ. က ခွဲ ကျောင်း)ဟောပြောပွဲကို တက်ရောက် သူအင်အားမှာ၁၅၀ ဦးဖြစ်ပြီး ကက္ကူ ကျေးရွာ (အ. လ. က ခွဲကျောင်း) ဟောပြောပွဲသို့တက်ရောက်သူ အင်အားမှာ ၂၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မြင့်မွန်အေး(တောင်ကြီး)**

## ဟသ်ာတခရိုင် စားသုံးအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၀) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ၊ သတိပေးဆိုင်းဘုတ် ချိတ်ဆွဲခြင်းများအား စစ်ဆေး

ဟသ်ာတခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၆ ရက်က ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးကြည်ဟန်က အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အမှာစာများကို တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို အဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူ စုစုပေါင်း (၃၂)ဦး တက်ရောက်ခဲ့ပါသည်။

ဆက်လက်၍ ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် အစည်းအဝေးအပြီးတွင် အဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဟသ်ာတမြို့ ပဒေသာဈေးခေါင်းရုံးတွင် ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ စားသုံးသူများနစ်နာမှု ရှိပါက တိုင်ကြားနိုင်သည့် လိပ်စာနှင့် ဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်လိပ်စာ www.doca.gov.mm တို့ပါဝင်သည့် စားသုံးသူများသို့ အသိပေးကြေညာခြင်း သတိပေးဆိုင်းဘုတ် ချိတ်ဆွဲခြင်းကို နံက် (၁၁း၁၅) တွင် ဆောင်ရွက်ခဲ့ပြီး၊ ဆက်လက်၍ အဖွဲ့သည် ဟသ်ာတမြို့နယ် အမှတ်(၁) အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ထားသော စားသုံးရန်မသင့်သည့် မုန့်များ၏ ရုပ်ပုံများပါဝင်သော ဗီနိုင်းပိုစတာကို ကျောင်းမုန့်ဈေးတန်းတွင် ချိတ်ဆွဲခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၇/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၇/၂၀၁၈) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၃ ရက်၊ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃)၌ ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်း ကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း (၃၂) ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက Online Shopping တွင် ရောင်းချနေသည့် ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းစေရန် ထိန်းချုပ်ပေးခြင်းနှင့် ဓာတုပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ဆိုင်များကို အသိပညာပေး ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းစဉ်းစားပေးရန် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက (၆/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးခဲ့မှုအခြေအနေ၊ စားသုံးသူများမှ တိုင်ကြားလာသည့် 4 TV HD Package နှင့် ပတ်သက်၍ ဖြေရှင်းပြီးစီးမှု အခြေအနေ၊ စားသောက်ကုန်ပစ္စည်းများတွင် ဖော်မလင်သုံးစွဲခြင်းမပြုရန် နိုင်ငံပိုင်သတင်းစာတွင် ထပ်မံအသိပေး ကြေညာချက်ထုတ်ပြန်ခဲ့သည့်အခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြား ဘာသာတွဲလျက် ဖြစ်စေ ဖော်ပြ၍ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းများဆောင်ရွက်ရန် အမိန့်ကြော်ငြာစာကို မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး (၆)လပြည့်မြောက်သည့်နေ့မှစ၍ အာဏာ သက်ရောက်မည်ဖြစ်ကြောင်း၊ လိုက်နာခြင်း မရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ အရေးယူခံရမည်ကို လုပ်ငန်းရှင်များသို့ ကြိုတင်အသိပေးခြင်း ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာတွင် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီက ကြေညာချက်ထုတ်ပြန်ခဲ့သည့် အခြေအနေကိုလည်းကောင်း၊ ဌာနအနေဖြင့် အသိပညာပေးဟောပြောခြင်း၊ ဈေးကွက်စုံစမ်းထောက်လှမ်းခြင်း၊ စားသုံးသူတိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခြင်း၊ အခါအားလျော်စွာ သတိပေးတားမြစ်ချက်များကို ထုတ်ပြန်ကြေညာခြင်းတို့ကို ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီအနေဖြင့်လည်း ဇွန်လအတွင်း စားသုံးသူများ၏ တိုင်ကြားလာမှုတွင် စားသောက်ကုန်(၁)ခု၊ လူသုံးကုန်(၃)ခု၊ ဝန်ဆောင်မှု(၄)ခုတို့ကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကို ဆွေးနွေးခဲ့ပါတယ်။

ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာဆွေက ခရိုင်အလိုက် ကွင်းဆင်းစစ်ဆေးမှုအခြေအနေ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်) နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့မှုအခြေအနေ၊ ဌာန Website ဖြစ်သည့် www.doca.gov.mm တွင် ဥရောပနှင့် အာဆီယံနိုင်ငံများက ထုတ်ပြန်ကြေညာထားသည့် သုံးစွဲရန်မသင့်သော ကုန်စည်များအား စားသုံးသူပြည်သူများသိရှိနိုင်ရန် သတင်းအချက်အလက် ဖြန့်ဝေပေးထားခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။ **ခင်မြဦး (စားသုံးသူ) ရန်ကုန်**

# နောင်ချိုမြို့ စားသုံးသူရေးရာဦးစီးဌာနမှ အ ၊ ထ ၊ က(ကံကြီး)ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးပေါင်ခန့်လန့်သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဌာနတို့နှင့် ပူးပေါင်း၍ ဇူလိုင် ၁၃ ရက်က နောင်ချိုမြို့နယ်၊ အ. ထ. က (ကံကြီး)ကျောင်းတွင် ဆရာ/ဆရာမ (၁၀)ဦးနှင့် ကျောင်းသား/ကျောင်းသူ (၅၁၀)ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် စားသုံးသူအခွင့်အရေးများနှင့် ဥပဒေအကြောင်းတို့ကိုလည်းကောင်း၊ စားသုံးရန်မသင့်သော အစားအသောက်များနှင့် မုန့်မျိုးစုံအကြောင်း၊ ရက်လွန်မှိုတက်မုန့်များ စားသုံးရန်မသင့်သည့် အကြောင်းကိုလည်းကောင်း၊ တရုတ်အစပ်ထုပ်မုန့်၊ ကွမ်းယာနှင့် ဆေးလိပ်တို့ အပါအဝင် စားသောက်သုံးစွဲရန် မသင့်သည့်အကြောင်းများနှင့် စားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးထွက်ဆိုးကျိုးများအကြောင်းကိုလည်းကောင်း အကျယ်တဝင့် ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

ထို့ပြင် ကျန်းမာရေးဌာနမှလည်း ကျောင်းသား/ကျောင်းသူများအား တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် အစားအသောက်များတွင် သုံးစွဲရန်မသင့်သော ခွင့်မပြုဆိုးဆေးများနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ကျောင်းမုန့်ဈေးတန်းများတွင် စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်းမရှိစေရေးအတွက် အပတ်စဉ်ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်းတို့အား ဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **အောင်ကျော်မြင့်(လားရှိုး)**



# စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရွှေဘိုမြို့ စည်ပင်သာယာဈေးအတွင်း စားသုံးရန်မသင့်သော ဝက်သားများနှင့် ဝက်နားရွက်ပြာရောဂါရှိသော ဝက်သားများ ရောင်းချမှု ရှိ/မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေး

ရွှေဘိုခရိုင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာနတွင် ရွှေဘိုမြို့ရှိ စားသုံးသူနှစ်ဦးမှ ရွှေဘိုမြို့ စည်ပင်သာယာဈေးအတွင်းရှိ ဝက်သားရုံမှ ဝက်သားဝယ်ယူ၍ ချက်ပြုတ်စဉ် ဝက်သားအစိမ်းတွင် အနံ့နံခြင်းနှင့် အရောင်ပျက်ခြင်းမရှိဘဲ ချက်ပြုတ်စားရာတွင် အနံ့နံနေ၍ စားမရဖြစ်ခြင်း၊ ထိုကဲ့သို့ဖြစ်ခြင်းမှာ ယခုတစ်ကြိမ်သာမကဘဲ ယခင်ဝယ်ယူချက်ပြုတ်စဉ်ကလည်း ဖြစ်ဖူးကြောင်း၊ (၅)ကြိမ် ဝယ်ယူလျှင် (၃)ကြိမ်ခန့်ဖြစ်နေသဖြင့် ဝက်သားရောင်းချသည့်ဆိုင်သို့ ပြန်လည်၍ပြောပြသော်လည်း ရောင်းချသည့်သူနှင့် မဆိုင်ဘဲ ဟင်းခိုနှင့်သာဆိုင်သည်ဟု ပြောကြားသဖြင့် ရောင်းသည့်သူမှ တာဝန်ယူဖြေရှင်းပေးမှုမရှိခြင်းနှင့် အခြားသော ဝက်သား ဝယ်ယူချက်ပြုတ်သူများလည်း အနံ့နံသည်ဟု သိရှိရသဖြင့် စားသုံးသူများ အကျိုးအတွက် လာရောက်တင်ပြလာခဲ့သည်။

သို့ဖြစ်ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ရာ စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားမှုပြုလာသဖြင့် ဇူလိုင် ၁၅ ရက်တွင် ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်း(၂)ဦး၊ ခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဝန်ထမ်း(၁)ဦးနှင့် ရွှေဘိုမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်း(၃)ဦးတို့ပူးပေါင်းပြီး ရွှေဘိုမြို့စည်ပင်သာယာဈေးအတွင်းရှိ ဝက်သားရောင်းချသည့် ဟင်းရုံသို့ရှောင်တခင်ဝင်ရောက်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မျက်မြင်ဖြင့် စစ်ဆေးနည်းပညာများအတိုင်း စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် စားသုံးရန်မသင့်သော ဝက်သားများနှင့် ဝက်နားရွက်ပြာရောဂါရှိသော ဝက်သားများ ရောင်းချမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဟင်းရုံအတွင်း ရောင်းချသောဈေးသည်များအား မလတ်ဆတ်သည့် ဝက်သားများနှင့် ဝက်နားရွက်ပြာရောဂါဖြစ်ပွားသော ဝက်သားများ မရောင်းချရန်ပညာပေးခဲ့ကြပြီး စားသုံးသူမှ တိုင်ကြားထားသော ဝက်သားဆိုင်ပိုင်ရှင်အား မိမိဌာနအနေဖြင့် စာသုံးသူအခွင့်အရေး ဆုံးရှုံးပါက တိုင်ကြားနိုင်သည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာနကို စည်ပင်သာယာဈေးမြောက်ဘက်တွင် ဖွင့်လှစ်ထားရာ စားသုံးသူမှ လာရောက်တင်ပြသဖြင့် စစ်ဆေးရခြင်းဖြစ်ကြောင်း၊ နောင်တွင်လည်း ရောဂါဖြစ်ပွားသော ဝက်သားများနှင့် မလတ်ဆတ်သော ဝက်သားများ မရောင်းချရန် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးမှ သတိပေးခဲ့ကြောင်း သိရသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**

# ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ(၂)ရပ်တို့၏ (၆/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နဲ့ ကော်မတီ (၂)ရပ်တို့ရဲ့ (၆/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင်လ ၁၈ ရက်က ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ကော်မတီ(၂)ရပ်မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ယခင်(၅/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအား ဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူအသိပညာပေး ဆောင်ရွက်ခဲ့မှုများ၊ ကုန်စည်များကို စုံစမ်းထောက်လှမ်းလေ့လာဆောင်ရွက်ခဲ့မှုများ၊ 4 TV ရုပ်သံလိုင်းများကို Canal+ ရုပ်သံလိုင်းများပြောင်းလဲခြင်းပြသခြင်းနှင့် ပတ်သက်၍စားသုံးသူကကျေနပ်မှုမရှိ၍ ဆက်သွယ် တိုင်ကြားလာမှုများကို Forever Group Co, Ltd ချိတ်ဆက်ဖြေရှင်း ဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ MPT, Telenor, Ooredoo ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ပေးပို့သည့်ဝန်ဆောင်မှု ကမ်းလှမ်းချက် SMS များကို ရယူလိုခြင်း မရှိပါက ဆောင်ရွက်ရမည့် နည်းလမ်းများ စီစဉ်ဆောင်ရွက်ထားမှုအား ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုအဖွဲ့ဝင်များနှင့် ကော်မတီ(၂)ရပ်မှ အဖွဲ့ဝင်များက လည်းတင်ပြဆွေးနွေးမှုများအပေါ် ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အသီးသီး အကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**မိုင်သိဇီလင်း**
**(စားသုံးသူ၊ ကယား)**




# အယ်လ်အေဂလက်ဇီသို့ လာရောက်ကစားရန် ပေါ့ဂ်ဘာနှင့် ရွှန်နီတို့ကို အီဘရာဟီမိုဗစ်ဖိတ်ခေါ်

အမေရိကန် မေဂျာလိဂ်ကလပ်တွင် ကစားနေသည့် အီဘရာဟီမိုဗစ်က မန်ယူကစားသမား ပေါ့ဂ်ဘာနှင့် ဒီစီယူနိုက်တက်တွင် ကစားနေသည့် မန်ယူကစားသမားဟောင်း ရွှန်နီတို့ကို မိမိကစားနေသည့် အယ်လ်အေဂလက်ဇီအသင်းသို့ လာရောက်ကစားရန် ဖိတ်ခေါ်လိုက်သည်။

'ပေါ့ဂ်ဘာနဲ့ ရွှန်နီတို့နှစ်ဦးစလုံး ဖိတ်ခေါ်ချင်ပါတယ်။ သူတို့ကိုတိုက်တွန်းချင်တာက အယ်လ်အေဂလက်ဇီအသင်းမှာ လာကစားဖို့ပါ။ ဒီမှာလာကစားရင် ချန်ပီယံလိဂ်လို ပြိုင်ပွဲမျိုးကို မကစားရတာကလွဲပြီး လွတ်လပ်မှုရှိမယ်၊ ဖိအားတွေကင်းကင်းနဲ့ ကစားရမယ်။ ပျော်ရွှင်မှုတွေအပြည့်အဝ ရရှိမယ်ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်'ဟု ပြောကြားလိုက်သည်။

ထို့ပြင် အီဘရာဟီမိုဗစ်က မိမိအနေဖြင့် ပေါ့ဂ်ဘာနှင့် ရွှန်နီတို့ကဲ့သို့ ကစားသမားများနှင့်အတူ တစ်သင်းတည်း တွဲဖက်ကစားလိုကြောင်း၊ ရွှန်းနီအနေဖြင့်လည်း ဘောလုံးကစားသမားဘဝ အဆုံးသတ်မည်ဆိုပါက အယ်လ်အေဂလက်ဇီလို အသင်းမျိုးတွင်သာ အဆုံးသတ်စေလိုကြောင်း ထပ်မံပြောကြားခဲ့သည်။

အီဘရာဟီမိုဗစ်သည် မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသူဖြစ်ပြီး လုပ်ခလစာကိုလည်း အပြည့်အဝမယူဘဲ အယ်လ်အေဂလက်ဇီအတွက် ကစားပေးနေသူဖြစ်သည်။

၎င်းကစားသမားသည် အယ်လ်အေဂလက်ဇီတွင် ပရိသတ်အားပေးမှုမြင့်မားနေသလို အသင်းအတွက် အဆုံးအဖြတ်ဂိုးများကိုလည်း သွင်းပေးနေသူဖြစ်သည်။ ထို့ကြောင့် အီဘရာဟီမိုဗစ်သည် ပရိသတ်၏ နွေးထွေးသည့်မေတ္တာကို ရရှိနေသူတစ်လည်းဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

## ဘောလုံးလောက သတင်းတိုများ

- ပီအက်စ်ဂျီအသင်းက မိမိတို့အသင်းတိုက်စစ်မှူး နေမာကို ရီးရဲလ်မက်ဒရစ်အသင်းထံသို့ ရောင်းထုတ်ရန် ဆန္ဒရှိနေကြောင်း ဇူလိုင် ၂၀ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။ သို့သော် နေမာကမူ ပီအက်စ်ဂျီအသင်းတွင်သာ ဆက်နေရန် ဆုံးဖြတ်ထားကြောင်း တုံ့ပြန်ပြောကြားလာသည်။
- ချယ်လ်ဆီးအသင်း တောင်ပံကစားသမား ဝီလီယံက မိမိအနေဖြင့် နည်းပြကွန်တီလက်ထက်က အသင်းမှထွက်ခွာရန် ဆန္ဒရှိခဲ့သော်လည်း လက်ရှိနည်းပြ ဆာရီလက်အောက်တွင် အသင်း၌ ဆက်ကစားရန် ဆန္ဒရှိနေကြောင်း ပြောကြားလိုက်သည်။

## မန်စီးတီးအသင်း စတာလင်းကို စာချုပ်သက်တမ်းတိုးပြီး ဆာနေးနှင့် ဂျီးဆပ်တို့ကိုလည်း သက်တမ်းတိုးရန်ပြင်ဆင်နေ

နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ၎င်းတို့အသင်းမှ တောင်ပံတိုက်စစ်ကစားသမား စတာလင်းနှင့် နှစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ထို့ပြင် မန်စီးတီးအသင်းသည် အသင်းမှ လူငယ်ကစားသမားများဖြစ်သည့် ဆာနေးနှင့် ဂျီးဆပ်တို့ကိုလည်း စာချုပ်သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် ဆက်လက်ဆွေးနွေးနေကြောင်းသိရသည်။

စတာလင်းသည် အသင်းနှင့် စာချုပ်သက်တမ်း တိုးမြှင့်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်အထိ မန်စီးတီးအသင်းတွင်ရှိနေမည်ဖြစ်ပြီး ၎င်း၏ လုပ်ခလစာမှာလည်း ယခင်ကထက် ပိုမိုမြင့်တက်လာမည်ဖြစ်သည်။




မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် အသင်း၏ လူငယ်ကစားသမားများဖြစ်သည့် တောင်ပံကစားသမား ဆာနေးနှင့် တိုက်စစ်မှူး ဂျီးဆပ်တို့ကို စာချုပ်သက်တမ်းတိုးရန် ညှိနှိုင်းနေပြီး ယခုရက်ပိုင်းအတွင်း အဆင်ပြေ အောင်မြင်ဖွယ်ရှိနေကြောင်း သိရသည်။ ဆာနေးနှင့် ဂျီးဆပ်တို့မှာ လက်ရှိအချိန်တွင် တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်းသာ ရရှိနေပြီး အဆိုပါလုပ်ခလစာနှင့်ပတ်သက်၍လည်း တိုးမြှင့်ပေးရန် ညှိနှိုင်းနေသည်ဟုဆိုသည်။ နည်းပြ ဂွါဒီယိုလာက ရာသစ်အတွက် ပြင်ဆင်သည့်အနေဖြင့် ထိပ်တန်းကစားသမား သုံးဦးခန့်အထိ ခေါ်ယူသွားမည်ဟု ပြောဆိုထားသော်လည်း လက်ရှိအချိန်ထိ မန်စီးတီးအသင်းသည် လက်စတာအသင်းမှ တောင်ပံကစားသမား မာရက်ဇ်တစ်ဦးတည်းကိုသာ ခေါ်ယူထားနိုင်သေးသည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်နှစ်ကလည်း အသင်းတွင် အဓိကအားထားရသည့် ကစားသမားများဖြစ်သည့် ဒီဘရိုင်း၊ အော်တာမန်ဒီ၊ ဒေးဗစ်ဆေးလ်ဗားနှင့် ဖာနန်ဒင်ဟိုတို့ကို စာချုပ်သက်တမ်းပြီး အသင်းတွင် ထိန်းထားနိုင်ခဲ့သလို ယခုတွင်လည်း ဆာနေးနှင့် ဂျီဆပ်တို့ကိုလည်း အသင်းတွင် ရေရှည်ထိန်းထားနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

## အမ်ဘတ်ပီကိုခေါ်ယူနိုင်ရေး စည်းရုံးပေးမည်ဟု ဖာဘင်ဟို ပြောကြား



လီဗာပူးအသင်းမှ အသစ်ခေါ်ယူထားသည့် ဘရာဇီးကွင်းလယ်ကစားသမား ဖာဘင်ဟိုက လီဗာပူးအသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အမ်ဘတ်ပီကို ခေါ်ယူမည်ဆိုပါက မိမိအနေဖြင့် စည်းရုံးပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဖာဘင်ဟိုသည် မကြာသေးမီက ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းဖြင့် လီဗာပူးအသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ခြေသွက်လက်သွက်ဖြင့် ကစားသမားခေါ်ယူမှုများ ပြုလုပ်နေသည့်အသင်းလည်း ဖြစ်သည်။

ဖာဘင်ဟိုက 'ကျွန်တော် အမ်ဘတ်ပီနဲ့ ရင်းနှီးပါတယ်။ ကျွန်တော်လည်းသူနဲ့တွဲပြီးကစားချင်ပါတယ်။ သူ့ကို ပီအက်စ်ဂျီအသင်းက ရောင်းချမယ်လို့ ပြောဆိုနေတာမရှိပေမယ့် တကယ်လို့ လီဗာပူးအသင်းကသာ အမ်ဘတ်ပီကို အလိုရှိမယ်ဆိုရင် ကျွန်တော် တဖြည်းဖြည်းနဲ့ စည်းရုံးပေးလို့ရပါတယ်။ လီဗာပူးအသင်းကသာ သူ့ရဲ့တန်ကြေးကို ပေးနိုင်ဖို့လိုပါတယ်'ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဖာဘင်ဟိုက မိမိနှင့်အမ်ဘတ်ပီတို့ အမြဲတမ်း အဆက်အသွယ်ရှိနေကြောင်း၊ လီဗာပူးအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသည်ကို သိရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းသာမိပါကြောင်းနှင့် ပရီးမီးယားလိဂ်ကဲ့သို့ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲမျိုးတွင် ကစားလိုကြောင်းတို့ကို မိမိအားတွစ်တာမှတစ်ဆင့် ပြောကြားထားကြောင်း ပြန်လည်ပြောပြသည်။ လီဗာပူးအသင်းအနေဖြင့် အမ်ဘတ်ပီကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၂၀၀ ကျော် ပေးရမည်ဖြစ်သည်။




## ဟာဇက်၏ အပြောင်းအရွှေ့ကိစ္စ ချယ်လ်ဆီးနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ သဘောတူ

ရီးရဲလ်မက်ဒရစ်အသင်း၏ ဟာဇက်အားခေါ်ယူရန် ကြိုးပမ်းမှုမှာ ချယ်လ်ဆီးအသင်းနှင့် နှစ်ဦးနှစ်ဖက် ကနဦးသဘောတူညီမှုများ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် ဟာဇက်ကို ခေါ်ယူနိုင်ရေးအတွက် ပေါင်သန်း ၁၅၀ ဖြင့် စတင်ကမ်းလှမ်းခဲ့သော်လည်း အောင်မြင်မှုမရှိဘဲ ယခုအချိန်တွင် ယူရို သန်း ၁၉၀(ပေါင်သန်း ၁၇၀) ဖြင့် ထပ်မံ ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ နောက်ဆုံး၌ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် ပီအက်စ်ဂျီ တိုက်စစ်မှူး နေမာကို ခေါ်ယူလိုသော်လည်း အဆိုပါကစားသမား၏ တန်ကြေးမှာ မြင့်မားလွန်းနေခြင်းနှင့်အတူ နေမာကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်းတွင်သာ ဆက်နေတော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဟာဇက်ကို ရအောင်ခေါ်ယူလိုက်ခြင်းပင်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ဟာဇက်ကို ခေါ်ယူနိုင်ခြင်းကြောင့် အသင်းမှထွက်ခွာသွားသည့် တောင်ပံကစားသမား စီရိုနယ်ဒို၏နေရာကို အပြည့်အဝ အစားထိုးလာနိုင်မည်လည်းဖြစ်သည်။ ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှပင် ဂိုးသမား ကော်တွိုက်စ်ကို ခေါ်ယူရန် ထပ်မံကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ကောင်တွိုက်စ်သည်လည်း ချယ်လ်ဆီးအသင်းမှထွက်ခွာရန်ပြင်ဆင်နေခြင်းကြောင့်ရီးရဲလ်မက်ဒရစ်အသင်းသို့ရောက်ရှိရန် သေချာသလောက်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

# မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ မျှော်မှန်းချက်

**(ယခင်တစ်ပတ်မှအဆက်)**

မည်သို့ပင်ဆိုစေကာမူ ပေါ်ဆန်းစပါးမျိုးများအရည်အသွေး ပြည့်မီရေးအတွက် ဖော်ပြပါအတိုင်း လိုအပ်ပါတယ်-

(က) ပေါ်ဆန်းစပါးသည် အမွှေးနံ့ရှိသောကြောင့် ဆစ်ပိုးနှင့် ဖြုတ်ပိုးကျရောက်မှုမှ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို Integrated Pest Management- IPM နည်း သုံး၍ ကာကွယ်နှိမ်နှင်းရန်။

(ခ) နွေစပါးနှင့် မိုးစပါး နှစ်စဉ်ဆက်တိုက် စိုက်ပျိုးလာသောကြောင့် မြေဆီလွှာကို ပုံမှန်စစ်ဆေး စမ်းသပ်ပြီး အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရန်။

(ဂ) ဒေသအလိုက် မျိုးစေ့ထုတ်တောင်သူများ၊ မျိုးစေ့ထုတ် ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အသင်းများဖြင့် အရည်အသွေးကောင်း မျိုးစေ့များ တိုးမြှင့်ဖြန့်ဖြူးထုတ်လုပ်ရန်။

(ဃ) စိုက်ပျိုးထုတ်လုပ်မှုအဆင့်အားလုံး (Supply Chain) တွင် နည်းစနစ်မှန်ကန်ရေး၊ ရိတ်သိမ်းပြီးချိန် နောက်ပိုင်း လေလွင့်ဆုံးရှုံးမှုနှင့် အရည်အသွေးကျဆင်းမှု မရှိစေရေးအတွက် ပညာပေးဆောင်ရွက်ရန်။

(င) တောင်သူကြိုက်နှစ်သက်ပြီး ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် ပေါ်ဆန်းမျိုးကိုသာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ပညာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်ရန်။

(စ) မျိုးကောင်းမျိုးသန့် မျိုးစေ့များ အသုံးပြု၍ မှန်ကန်သောနည်းစနစ်များ၊ မှန်ကန်သော သွင်းအားစုများဖြင့် စနစ်တကျ အသုံးပြု စိုက်ပျိုးပါက အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် စပါးများရရှိနိုင်သည့်အတွက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုကို ဦးတည်ဆောင်ရွက်သွားရန်။

(ဆ) ပေါ်ဆန်းမွှေး အရည်အသွေးကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် စပါးအခြောက်ခံစက်များ၊ သိုလှောင်ရုံများ၊ စပါးနှင့် ဆန်သန့်စင်စက်များ စနစ်တကျ တည်ဆောက်ထားရှိဆောင်ရွက်ရန်။

(ဇ) အဆင့်မီသော ဆန်စက်များ တည်ဆောက်ရန်လိုအပ်နေပြီး အရည်အသွေးပြည့်မီ၍ ဈေးကွက်ဝင် တန်းမြင့်ဆန်များ ကြိတ်ခွဲရောင်းချနိုင်ရေးအတွက် ရေရှည်တွင် အဆင့်အတန်းမီသော ဆန်စက်များ ထူထောင်နိုင်ရေးဆောင်ရွက်ရန်။

(ဈ) ကြိတ်ခွဲမှု အရည်အသွေးပြည့်မီမှသာပေါ်ဆန်းမွှေးအရည်အသွေးကောင်းမွန်နိုင်မည်ဖြစ်၍ ကြိတ်ခွဲစက်များ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် အရင်းအနှီး၊ နည်းပညာ၊ ကျွမ်းကျင်မှု စသည့် လိုအပ်ချက်များကို နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီရယူရန်။

(ည) ပေါ်ဆန်းစပါးမျိုးသန့်ကို သီးသန့်စိုက်ပျိုး၍ အရည်အသွေးထိန်းသိမ်းပေးရန်။

(ဋ) ပေါ်ဆန်းမွှေးစိုက် တောင်သူများအတွက် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (Good Agricultural Practice-GAP) ရရှိစေရေး သင်တန်းများပေးရန်။

(ဌ) ပေါ်ဆန်းစပါးမျိုး အရည်အသွေးအလိုက် ဈေးနှုန်းကွာခြားသတ်မှတ်ပေးရန်။

**DOCA(Domestic)**

(ဍ) ဆန်စက်/ကုန်သည်များမှ စပါးတစ်မျိုးချင်းအလိုက် အရည်အသွေးကိုလိုက်၍ ဈေးနှုန်းသတ်မှတ်ရန်၊ သီးသန့်သိုလှောင်ကြိတ်ခွဲရန်။

(ဎ) စားသုံးသူဈေးကွက်တွင် ပေါ်ဆန်း ဆန်အမျိုးအစားအလိုက် ဈေးနှုန်းအဆင့်ဆင့် သတ်မှတ်ရောင်းချနိုင်သည့် ခိုင်မာသော ဈေးကွက်ရရှိအောင် ဖော်ဆောင်ပေးရန်။

(ဏ) ပေါ်ဆန်းစပါး စိုက်ပျိုးရာတွင် မျိုးသန့်လဲလှယ်စိုက်ပျိုးခြင်း၊ အသိပညာပေးခြင်း၊ မျိုးသန့်များ ထုတ်လုပ်ခြင်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန်။

(တ) စိုက်ပျိုးမြေများကို အဆင့်မြင့်လယ်ယာမြေများ ဖော်ဆောင်ပေးပြီး လိုအပ်သည့်နည်းပညာ၊ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်ပေးရန်။

(ထ) စပါးအမျိုးအစားအလိုက် တစ်ကွင်းတစ်ဆက်တည်း တစ်မျိုးတည်းသာ စိုက်ပျိုးစေရန်။

(ဒ) မျိုးကွဲနှင့် ပေါင်းမြက်များကို ပန်းမပွင့်မီရှင်းလင်းရန်။

အထက်ပါကဲ့သို့ အရည်အသွေးထိန်းသိမ်းရုံသာမက ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးထုတ်လုပ်မှု အားကောင်းစေရေးအတွက် အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေးလည်း လိုအပ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

■ ရွှေစင်ဦး ■

**(ယခင်တစ်ပတ်မှအဆက်)**

ပင်ရင်းသက်သေခံလက်မှတ်ထုတ်ပေးသော လက်ရှိစနစ်မှ REX စနစ်သို့ ကမ္ဘာလုံးဆိုင်ရာ အကူးအပြောင်းကာလကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်က စတင်ကာ နောက်အကျဆုံး သက္ကရာဇ်၂၀၂၀ ပြည့်နှစ် ၊ဇွန်လ ၃၀ ရက်နေ့အထိသတ် မှတ်ထားသည်။

၂၀၁၆ ခုနှစ်၊ မေလမှစတင်ကာ Union Customs Code (UCC) ကို အသုံးချရန် ဝင်ရောက်လာသည့် အခါ ကော်မရှင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်း(EU)အမှတ် ၂၀၁၅ / ၂၄၄၇ (‘အကောင်အထည်ဖော်ခြင်း အက်ဥပဒေ’ အတွက် UCCIA) တွင် REX စနစ်၏ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခဲ့သည်။

REX စနစ်တွင် ပို့ကုန်တင်ပို့သူများကို အီလက်ထရောနစ် အချက်အလက်အစုအဝေးတစ်ခု၌ မှတ်ပုံတင်ထားရန်လိုအပ်ပြီး အကျိုးခံစားသော နိုင်ငံရှိ အရည်အချင်းပြည့်ဝသော အာဏာပိုင်များက အဆိုပါနိုင်ငံတွင် တည်ရှိသည့်တိကျသော မှတ်ပုံ တင်ထားသည့် ပို့ကုန်တင်ပို့သူများဆိုင်ရာ အချက်အလက်ဘဏ်တစ်ခုကို တည်ထောင်ထားရှိပြီး အချိန်နှင့်အမျှ အမြဲမှန်ကန်နေစေရန် ပြင်ဆင်ပြောင်းလဲပေးရန် လိုအပ်သည်။ အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များက မှတ်ပုံတင် လျှောက်ထားလာသည့် ပို့ကုန်တင်ပို့သူများအား မှတ်ပုံတင်နံပါတ် သတ်မှတ်ပေးရန်လိုအပ်သည်။ REX နံပါတ်ဆိုသည်မှာ ထုတ်ပေးသည့် နိုင်ငံကိုရည်ညွှန်းသည့်အချက်အပါအဝင် ကိန်းဂဏန်းအက္ခရာ ၃၅ လုံးပါဝင်သည့် ကိန်းစဉ်တစ်ခု ဖြစ်သည်။

ဤနည်းလမ်းသည် ‘အတည်ပြု ပို့ကုန်တင်ပို့သူများ ’ဟု သတ်မှတ်ထားသူများက ပင်ရင်းသက်သေခံလက်မှတ်တစ်ခုအစား ရိုးရှင်းသော ကုန်ပို့လွှာကြေညာချက်တစ်ခု ထုတ်ပေးနိုင်သည်ဟုပါရှိသည့် ဦးစားပေးကုန်သွယ်ရေး သဘောတူညီချက်ဆိုင်ရာနယ်ပယ်တွင် ကျွမ်းကျင်သည့် EU ကျွမ်းကျင်သူများကို လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ REX စနစ်တွင် ပို့ကုန်တင်ပို့သူများသည် မှတ်ပုံတင်ပြီးသည်နှင့် တင်ပို့ကုန်များ၏ တန်ဖိုးကို ဂရုပြုစရာမလိုဘဲ ပင်ရင်းရိုးရှင်းသော ပင်ရင်း ထုတ်ကုန်ဆိုင်ရာ ဖော်ပြချက်များကို ထုတ်ယူနိုင်သည်။ အဆိုပါဖော်ပြချက်နှင့် ပတ်သက်သည့်ပုံစံကို ဤလက်စွဲစာအုပ်၏ နောက်ဆက်တွဲ(ခ)တွင် တွေ့နိုင်သည်။

အသေးစိတ်အားဖြင့် မှတ်ပုံတင်သည့် အချက်အလက်များကို EU ထံသို့လည်း တင်ပြရန်နှင့် မည်သူမဆို ရှာဖွေကြည့်ရှုနိုင်ရန်လိုပြီး အောက်ပါ အသေးစိတ်အချက်အလက်များ ပါဝင်ရမည်-

- ➢ မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူ နေထိုင်ရာနေရာ၏ အမည်နှင့်လိပ်စာအပြည့်အစုံ။ ၎င်းတွင် နိုင်ငံ သို့မဟုတ် နယ်မြေ၏ အမှတ်သင်္ကေတ(အိုင်အက်စ်အိုအယ်လ်ဖာ ၂ နိုင်ငံသင်္ကေတ) ပါဝင်ရမည်။
- ➢ မှတ်ပုံတင်ထားသည့်ပို့ကုန်တင်ပို့သူအမှတ်
- ➢ ဤစနစ်အရ တင်ပို့ရန်ရည်ရွယ်သည့်ကုန်ပစ္စည်းများ (လျှောက်ထားသူကသင့်လျော်သည်ဟု ယူဆသည့် သဟဇာတဖြစ်သည့်စနစ်၏ အခန်းများသို့မဟုတ် ခေါင်းစဉ်များကို ရည်ညွှန်းသည့်စာရင်း)
- ➢ ပို့ကုန်တင်ပို့သူ မှတ်ပုံတင်ထားသည့်သက်တမ်းကာလ
- ➢ ရုတ်သိမ်းရသည့်အကြောင်းပြချက် (မှတ်ပုံတင်ထားသည့် တင်ပို့သူ၏ မေတ္တာရပ်ခံချက်/အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များက ရုတ်သိမ်းခြင်း)။ ဤအချက်အလက်များကို အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များကသာ ရရှိအသုံးပြုနိုင်သည်။

အီးယူရှိ သွင်းကုန်တင်သွင်းသည့် ကုမ္ပဏီများသည်လည်း အကယ်၍ ၎င်းတို့အနေဖြင့် ပေါင်းစပ်တွက်ချက်မှု ရည်ရွယ်ချက်များအတွက် အသုံးပြုသည့် သွင်းအားစုများကို တင်ပို့ခြင်း သို့မဟုတ် GSP အရ သွင်းကုန်များသည် ဆွစ်ဇာလန် သို့မဟုတ် နော်ဝေသို့ ပြန်လည်တင်ပို့ခြင်းဖြစ်ပါက REX အတွက် မှတ်ပုံတင်ရန်လိုအပ်သည်။ ယင်းကဲ့သို့ ဝင်ရောက်လာသည့် ဂျာမနီ အခြေစိုက် ကုမ္ပဏီတစ်ခု၏ ဥပမာတစ်ခုကို ဤနေရာတွင် တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံအခြေစိုက် ကုမ္ပဏီများ ဝင်ရောက်လာခြင်းသည်လည်း အလားတူပုံစံမျိုးဖြစ်မည် ဖြစ်သည်။

အီးယူသည် အကျိုးခံစားရသည့်နိုင်ငံများတွင် ဤစနစ်ကို စတင်အကောင်အထည်ဖော်ရမည့်ရက်အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်ကို သတ်မှတ်ထားသည် အကျိုးခံစားရသည့် နိုင်ငံများသည် အီးယူကော်မရှင် အား ဤစနစ်အကောင် အထည်မဖော်မီ ၃ လ ကြိုတင်၍ အကြောင်းကြားရမည် (အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များကိုလည်း ဖော်ပြ ရန်လိုအပ်သည်)။

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံ ဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# , befjynf , fuk;yijrifo op;pdkufysdK;a&;vkyfief;zGHUNzdK;wdk;wuf&; pD*Huf

(ယခင်တစ်ပတ်မှအဆက်)

| ပြည့်ဖြိုးအောင် |

**လိမ္မော်သီး**

**စီမံစိုက်ပျိုးသောဒေသ-** ရှိရှီးမြို့ဟွာနင်းခရိုင်၊ ရှင်းဖန်ခရိုင်၊ ဟုန်ဟယ်ပြည်နယ်ခွဲ ကျန့်ဆွေခရိုင်၊ တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့၊ ဝန်းစန်းပြည်နယ်ခွဲ မာကွမ်းခရိုင်၊ ပန်နပြည်နယ်ခွဲ ကျင်ဟုန်မြို့၊ ပေါ်ရှန်းမြို့ လုံလင်ခရိုင်စသည့်ခရိုင်နှင့်မြို့ ၇ ခုတွင် စိုက်ပျိုးကြ သည်။ ဟွာနင်း၊ ရွှေလီ၊ ကျန့်ဆွေနှင့် ရှင်းဖန် စသည့်မြို့နှင့် ခရိုင်များတွင် အဓိက စိုက်ပျိုးကြသည်။

**သလဲသီး**

**စီမံစိုက်ပျိုးသောဒေသ-** ဟုန်ဟယ်ပြည်နယ်ခွဲ မုန့်ကျိမြို့၊ ကျန့်ဆွေခရိုင်၊ လိကျင်းမြို့ ရှန်ရှန့်ခရိုင်၊ ချီကျင့်မြို့ ဟွေ့ကျယ်ခရိုင်၊ ကျောင်းထုန်းမြို့၊ ချောင်ကျားခရိုင်၊ ကူမင်းမြို့ တုန်းချွမ်းဒေသ စသည့် ခရိုင်၊ မြို့နှင့်ဒေသ ၆ ခုတွင် စိုက်ပျိုးကြသည်။ မုန့်ကျိမြို့၊ ကျင့်ဆွေ ခရိုင်နှင့်ဟွေ့ကျင်နေရာများတွင် အဓိကစီမံစိုက်ပျိုးသည်။

**အခြားနာမည်ကြီးသစ်သီးများ**

**စီမံစိုက်ပျိုးသောဒေသ-** ယူနန်ပြည်နယ်၊ ကူမင်းမြို့ ဖုမင်ခရိုင်၊ ဟုန်ဟယ်ပြည်နယ်ခွဲ မုန့်ကျိမြို့၊ ရှီပင်ခရိုင်၊ ပေါ်ရှန်းမြို့လုံရန်ဒေသ၊ ရှီးတျန့်ခရိုင်၊ ရှိရှီးမြို့၊ ယွမ်ကျန်းခရိုင်၊ ဖူအယ်မြို့၊ မော့ကျန်းခရိုင် စသည့်ခရိုင်၊ မြို့နှင့်ဒေသခုနစ်ခုတွင် အဓိက စိုက်ပျိုးသည်။

**အပူပိုင်းသစ်သီးအထူးထွက်ဒေသ**

**ငှက်ပျောသီး**

**စီမံစိုက်ပျိုးသောဒေသ-** ဟုန်ဟော် မြစ်ဝှမ်းစိုက်ပျိုးရေးဒေသ၊ လန်ချန်း မြစ်အလယ်ပိုင်းနှင့်အောက်ပိုင်းမြစ်ဝှမ်း စိုက်ပျိုးဒေသ၊ နမ်တင့်မြစ်ဝှမ်းစိုက်ပျိုးဒေသတို့၏ အားသာချက်ကို အဓိက အသုံးပြု၍စိုက်ပျိုးသည်။ ရှိရှီးမြို့ရှင်းဖန်ခရိုင်၊ ယွမ်ကျန်းခရိုင်၊ ဟုန်ဟော် ပြည်နယ်ခွဲ ဟုန်ဟော်ခရိုင်၊ ကျင်းဖင်ခရိုင်၊ ပင်ပြန်ခရိုင်၊ ဖူအယ်မြို့ လန်ချန်းခရိုင်၊ ကျန်းချိန်ခရိုင်၊ ဝန်းစန်းပြည်နယ်ခွဲမာကွမ်းခရိုင်၊ ပန်န ပြည်နယ်ခွဲ ကျင်ဟုန်မြို့မုန့်ဟုင်ခရိုင် မုန့်လခရိုင်၊ လင်ချန်းမြို့ ကိန်းမာခရိုင် စသည့်နေရာများတွင်လည်း စိုက်ပျိုးကြသည်။ ကျင်းဖင်ခရိုင်၊ ဟော်ခေါ် ခရိုင်၊ ကျင်ဟုန်မြို့၊ မုန်လခရိုင်၊ ကိန်းမာခရိုင်၊ မာကွမ်း ခရိုင်၊ ကျန်းချိန်ခရိုင်စသည့် မြို့များနှင့်ခရိုင် ၇ ခုတွင် အဓိကထားပြီး စီမံစိုက်ပျိုးသည်။

**သရက်သီး**

စီမံစိုက်ပျိုးသောဒေသ- ကျင်းဆားမြစ်ဝှမ်း၊ နုမြစ်ဝှမ်း၊ ဟုန်ဟော် မြစ်ဝှမ်းတို့၏ အပူပိုင်းမိုးနည်းဒေသတို့တွင် စိုက်ပျိုးသည်။ လင်းချန်းမြို့၊ ယုံတယ်ခရိုင်၊ ကျိန့်ခမ်းခရိုင်၊ ကျင်းတုန်းခရိုင်၊ ရှိရှီးမြို့၊ ယွမ်ကျန်းခရိုင်၊ ဟုန်ဟယ်ပြည်နယ်ခွဲ ယွမ်ယံခရိုင်၊ ဟုန်ဟယ်ခရိုင်၊ ပေါ်ရှန်းမြို့ လုံရန်ဒေသ၊ ချန်းနမ်းခရိုင်၊ ဖူအယ်မြို့ ကျင်းကူခရိုင်၊ လိကျန်းမြို့၊ ဟွာဖင်ခရိုင် စသည့်မြို့နှင့်ခရိုင်(၁၀)ခုတို့တွင် စိုက်ပျိုး ကြသည်။ ယုံတယ်ခရိုင်၊ ဟွာဖင်ခရိုင်၊ ယွမ်ယံခရိုင်၊ ယွမ်ကျန်း ခရိုင် တို့တွင် အဓိကထား၍ စီမံစိုက်ပျိုးသည်။

**အခြားနာမည်ကြီးသစ်သီးများ**

**စီမံစိုက်ပျိုးသောဒေသ-** ရှိရှီးမြို့ ယွမ်ကျန်းခရိုင်၊ တယ်ဟုန် ပြည်နယ်ခွဲယဉ်ကျန်းခရိုင်၊ ဟုန်ဟယ်ပြည်နယ်ခွဲ၊ ဟော်ခရိုင်၊ ယွမ်ယံခရိုင်၊ ဟုန်ဟယ်ခရိုင်၊ ရှီပင်ခရိုင် ပင်ပြန်ခရိုင်၊ ပန်နပြည်နယ်ခွဲ၊ ကျင် ဟုန်မြို့၊ မုန့်ဟိုင်ခရိုင်၊ မုန့်လခရိုင်၊ ပေါင်ရှန်းမြို့ လုံရန်ဒေသ စသည့် မြို့နှင့်ခရိုင် ၁၁ ခုတွင် စိုက်ပျိုးသည်။

**ကုန်ချောစီမံခန့်ခွဲမှု**

သစ်သီးထွက်ရှိသော ဒေသနှင့် ပတ်သက်ပြီး ကူမင်း၊ တလီ၊ ချီကျင့်၊ ဟုန်ဟယ်၊ ကျောင်းထုန်း၊ ချူယုံဒေသများတွင် အဓိကထားပြီး ကြီးမားသော သစ်သီးလုပ်ငန်းများ၏ အမျိုးအစား ခွဲခြားခြင်း၊ ထုပ် ပိုးခြင်း၊ အအေးခန်းတွင် သိုလှောင်ခြင်း ၊ အအေးရိုက် သယ်ယူပို့ ဆောင်ခြင်း၊ ကြိုတင် အအေးခံ စက်ကိရိယာများ ပြင်ဆင်ခြင်း၊ သစ်သီးများ ကြာရှည်စွာ လတ်ဆတ်ရန်၊ ဆုံးရှုံးမှု လျော့နည်းရန် စသည့် နည်းပညာတို့ကို တိုက်တွန်း ပညာပေးမည်။ ရှိရှီး၊ ချူယုံ၊ ဝန်း စန်း၊ ဖူအယ်၊ ပေါ်ရှန်းစသည့်နေရာများတွင် အဓိကထား၍ သစ်သီးများ ထုပ်ပိုးမှု နည်းစနစ်တိုးမြှင့်ခြင်း၊ ဈေးကွက်တွင် ဈေးကောင်းရရန် လုပ်ဆောင်ခြင်း၊ ဈေးကွက်အန္တရာယ် လျော့နည်းစေခြင်းတို့ကို လုပ်ဆောင်သွားမည်။ လိကျန်း၊ တယ်ဟုန်၊ ရှီးရွှမ်းပန်န စသည့်နေရာများတွင် အဓိကထား၍ သစ်သီး ထုတ်ကုန်လိုအပ်ချက်အရ ကြိုတင် အအေးခံစက်ကိရိယာများ တပ်ဆင်ခြင်း၊ အမျိုးအစားခွဲခြားနိုင်ဖို့ နေရာများနှင့် အအေးခန်းများ ဆောက်လုပ်ခြင်း၊ ဒါ့အပြင် သစ်သီး များကို သန့်စင်ခြင်း၊ အမျိုးအစား ခွဲခြားခြင်း၊ ထုပ်ပိုးခြင်း စသည့် စက်ကိရိယာနှင့် မပုပ်မသိုးအောင် သိုလှောင်နိုင်သော နည်းပညာများ တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

သစ်သီးအမျိုးအစား ခွဲခြားမှု၊ ကုန်ချော ထုတ်လုပ်မှုတို့နှင့် ပတ်သက်၍ ရှောက်ထုန်းမြို့တွင် ပန်းသီးကို အဓိကထားပြီး လုပ်ငန်းကြီး ၂ ခုမှ ၃ ခုအထိ ပျိုးထောင်ကာ ပန်းသီးရှာလကာရည် နှင့် ပန်းသီးဖျော်ရည်တို့ကို ကောင်းမွန်အောင် လုပ်ဆောင်သွားမည် ဖြစ်သည်။ သစ်တော်သီးကို လူရှီး၊ လုဖုန်းတွင် အဓိကထားပြီး လက်ရှိ အခြေခံမှ လုပ်ငန်းကြီး ၂ ခုမှ ၃ ခုအထိ ပျိုးထောင်ကာ ကုန်ချော လုပ်ငန်းနည်းပညာကို မြှင့်တင်သွားမည် ဖြစ်သည်။ သရက်သီးကို ဟွာဖင်မြို့တွင် အဓိကထားပြီး လုပ်ငန်းကြီး ၃ ခုမှ ၅ခုအထိ ပျိုးထောင်ကာ သရက်သီးဖျော်ရည်၊သရက်သီးအခြောက်၊ သရက်သီးမုန့်နှင့်အခြား သက်ဆိုင်သည့် ထုတ်ကုန်များကို ထုတ်လုပ်သွားမည် ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ၂၀၁၈ ခုနှစ် ဒုတိယသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ Outlook Indicator နှင့် ပတ်သက်၍ ခန့်မှန်းချက်ထုတ်ပြန်

၂၀၁၈ ခုနှစ် ဒုတိယသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ Outlook Indicator နှင့် ပတ်သက်၍ ခန့်မှန်းချက်သတင်းအား ကမ္ဘာ့ ကုန်သွယ်မှုအဖွဲ့မှ မေလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဒုတိယသုံးလပတ်အတွက် ကမ္ဘာ့ ကုန်သွယ်မှုဆိုင်ရာ Outlook Indicator ညွှန်းကိန်းမှာ ၁၀၁ ဒသမ ၈ အဖြစ် ဖော်ပြလျက်ရှိကြောင်း၊ ယင်းမှာ ၂၀၁၈ ခုနှစ် ပထမ သုံးလပတ်အတွက် ညွှန်းကိန်း ၁၀၂ဒသမ၃ နှင့် နှိုင်းယှဉ်လျှင် ကုန်သွယ်မှု တိုးတက်မှု အခြေအနေမှာအနည်းငယ် လျော့ကျသည့် အနေအထားရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်မှု တိုးတက်မှုနှုန်းမှာ ဆက်လက် အားကောင်းမည်ဟု ခန့်မှန်းထားသော်လည်း ၂၀၁၈ ခုနှစ်၊ ဒုတိယသုံးလပတ်အတွင်း အနည်းငယ်အားကောင်းလာမည်ဟုဆိုနိုင်ကြောင်း၊ ကမ္ဘာ့ ကုန်စည်ကုန်သွယ်မှုမှာ အတက်အကျမရှိဘဲ တန့်နေသည့် ပုံစံတွေ့ရကြောင်း၊ Container Port များနှင့် ပတ်သက်သော လုပ်ငန်းဆောင်ရွက်နိုင်မှုညွှန်းကိန်းနှင့်လေကြောင်းပို့ဆောင်မှု ညွှန်းကိန်းများမှာ ယေဘုယျအားဖြင့် ပုံမှန် အနေအထားထက်ကျော်လွန်လျက်ရှိကြောင်း၊သို့ရာတွင် ပို့ကုန်အမှာစာ ရရှိမှုညွှန်း ကိန်းများမှာလည်း ၂၀၁၈ ခုနှစ် ဒုတိယသုံးလပတ်ကာလအတွင်း ပုံမှန်အောက်သို့ ကျဆင်းနိုင်ပြီး ကုန်သွယ်မှု တန်ဖိုးမှာလည်း ကျဆင်းနိုင်ကြောင်း၊ ကုန်စည်စီးဆင်းမှု အခြေအနေများကို လေ့လာကြည့်ပါက မော်တော်ကား ထုတ်လုပ်ရောင်းချမှုမှာ



ပုံမှန်အနေအထားတွင်ရှိနေပြီး လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မှုမှာ အတက်ဘက်သို့ဖော်ညွှန်းလျက်ရှိကြောင်း၊ သို့ရာတွင် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ ရောင်းချမှုမှာ ပုံမှန်ထက် အားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဧပြီလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ ကုန်သွယ်မှုဆိုင်ရာ တိုးတက်မှု အခြေအနေခန့်မှန်းချက်တွင် ပါရှိသည့်အတိုင်း ၂၀၁၇ ခုနှစ်၏ ကုန်စည် ကုန်သွယ်မှုဆိုင်ရာ တိုးတက်မှုနှုန်း ၄ ဒသမ ၇ရာခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်တွင် ကုန်စည် ကုန်သွယ်မှုဆိုင်ရာ တိုးတက်မှုနှုန်း ၄ ဒသမ ၄ ရာခိုင်နှုန်းသို့ အနည်းငယ် ကျဆင်းသွားနိုင်ကြောင်း ကြိုတင်ခန့်မှန်းချက်နှင့် လက်ရှိအခြေအနေများမှ ယေဘုယျအားဖြင့် ကိုက်ညီမှုရှိကြောင်းတို့ကို အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ညီညီအောင်**

---

# တောင်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုမှ အဝတ်လျှော်စက်နှင့် ဆိုလာဆဲလ် သွင်းကုန်အတွက် ကောက်ခံမည့် Safeguard Duty နှင့်ပတ်သက်၍ အငြင်းပွားမှု ဖြေရှင်းပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့တင်ပြ

အမေရိကန် ပြည်ထောင်စုမှအဝတ်လျှော်စက်နှင့် ဆိုလာဆဲလ် သွင်းကုန်များအတွက် Safeguard Duty ထပ်မံကောက်ခံမှုမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Agreement on Safeguards နှင့် General Agreeement on Tariffs and Trade (GATT) 1994 တို့နှင့် ကိုက်ညီမှု မရှိသဖြင့် အငြင်းပွားမှု ဖြေရှင်းပေးရန် တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ ကုန်သွယ်မှု အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက်၏ Article (4.4) အရ ပထမဆင့်အနေဖြင့် အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု (Consultation) ပြုလုပ်ပေးနိုင်ရေးကို မေလ ၁၆ ရက်စွဲဖြင့် တရားဝင် အကြောင်းကြားစာပေးပို့ထားကြောင်း သိရသည်။ **ညီညီအောင်**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# Belt & Road Initiative စီမံကိန်းတစ်လျှောက်ရှိ နိုင်ငံများတွင် တရုတ်နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံကျော်ထိ ရင်းနှီးမြှုပ်နှံခဲ့




၂၀၁၃ ခုနှစ်တွင် ကနဦး စတင်ခဲ့သည်မှစ၍ Belt & Road Initiative စီမံကိန်းတွင် ပါဝင်သော နိုင်ငံများအတွင်း တရုတ်နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံကျော် ထိရှိခဲ့ပြီး ကုန်စည်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅ ထရီလီယံကျော် ရှိခဲ့ကြောင်း နိုင်ငံ၏ထိပ်တန်းစီးပွားရေး လုပ်ငန်း ကြီးကြပ်ရေးဌာနအရ သိရှိရပါသည်။ တရုတ်နိုင်ငံ စီးပွားရေးလုပ်ငန်းများမှ ပြည်ပနိုင်ငံများရှိစီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များတွင် လုပ်ငန်းပေါင်း ၇၅ ခု တည်ထောင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့ပြီး ဒေသခံပြည်သူများအား အလုပ်အကိုင်ပေါင်း ၂၀၀၀၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ၎င်းအပြင် တရုတ်နိုင်ငံ၏ ပိုးလမ်းမရန်ပုံငွေမှ စီမံကိန်း ၁၉ ခုတွင် အမေရိကန်ဒေါ်လာ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ ပြောခွင့်ရပုဂ္ဂိုလ် Mr. Meng Wei မှ ပြောကြားခဲ့ပါသည်။

Belt & Road Initiative စီမံကိန်း၏ မူဘောင်အတွင်း အခြားစီမံကိန်းနှင့် အခြေခံ အဆောက်အဦများတွင် တရုတ်နိုင်ငံအတွက် သာမက စီမံကိန်းတစ်လျှောက် နိုင်ငံများတွင်လည်း အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် စီမံကိန်း အဆိုပြုစဉ်မှစ၍ ပိုးလမ်းမ စီးပွားရေး ခါးပတ်နှင့် ၂၁ ရာစု ပင်လယ်ပိုးလမ်းမမှ ကုန်သွယ်မှုနှင့် အခြေခံအဆောက်အဦကွန်ရက် တည်ဆောက်ရန် အာရှအား ဥရောပ၊ အာဖရိကနှင့် ပိုးလမ်းမ ကြောင်းတို့နှင့် ချိတ်ဆက်ရန် ရည်ရွယ်ကြောင်း၊ တရုတ်နိုင်ငံမှ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံပေါင်း ၈၈ နိုင်ငံမှ လုပ်ငန်းပေါင်း ၁၀၃ ခုတို့နှင့် လက်မှတ်ရေးထိုး ထားကြောင်း၊ ယမန်နှစ် ဖိုရမ် ကျင်းပပြီးနောက် သဘောတူညီချက်ပေါင်း ၂၅၅ ခု ပြုလုပ်နိုင်ခဲ့ပြီး ၂၄ မှာ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ကြောင်း ၁၄၂ ကီလိုမီတာ အရှည်ရှိ အင်ဒိုနီးရှားနိုင်ငံအတွင်း မြန်နှုန်းမြင့် မီးရထားလမ်း စီမံကိန်းမှာ အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး မီးရထားလမ်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ ပထမဆုံးပြည်ပနိုင်ငံတွင် ဆောက်လုပ်သည့် မြန်နှုန်းမြင့်မီးရထား စီမံကိန်းဖြစ်ကြောင်း သိရှိရပါသည်။

ပါကစ္စတန်နိုင်ငံတွင် Guadar ဆိပ်ကမ်း၊ တရုတ်-ရုရှား ရေနံပိုက်လိုင်း စီမံကိန်းအပါအဝင် အခြားစီမံကိန်းများမှာ ကောင်းစွာဆောင်ရွက် နေကြောင်း၊ တရုတ်-ဥရောပ မီးရထားဝန်ဆောင်မှုတွင် ယခုအချိန်ထိ ဥရောပအတွင်းရှိ ၁၄ နိုင်ငံ ပါဝင်ပြီး မြို့ပေါင်း ၄၂ မြို့ ရောက်ရှိကြောင်း Belt & Road Initiative စီမံကိန်းမှာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအတွက် အရည်အသွေးပြည့်ဝသည့်မူဘောင်နှင့် ပွင့်လင်းမြင်သာမှုရှိပြီး ပူးပေါင်း ဆောင်ရွက်ရန် နိုင်ငံအားလုံးအား ကြိုဆိုပါကြောင်း အနောက်နိုင်ငံများ၏ နိုင်ငံတကာ ကုမ္ပဏီအချို့မှာ ပါဝင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင် ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ထိုင်းနိုင်ငံသည် ရှေ့ပြေးစမတ်စီးတီး စီမံကိန်းအတွက် ဘတ် ၄၀ ဘီလီယံ သုံးစွဲမည်

ထိုင်းအစိုးရသည် လာမည့် ၅ နှစ်အတွင်း စမတ်စီးတီး စီမံကိန်းများအား နိုင်ငံတစ်ဝန်းလုံးတွင် အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဗန်ကောက်မြို့၊ ဖဟွန်ယိုသင်ခရိုင်တွင်ရှေ့ ပြေးစမတ်စီးတီး (pilot smart city)ကိုအကောင်အထည်ဖော်ရန်အတွက် ဘတ် ၄၀ ဘီလီယံ သုံးစွဲရန် လျာထားကြောင်းသိရှိရပါသည်။

ရှေ့ပြေးစမတ်စီးတီးကိုအထောက်အပံ့ပြုမည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပြီး JETRO Thailand နှင့် ပူးပေါင်း၍ TowardsAsean Smart City Network Development ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ယင်းကဲ့သို့ ဂျပန်နိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းသည် ထိုင်းနိုင်ငံ၏ စမတ်စီးတီး ဖွံ့ဖြိုးရေးကိုသာမက အာဆီယံဒေသ တစ်ခုလုံး၏စမတ်စီးတီး ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

ထိုင်းနိုင်ငံရှိဗန်ကောက်၊ ဖူးခက်၊ ချွန်ဘူရီ၊ ချင်းမိုင်၊ ရယောင်း၊ ချာချင်ဆောင်နှင့် ခုံကမ် စသည့် ပြည်နယ်များ၌ စမတ်စီးတီးများကို ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ဗန်ကောက်မြို့၊ ဖဟွန်ယိုသင်ခရိုင်တွင် တည်ဆောက်မည့် ရှေ့ပြေးစမတ်စီးတီးအားသုံးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်သည်။ ထိုင်းအစိုးရအနေဖြင့် စမတ်စီးတီး စီမံကိန်းများကို ကြီးကြပ် ဆောက်ရွက်မည့် Project Management Committee (ICT)နှင့် National Smart City Committee တို့ကို ဖွဲ့စည်းပေးထားသည်။ စမတ် စီးတီး စီမံကိန်းတွင် ပါဝင်သည့် smart communities၊ smart environment၊ smart mobility၊ smart energy၊ smart economy နှင့် smart governance တို့သည် စမတ်လူနေထိုင်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ ဗန်ကောက် မြို့တွင် တည်ဆောက်မည့် စမတ်စီးတီးသည် smart mobility ကိုလည်းကောင်း၊ ချင်းမိုင်နှင့် ဖူးခက်တွင် smart tourism၊ smart safety၊ smart environmentနှင့် smart economy ကိုလည်းကောင်း၊ ခုံကမ်တွင် smart health ကိုလည်းကောင်း အလေးထားအကောင် အထည်ဖော်မည်ဖြစ်သည်။

ထိုင်းအစိုးရသည် ဗန်ကောက်မြို့တွင် တည်ဆောက်မည့် ရှေ့ပြေးစမတ်စီးတီးအတွက် ဘတ် ၄၀ ဘီလီယံကို သုံးစွဲရန် လျာထားပြီး ပို့ဆောင်ရေး၊ ထောက်ပံ့ရေးနှင့် စီးပွားရေး အခွင့်အလမ်း ဖန်တီးနိုင်ရေး အတွက်အဓိကအသုံးပြုမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်အတွင်းစမတ် စီးတီးစီမံကိန်း ၁၀ ခုကို အကောင်အထည်ဖော်သကဲ့သို့ လာမည့် ၃ နှစ်အတွင်း စမတ်စီးတီး စီမံကိန်း ၃၀ ခုကိုအကောင်အထည်ဖော်ရန် မျှော်မှန်းထားသည်။ ထို့နောက် ၅ နှစ်အတွင်း ထိုင်းနိုင်ငံရှိ ပြည်နယ် ၇၇ ခုစလုံးတွင် စမတ်စီးတီးများကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ၌ စမတ်စီးတီး စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု (public-private partnership - PPP)ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့သည်လည်း ဒေသတွင်း၌ Smart Cities Network (ASCN)အားတည်ထောင်ရန် သဘောတူထားကြပြီးဖြစ်ကြောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံသည် ဒေသတွင်းရှိမြို့ကြီး ၂၆ မြို့တွင် စမတ်စီးတီး ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ စင်ကာပူ၊ ဟန္နိုင်း၊ မနီလာ၊ ဘန်ဒါဆရီဘာ ဂါဝမ်၊ ဆမ်ရီ ဗီယန်ကျန်း၊ ဂျကာတာ၊ နေပြည်တော်နှင့် ကွာလမ်လာပူ စသည့်မြို့များသည် စမတ်စီးတီးများ ဖြစ်လာကြမည်ဟု ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. PrajinJuntong က ပြောကြားခဲ့သည်။

**ကျော်သူရ ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘန်ကောက်မြို့**

## တောင်သူလယ်သမားများ အပူတပြင်း ရောင်းချရသည့် အခြေအနေများကို တားဆီးကာကွယ်နိုင်မည့် အစီအစဉ်တစ်ခုကို အိန္ဒိယအစိုးရ စတင်မည်

ခရမ်းချဉ်သီး၊ ကြက်သွန်နီနှင့် အာလူးသီးနှံများ (Tomato , Onion and Potato TOP crops ) သည် ပျက်စီးလွယ်သော ကုန်စည်များဖြစ်သည့်အတွက် ယင်းသီးနှံ စိုက်ပျိုးသည့် တောင်သူ လယ်သမားများသည် ထွက်ရှိလာသည့် ကုန်စည်များအား အပူတပြင်း ရောင်းချလေ့ရှိကြောင်း၊ သို့ဖြစ်၍ ယင်းသို့သော အခြေအနေများ အဆုံးသတ်စေရန် ရည်ရွယ်ကာ ရူပီးကုဋေ ၅၀၀ ခန့် မတည် ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်တစ်ခုကို အိန္ဒိယအစိုးရက မကြာမီ စတင်ဖွယ်ရှိကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆ တိုးလာစေရန် ဈေးကွက်ချိတ်ဆက်မှု အားကောင်းလာစေရန်နှင့် ဈေးနှုန်းမတည်ငြိမ်မှုကို လျှော့ချရန် ရည်ရွယ်၍ ၎င်းအစီအစဉ်အား ဖော်ဆောင်ခြင်းဖြစ်ပြီး ယခုနှစ် ဇူလိုင်လအတွင်း စတင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။ အစီအစဉ်အား အကောင်အထည်ဖော်ရာ၌ Top သီးနှံတစ်မျိုးစီအတွက် ထုတ်လုပ်မှု အစုအဖွဲ့ ထိပ်တန်း ၁၀ ဖွဲ့ဖြင့် အဓိကထား ဆောင်ရွက်မည်ဖြစ်ကာ ခရမ်းချဉ်၊ ကြက်သွန်နီနှင့် အာလူးစိုက်တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေရန်၊ တောင်သူ လယ်သမားထုတ်လုပ်သူ အသင်းအဖွဲ့များ၏ စွမ်းရည်တည် ဆောက်ခြင်း၊ ရိတ်သိမ်းပြီးချိန် သီးနှံများ လေလွင့်ဆုံးရှုံးမှု လျှော့ကျစေခြင်း၊ ကုန်ချောထုတ်လုပ်မှုဆိုင်ရာ အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး ကုန်စည်များ စီးဆင်းမှုအတွက် သယ်ယူပို့ဆောင်ရေးစနစ်များ လျာထားဆောင်ရွက်ခြင်းနှင့် စားသုံးသူများအတွက် Top သီးနှံ များ၏ ဈေးနှုန်းမတည်ငြိမ်မှု လျှော့ချခြင်းတို့ကို ဦးတည်ဆောင် ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အကျုံးဝင်သည့် စီမံကိန်း ကုန်ကျစရိတ်၏ ၅၀ ရာခိုင်နှုန်းကို ယင်းအစီအစဉ်မှ ထောက်ပံ့ပေးရန် အဆိုပြုတင်ပြထားပြီး စီမံကိန်းတစ်ခုအတွက် အများဆုံးခွင့်ပြုငွေမှာ ရူပီးကုဋေ ၅၀ ဖြစ်ကြောင်း၊ Agricultural Produce Market Committee (APMC) Reforms အကောင်အထည် ဖော်ပြီးသည့် ပြည်နယ်များကို ဦးစားပေး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ အစီအစဉ်အရ Top (ခရမ်းချဉ်၊ ကြက်သွန်နီ၊ အာလူး) သီးနှံများ ထုတ်လုပ်သည့် ထိပ်တန်းအစုအဖွဲ့များသို့ အစိုးရကဘဏ္ဍာငွေ ထောက်ပံ့ပေးမည်ဖြစ်ကာ အရည်အသွေး မြင့်မားသည့် သီးနှံများ ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းပြီးနောက် ထားရှိနိုင်မည့် သိုလှောင်ရုံ ဝန်ဆောင်မှုများ၊ ပြုပြင်ထိန်းသိမ်းသည့် နေရာများ၊ စိုက်ပျိုးရေး ထွက်ကုန် သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက် အထောက်အပံ့များအတွက် တောင်သူလယ်သမား ထုတ်လုပ်သူများအသင်း သမဝါယမ ၊ ကုမ္ပဏီများ၊ စားသောက် ကုန်ထုတ်လုပ်သူများ၊ သယ်ယူပို့ဆောင်ရေး အော်ပရေတာများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်စီးဆင်းမှုစနစ်များ၊ လက်ကားဈေးကွက်ကြီးများနှင့် ဗဟိုနှင့် ပြည်နယ်အစိုးရ အဖွဲ့အစည်းများသည် တောင်သူလယ်သမားများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# C B BANK




# " ကုန်သွယ်ရေးလုပ်ငန်းရှင်ကြီးများအား သတင်းကောင်းလေးတစ်ခုပါးပါရစေ "

လူကြီးမင်းအနေဖြင့် အောက်ပါအချက်အလက်များကို စဉ်းစားနေပါသလား။

- လူကြီးမင်းတို့၏ ဝယ်လိုအားတိုးမြှင့်လိုခြင်း။
- ကုန်ပစ္စည်းမှာယူမှုများတွင် ရောင်းချသူနှင့် ဝယ်ယူသူများအကြား ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့လိုခြင်း။
- သွင်းကုန် / ထုတ်ကုန်လုပ်ငန်းနှင့် ပတ်သက်သော ငွေကြေးဆိုင်ရာကိစ္စရပ်များအား ပံ့ပိုးပေးခြင်း။
- ကုန်ပစ္စည်းမှာယူတင်သွင်းမှုအပေါ် (၁၀၀%) အထိ ငွေကြေးထောက်ပံ့မှု ဆောင်ရွက်ပေးခြင်း။
- နိုင်ငံခြားငွေလဲလှယ်ရာတွင် မဆုံးရှုံးအောင် ဆောင်ရွက်လိုခြင်း။

လူကြီးမင်းတို့အနေဖြင့် Trade Finance နှင့်ပတ်သတ်ပြီး ဆွေးနွေးတိုင်ပင်ခြင်းနှင့် LC, Export TT, Documentary Collections and TT အစရှိတဲ့နိုင်ငံတကာ ငွေပေးချေမှု စံနှုန်းနှင့်အညီ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လိုပါက CB Bank ၏ STU Team နဲ့ဆက်သွယ်လိုက်ပါ။

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm


ALPINE
Purified Drinking Water
PROMISES PURITY

# COMMERCE INTERNATIONAL


# စင်ကာပူကျန်းမာရေးမှတ်တမ်း တစ်သန်းခွဲကို ဟက်ကာတို့က တိုက်ခိုက်



ဝန်ကြီးချုပ် လီရှန်လွန်း၏ မှတ်တမ်းများအပါအဝင် စင်ကာပူနိုင်ငံသားများ၏ ကျန်းမာရေးမှတ်တမ်း ၁ ဒသမ ၅ သန်းကို ဟက်ကာများက ခိုးယူခဲ့ကြောင်းနှင့် ယခုတိုက်ခိုက်မှုမှာ စင်ကာပူနိုင်ငံခေါင်းဆောင်အား အဓိကရည်ရွယ်၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဇူလိုင် ၂၀ ရက်က အာဏာပိုင်တို့၏ ပြောကြားချက်ကိုကိုးကား၍ အေအက်ဖ်ပီ သတင်းတွင်ဖော်ပြသည်။

အစိုးရ၏ ဒေတာဘေ့စ်အတွင်းသို့ တမင်ပစ်မှတ်ထား၍ အစီအစဉ်တကျ ဆောင်ရွက်ကာ ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပြီး ယခုတိုက်ခိုက်မှုမှာ မကြုံစဖူးထူးကဲသော တိုက်ခိုက်မှုဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ပြောသည်။

"ဟက်ကာ တိုက်ခိုက်သူတွေက ဝန်ကြီးချုပ် လီရှန်လွန်းရဲ့ ပုဂ္ဂလိက အချက်အလက်တွေနဲ့ပြင်ပလူနာဆိုင်ရာ သတင်းအချက်အလက်တွေကို အထူးပစ်မှတ်ထားပြီး အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ပါတယ် "ဟု ကျန်းမာရေးဝန်ကြီး ဂန်ကင်ယောင်းက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ယခုဆောင်ရွက်မှုမှာ ခရီးသွားဟန်လွှဲ ဟက်ကာတွေ သို့မဟုတ် ရာဇဝတ်မှုကျူးလွန်တဲ့သူတွေရဲ့ တိုက်ခိုက်မှုမျိုးမဟုတ်ဘူးဟု သူကပြောသည်။

လုပ်ငန်း လှုပ်ရှားဆောင်ရွက်မှု လုံခြုံရေးကို အကြောင်းပြလျက် ဟက်ကာများကို ဖော်ထုတ်ပြောကြားရန် တာဝန်ရှိသူတို့က ငြင်းဆိုခဲ့သည်။ သို့သော် ဝန်ကြီးချုပ်၏ ဒေတာအချက်အလက် များကို အင်တာနက်ပေါ်တွင် တင်ပြခြင်းမရှိသေးကြောင်း သူတို့က ပြောကြားသည်။

"ဆိုက်ဘာ တိုက်ခိုက်သူတွေက ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာ တော့မသိပါဘူး။ နိုင်ငံတော်လျှို့ဝှက်ချက်ကို သူတို့ရှာတာလည်း ဖြစ်နိုင်ပါတယ်။ သို့မဟုတ် ကျွန်တော်စိတ်ကသိကအောက်ဖြစ်အောင် လုပ်တာလည်း ဖြစ်နိုင်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

"ကျွန်တော်ဆေးကုသမှု အချက်အလက်တွေအကြောင်း ကျွန်တော်က လူတွေကို ပြောပြလေ့မရှိပါဘူး။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှလည်း ကြောက်လန့်စရာမရှိပါဘူး"ဟု သူ၏ ဖေ့စ်ဘုတ်တွင် ရေးသားခဲ့သည်။

ဟက်ကာများက ကွန်ပျူတာ Malware ကို အသုံးပြုပြီး ဇွန် ၂၇ ရက်မှ ဇူလိုင် ၄ ရက်အတွင်း ဒေတာဘေ့စ်ကို ဝင်ရောက်ခဲ့သည်။ ထိုနောက်ပိုင်းမှသာ ကွန်ပျူတာစီမံခန့်ခွဲသူတို့က "ပုံမှန်မဟုတ်သော လှုပ်ရှားမှုများ"ကို စုံစမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်တို့က ပြောသည်။

ဝင်ရောက်ခိုးယူခံရသော ဒေတာအချက်အလက်များတွင် လူနာများကို ဆေးပေးသော ပုဂ္ဂလိကသတင်းအချက်အလက်များနှင့် ဆေးကုသချက်များ ပါဝင်သည်။ သို့သော်လည်း ဆေးကုသမှုမှတ်တမ်းများနှင့် ဆေးကုသချက်မှတ်စုများကို ထိခိုက်မှုမရှိခဲ့ကြောင်း ကျန်းမာရေးနှင့် ဆက်သွယ်ရေးဝန်ကြီးက ပြောသည်။

ဒေတာစနစ်အတွင်းသို့ ဝင်ရောက်သူများမှာ အလွန်ကျွမ်းကျင်ပြီး စိတ်ဆုံးဖြတ်ချက် ခိုင်မာပြတ်သားသူများဖြစ်ကြကြောင်းနှင့် သူတို့လက်ဝယ်တွင် ကြီးမားသော အရင်းအမြစ်များရှိနေသည့်အတွက် အလျှော့ပေးကြမည့်သူများမဟုတ်ကြောင်း ဝန်ကြီးချုပ်က ဖေ့စ်ဘုတ်တွင် သတိပေးရေးသားထားကြောင်း သိရသည်။

# တရုတ်နိုင်ငံ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအတွက် စွမ်းဆောင်မှု အရည်အသွေးမြှင့်တင်ရန် လိုအပ်

တရုတ်နိုင်ငံတွင် တိရစ္ဆာန်ပရိုတိန်းလိုအပ်ချက်မြင့်မားမှုနှင့် ကြွယ်ဝချမ်းသာမှု တိုးတက်လာခြင်းတို့ကြောင့် ကျွဲနွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းမှ ထုတ်လုပ်မှုသည် သုံးဆအထိမြင့်တက်လာခဲ့ကြောင်းနှင့် ထိုသို့မြင့်တက်လာမှုကြောင့် လယ်ယာလုပ်ငန်းများတွင် စွမ်းဆောင်ရည် အထိုက်အလျောက်မြင့်တက်ခဲ့သော်လည်း နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာ နယ်ပယ်တို့တွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် ထူးခြားသောဂယက်ရိုက်ခတ်မှုများရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ထိုသို့လိုအပ်ချက်မှာ ဆက်လက်မြင့်တက်မည့် အခြေအနေရှိသဖြင့် အပြည်ပြည်ဆိုင်ရာ သုတေသီအဖွဲ့တစ်ဖွဲ့သည် ပါဝင်ပတ်သက်နေသူအားလုံး၏ပါဝင်မှုဖြင့် ထုတ်လုပ်မှုအရည်အသွေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် လမ်းညွှန်အစီအစဉ်တစ်ရပ်ကို ရေးဆွဲရန်လေ့လာမှုများပြုလုပ်ခဲ့ပြီး တွေ့ရှိချက်များကို Science Advances စာစောင်တွင် ရေးသားတင်ပြခဲ့သည်။



"တရုတ်နိုင်ငံရဲ့ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းက အတိုင်းအတာပမာဏအရရော တိုးတက်မှုနှုန်းအရပါ အကြီးအကျယ်မြင့်တက်ခဲ့ပါတယ်"ဟု တရုတ်သိပ္ပံအကယ်ဒမီမှ တွဲဖက်ပါမောက္ခ ချောင်ဟိုင်ဘိုင်က ပြောသည်။

"မြစိမ်းရောင်တော်လှန်ရေး" ဟု လူသိများခဲ့သော အသီးအနှံထုတ်လုပ်မှုမြှင့်တင်ရေးနှင့် "တိရစ္ဆာန်မွေးမြူရေးတော်လှန်ရေး"တို့၏ အခြေအနေတို့ကို ဘိုင်ကနိူင်းယှဉ်တင်ပြထားသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာပေါ်တွင် အသားနှင့်နို့ထုတ်လုပ်မှု၏ ဈေးကွက်တန်ဖိုးသည် ဂျုံ၊ ဆန်စပါးနှင့် ပြောင်းထုတ်လုပ်မှုတန်ဖိုး မြင့်တက်မှုထက် နှစ်ဆပိုမိုခဲ့သည်။

တရုတ်နိုင်ငံတွင် အသား၊ နို့နှင့် ဥ တစ်ဦးကျ ပျမ်းမျှစားသုံးမှုတန်ဖိုးသည် ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ၃ ဒသမ ၉ ဆ၊ ၁၀ ဆနှင့် ၆ ဒသမ ၉ ဆအသီးသီး တိုးတက်ခဲ့ရာ ကမ္ဘာ့နေရာအသီးသီးရှိ တိုးတက်မှုထက်ပိုမိုခဲ့သည်။ ထိုကာလအတွင်း ကျွဲနွားတိရစ္ဆာန် ကောင်ရေမှာလည်း ၁၄၂ သန်းမှ ၄၄၁ သန်းအထိတိုးတက်ခဲ့သည်။ ထိုကဏ္ဍ၏စီးပွားရေးမှာလည်း တန်ဖိုးအားဖြင့် အဆ ၆၀ မြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပကို ကျော်တက်ကာ ကမ္ဘာ့အကြီးဆုံးတိရစ္ဆာန်ထုတ်လုပ်သူဖြစ်လာခဲ့ကြောင်း သိရသည်။

## Think Before You Throw
## အမှိုက်မပစ်ခင် တွေးတောဆင်ခြင်။

## အိန္ဒိယအရှေ့မြောက်ဒေသ ပြည်နယ်များ အာဆီယံနှင့် ပိုမိုဆက်ဆံရန်လိုကြောင်း မဂ္ဂါလာယာဝန်ကြီးချုပ်က ပြောကြား

ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးကို တိုးမြှင့်ရန် အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များသည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံဒေသနိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း မဂ္ဂါလာယာပြည်နယ်ဝန်ကြီးချုပ် ကွန်နတ်ကေဆန်းဂမားက ဇူလိုင် ၁၉ ရက်က ပြောကြားခဲ့သည်ကို ဘီဇနက်စတန်ဒတ်သတင်းတွင် ဖော်ပြသည်။

နယူးဒေလီမြို့တွင် ကျင်းပသော (၁၀) ကြိမ်မြောက် ဒေလီဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်ပြီး မဂ္ဂါလာယာပြည်နယ်သည် ရာသီမရွေး သွားလာနိုင်သော လမ်းများဖောက်လုပ်ခြင်းနှင့် လယ်သမားများတိုးတက်ရေးနှင့် ထုတ်လုပ်ရေးမြင့်တက်ရေးအတွက် ဈေးကွက်အချက်အချာဒေသများထုတ်လုပ်ရေး ဗဟိုဌာနများနှင့် ကျေးလက်ဒေသများနှင့် ဆက်သွယ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ဦးစားပေးအဖြစ် ဆောင်ရွက်နေကြောင်း သူကပြောသည်။

"ဒီဦးစားပေးကဏ္ဍတွေ တိုးတက်ရေးကိုဆောင်ရွက်ရာမှာ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် နည်းပညာလွှဲပြောင်းရေးစတဲ့လုပ်ငန်းတွေကို အစွမ်းကုန်ဆောင်ရွက်သွားဖို့လိုပါတယ်"ဟု ဆန်းဂမား၏ ပြောကြားချက်ကို ကိုးကား၍ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ဒေလီဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗွီကေဆင်း၊ အရှေ့မြောက်ပိုင်းပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ကို အာဆီယံဒေသနှင့် ဆက်သွယ်ရေးအတွက် မော်တော်ကားလမ်းများ၊ မီးရထားလမ်း၊ လေကြောင်းလမ်းများဖြင့် ဆက်သွယ်ရေးကလည်း ဖွံ့ဖြိုးမှုအတွက်အရေးပါကြောင်း သူကပြောကြားသည်။

စံမီအောင် စုစည်းသည်